# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၂၀၁၇ ခုနှစ်၊ မေ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၁၉)


### ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)




# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့်တွေ့ဆုံ

## မြန်မာနိုင်ငံကို ကူညီချင်လျှင် မြန်မာ့ယဉ်ကျေးမှုကို အခြေခံနားလည်ရမည်

လန်ဒန် မေ ၉

**ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လန်ဒန်မြို့ရှိ Landmark Hotel ၌ တွေ့ဆုံသည်။**

### ကြိုးစားသွားမည်

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံသားများအားလုံးနှင့် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့ကြသူအားလုံးကို မခွဲခြားဘဲ မိသားစုကဲ့သို့ မှတ်ယူပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီလမ်းစဉ်ကို စတင်လျှောက်လှမ်းစဖြစ်ပါကြောင်း၊ ပြည့်ဝသည့် ဒီမိုကရေစီမဟုတ်သေးသော်လည်း တစ်လှမ်းချင်းလှမ်းနေပါကြောင်း၊ လုံးဝပြည့်ဝသည့် ဒီမိုကရေစီဖြစ်အောင် နိုင်ငံသူ၊ နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်၊ အစိုးရတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းဆောင်ရွက်၍ မရပါကြောင်း၊ ပြည်သူတစ်ရပ်လုံးပါဝင်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကြီး အေးချမ်းအောင်၊ သာယာအောင်၊ တိုးတက်အောင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း။

### ကိုယ့်ယဉ်ကျေးမှုကို လေးစားရမည်

မိမိတို့နိုင်ငံအတွက် အရေးအကြီးဆုံးမှာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရှိဘဲ စစ်မှန်သည့် တိုးတက်မှုရေရှည်တွင် မရနိုင်ပါကြောင်း၊ အရေးအတွက်ရှိပြီးဖြစ်သည့်အတွက် အရည်အချင်းရှိအောင်

စာမျက်နှာ ၃ ကော်လံ ၁ ❁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်
(သတင်းစဉ်)

# ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)နှင့် တံတားပြတိုက် ဖွင့်ပွဲအခမ်းအနားကျင်းပ

**မော်လမြိုင် မေ ၉**

မြန်မာနိုင်ငံ၏ ပင်လယ်အစိတ်အပိုင်းတစ်ခုဖြစ်သည့် သံလွင်မြစ်ကို ဖြတ်သန်းပြီး မော်လမြိုင်မြို့နှင့် အဓိက ကျွန်းကြီးတစ်ကျွန်းဖြစ်သည့် ဘီလူးကျွန်းဒေသ ချောင်းဆုံမြို့ကို ဆက်သွယ်တည်ဆောက်ထားသော ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)နှင့် တံတားပြတိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တံတားတည်ဆောက်ရေးစီမံကိန်း မော်လမြိုင်ဘက်ကမ်းရှိ မဏ္ဍပ်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❄



ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်


KBZ BANK
STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ချေးငွေသတင်း အချက်အလက်ဌာန

ချေးငွေသတင်းအချက်အလက်ဌာန (Credit Bureau) ထူထောင်ခြင်းကို ဗဟိုဘဏ်က ခွင့်ပြုတော့မည်ဟု သိရှိရပါသည်။ ချေးငွေသတင်းအချက်အလက်ဌာနဟူသည် ချေးငွေရယူထားသော ပြည်သူတစ်ဦးချင်း၏ ချေးငွေပမာဏနှင့် ပေးဆပ်ရမည့်အတိုးတို့ကို ပုံမှန်ပေးအပ်ခြင်း ရှိ/မရှိ စသော ချေးငွေဆိုင်ရာ ကိုင်တွယ်ဆောင်ရွက်ပုံတို့ကို စုစည်းရယူ ထုတ်ပြန်ပေးသော အဖွဲ့အစည်းဖြစ်ပါသည်။ ချေးငွေရယူထားသူတစ်ဦး၏ ချေးငွေဆိုင်ရာ ကိုင်တွယ်ဆောင်ရွက်ပုံမှတ်တမ်းသည် အနာဂတ်ကာလ၌ အဆိုပါပုဂ္ဂိုလ်က ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ မည်သို့မည်ပုံ ဆောင်ရွက်မည်ကို ရည်ညွှန်းဖော်ပြနိုင်သောကြောင့် အရေးပါသောကိစ္စရပ်ဖြစ်ပါသည်။

ဘဏ်များအနေဖြင့် ဤကဲ့သို့သော ချေးငွေဆိုင်ရာ အချက်အလက်များ ရရှိထားပါက မချေးသင့်၊ မချေးထိုက်သော ပုဂ္ဂိုလ်တို့အား ချေးငှားမိရာမှ ကြွေးဆုံးဖြစ်မည်ကို ကာကွယ်နိုင်မည်ဖြစ်သကဲ့သို့ အမှန်တကယ် ချေးသင့်၊ ချေးထိုက်သော ပုဂ္ဂိုလ်တို့ကိုလည်း ချေးငွေထုတ်ပေးနိုင်မည်ဖြစ်ပါသည်။ တိုင်းပြည်စက်မှုကုန်ထုတ်လုပ်ငန်းတို့၏ အဓိကကျောရိုးဖြစ်သော အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းတို့၏ ပင်မလိုအပ်ချက်တစ်ရပ်သည် ချေးငွေလုံလုံလောက်လောက် ရရှိရေးဖြစ်ပါသည်။ သို့သော် လက်ရှိအခြေအနေ၌ အိုးအိမ်မြေယာကဲ့သို့သော မရွှေ့ပြောင်းနိုင်သောပစ္စည်းတို့ ပိုင်ဆိုင်မှသာ အဆိုပါ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းတို့ကို ချေးငွေထုတ်ပေးနိုင်သော အခြေအနေမျိုးဖြစ်နေပါသည်။ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသကဲ့သို့ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းတို့၏ အလားအလာနှင့် စွမ်းဆောင်ရည်အပေါ်မူတည်၍ ချေးငွေထုတ်ပေးနိုင်ရေး ဆောင်ရွက်ရာ၌ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ချေးငွေသတင်းအချက်အလက်များ ရရှိနိုင်ရေးသည် အရေးကြီးသော အခြေခံလိုအပ်ချက်ဖြစ်ပါသည်။

နိုင်ငံတကာ၌ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ချေးငွေပြန်လည်ပေးဆပ်နိုင်စွမ်း (တစ်နည်းအားဖြင့်ဆိုသော်) ထုတ်ချေးထားသော ငွေကြေးဆုံးရှုံးနိုင်မှုအလားအလာ အနည်းအများအပေါ်မူတည်၍ ဘဏ်များက အတိုးနှုန်းအနည်းအများ ခွဲခြားသတ်မှတ် ချေးငှားကြပါသည်။ သို့ဖြစ်ပါ၍ ကောင်းမွန်သော ချေးငွေဆိုင်ရာ မှတ်တမ်းရှိပါက အတိုးနှုန်းသက်သာနိုင်မည်ဖြစ်သောကြောင့် အတိုးငွေများ ဘဏ်သို့ ပုံမှန်ပေးအပ်နိုင်ရန် ကြိုးပမ်းလာကြမည်ဖြစ်ပါသည်။ ချေးငွေရယူထားသူအများစုက ဤသို့ ကြိုးပမ်းလာပါက ဘဏ်လုပ်ငန်းကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ဤအလားအလာကောင်း လက်တွေ့ဖြစ်မြောက်လာရေး ဆောင်ရွက်ရာ၌ ချေးငွေသတင်းအချက်အလက်များ ရရှိရေးသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။

ဤကဲ့သို့ အကျိုးများသော ချေးငွေသတင်းအချက်အလက်ဌာနတစ်ခု ထူထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ချေးငွေသတင်းအချက်အလက်ဆိုင်ရာ စင်ကာပူကုမ္ပဏီတစ်ခုတို့ ပူးပေါင်းလျက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လျှောက်ထားကြောင်း သိရှိရပါသည်။ အဆိုပါလျှောက်ထားမှုကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လပိုင်းအတွင်း စိစစ်ဆုံးဖြတ်ပေးမည်ဖြစ်ပြီး ခွင့်ပြုချက်ထုတ်ပေးပါက သက်ဆိုင်ရာအဖွဲ့အစည်းသည် တစ်နှစ်အတွင်း လုပ်ငန်းလည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျကျ လိုအပ်လျက်ရှိသော ချေးငွေသတင်းအချက်အလက်ဌာန ထူထောင်နိုင်စေမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆောင်ရွက်ချက်အပေါ် ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၀၁၆၆၇၀၁၊ ၀၉၄၂၀၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children    World Vision

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၉** - တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

## မျက်မမြင်သင်တန်းသားခေါ်ယူ

**ရန်ကုန် မေ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)နှင့် မျက်မမြင်ကျောင်း (စစ်ကိုင်း)တို့တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားလိုသော အိမ်ထောင်မရှိသူ မျက်မမြင်အမျိုးသား၊ အမျိုးသမီး (လူမျိုး ဘာသာမရွေး) လျှောက်ထားနိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

သင်တန်းတက်ရောက်ခွင့်ရရှိပါက သင်တန်းသား၏ စားဝတ်နေရေးအားလုံးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ရာ ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန် မလိုဘဲ လျှောက်လွှာများကို ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှစ၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၆၇၄၀၄၂၉၄၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း-၀၁၉၃၁၇၀၇၀၊ ၀၁၉၃၁၇၁၂၆ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၇၂၂၂၂၇၇၊ ၀၉၉၁၀၃၃၇၃၆ ၊ ၀၉၇၈၉၃၆၆၂၉၄ တို့ကို ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

# ကလေးသူငယ်အခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်ရန်လိုအပ်

**နေပြည်တော် မေ ၉**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု ပဉ္စမနှင့် ဆဋ္ဌမအကြိမ် ပူးတွဲအစီရင်ခံစာ(မူကြမ်း)အပေါ် အကြံပြုသုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လူ့အဖွဲ့အစည်းအတွင်း ကလေးသူငယ်များ၏ အကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်ပေးနိုင်ရန် လက်ရှိပြဋ္ဌာန်းထားသည့် ကလေးသူငယ်ဥပဒေ(၁၉၉၃)ကို ခေတ်ကာလနှင့်အညီဖြစ်စေရေး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲလျက်ရှိရာ မကြာမီပြဋ္ဌာန်းနိုင်မည် ဖြစ်ပါကြောင်း၊ ရှေ့ဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒကိုလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ရက်(၁၀၀) စီမံချက်တွင် လမ်းပေါ်နေ ကလေးသူငယ်များနှင့် တောင်းရမ်းစားသောက်သူကလေးများအတွက် ဆောင်ရွက်မည့်နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ပြီး ရက်(၁၀၀)အလွန်ခြောက်လ စီမံချက်တွင် အရွယ်မတိုင်မီ အလုပ်လုပ်နေရသည့် ကလေးများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း ကနဦးစီမံချက်ကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ထိုလေ့လာတွေ့ရှိချက်များအပေါ်မူတည်၍ လမ်းပေါ်နေကလေးများ တောင်းရမ်းစားသောက်သူများကိုစွက်ကို ဖြေရှင်းနိုင်ရန် ယခုမကြာမီ ထွက်ပေါ်လာမည့် ကလေးသူငယ်အခွင့်အရေးဥပဒေက အကျိုးပြုမည်ဖြစ်ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများ ပိုမိုဆောင်ရွက်လာနိုင်ခြင်းမှာ ယခင် ကုလသမဂ္ဂကွန်ဗင်းရှင်း အစီရင်ခံစာများနှင့်ပတ်သက်၍ ပူးပေါင်းအကောင်အထည်ဖော်နိုင်ခဲ့၍ဖြစ်ကြောင်း၊ ယခု ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံအဆင့် တင်သွင်းမည့် ပဉ္စမနှင့် ဆဋ္ဌမအကြိမ် ပူးတွဲအစီရင်ခံစာ(မူကြမ်း) အပေါ်လည်း အကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း၊ သို့မှသာ ကလေးသူငယ်အခွင့်အရေးများကို ပိုမိုထိရောက်စွာ မြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်၍ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ UNICEF (Myanmar) မှ Deputy Representative ဖြစ်သူ Mr. Paul Edwards က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ အစီရင်ခံစာရေးသားရေးအဖွဲ့ဝင်များနှင့် ကလေးသူငယ်အခွင့်အရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း    ၉-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၉ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ·၈၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၃ |
| တရုတ် | တစ်ယွမ် | ၁၉၆ ·၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၂ ·၈၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Rory Stewart တို့ တွေ့ဆုံဆွေးနွေးစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံခြားရေးနှင့် ဓနသဟာယ ရေးရာဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဝန်ကြီး Mr. Alok Sharma တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

❁ ရှေ့ဖုံးမှ

လုပ်ရမည်ဖြစ်ပါကြောင်း၊ နှလုံးရည်ပြည့်ဝအောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ အစိုးရသစ်အနေဖြင့် ပြည်သူအပေါ်တွင် မေတ္တာထားပြီး နိုင်ငံအပေါ်တွင် သစ္စာစောင့်သိပါကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပတွင် နေထိုင်သော်လည်း မိမိတို့သားသမီးများအား မြန်မာ့ယဉ်ကျေးမှု သိရှိအောင်နှင့် မြန်မာစကားကိုသင်ကြားပေးထားသင့်ပါကြောင်း၊ မြန်မာနိုင်ငံကို ကူညီချင်လျှင် မြန်မာ့ယဉ်ကျေးမှုကို အခြေခံနားလည်ရမည် ဖြစ်ပါကြောင်း၊ ကိုယ့်ယဉ်ကျေးမှုကို လေးစားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများက သိရှိလိုသည်များကို မေးမြန်းကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် လန်ဒန်မြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

မေ ၈ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးနှင့်ဓနသဟာယရေးရာဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဝန်ကြီး Mr. Alok Sharma နှင့် လန်ဒန်မြို့ရှိ ခေတ္တတည်းခိုနေသည့် Dorchester ဟိုတယ်၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စွမ်းရည်မြှင့်တင်မှုသင်တန်းများ ပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်**

ထို့နောက် မေ ၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Rory Stewart နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗြိတိန်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာ-ဗြိတိန်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်စွမ်းအင်ကဏ္ဍများ တိုးမြှင့်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးတင်ဝင်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့လွှတ်တော်ရုံး |
| (၂) ဦးကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၃) ဦးကိုကိုလွင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (၄) ဦးခင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

## မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၉**

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# နှစ်နိုင်ငံဆက်စပ်နေသည့် ရေပိုင်နက်အတွင်း လုံခြုံရေးဆိုင်ရာပူးပေါင်းလုပ်ဆောင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ် Admiral Na Arreenich အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်စပ်နေသည့် ရေပိုင်နက်အတွင်း လုံခြုံရေးဆိုင်ရာ ပူးပေါင်းလုပ်ဆောင်ရေးနှင့် HADR လုပ်ငန်းများတွင် အတွေ့အကြုံဖလှယ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံရေပိုင်နက်ကိုအသုံးချ၍ တရားမဝင်စီးပွားရေးလုပ်ကိုင်မှုများကို တားဆီးကာကွယ်ပြီး တရားဝင်စီးပွားရေးလုပ်ငန်းများအား ကူညီဆောင်ရွက်ရေး၊ ရေကြောင်းမှ မူးယစ်ဆေးဝါး သယ်ဆောင်မှုများကို ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး၊ Boat People နှင့် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရေတပ်ဆိုင်ရာ ဆေးပညာသင်တန်းများ၊ ဘာသာစကားသင်တန်းများနှင့် ချစ်ကြည်ရေးအားကစားပွဲများ လုပ်ဆောင်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Na Arreenich တို့ တွေ့ဆုံဆွေးနွေးစဉ်

# ရုပ်သံလွှင့်မီဒီယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi HIGUCHI အား ယနေ့ညနေ ၄ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး Mr. Chen Chen အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ Hinthar Media Corporation Co.,Ltd မှ CEO ဖြစ်သူ ဦးမင်းဗညားစန်းအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ The Irrawaddy မှ အယ်ဒီတာချုပ် ဦးအောင်ဇော်အား မွန်းလွဲ ၁ နာရီတွင် လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ရုပ်သံလွှင့်မီဒီယာကဏ္ဍရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များ၊ ရွှေ့လျားစာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် Shanti Volunteer နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံမှ National Institute of Information and Communications Technology (NICT) နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသည့် Machine Translation Project အကောင်အထည်ဖော်ဆောင်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ **(ဝဲပုံ)**

တရုတ်သံမှူးကြီး Mr. Chen Chen နှင့် တွေ့ဆုံစဉ် တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးနှင့် မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေးကိစ္စရပ်များ၊ People's Daily သတင်းစာ ရန်ကုန်ဗျူရို ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

Hinthar Media Corporation Co.,Ltd မှ CEO ဦးမင်းဗညားစန်းနှင့် တွေ့ဆုံစဉ် ဗိုလ်ချုပ်မှတ်တမ်းဗီဒီယို ရိုက်ကူးရေးကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ The Irrawaddy မှ အယ်ဒီတာချုပ် ဦးအောင်ဇော်နှင့်တွေ့ဆုံစဉ် အွန်လိုင်းမီဒီယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# မြစ်သာရေလှောင်တမံ၏ အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ဖွင့်

**နေပြည်တော် မေ ၉**

မြစ်သာရေလှောင်တမံ၏ အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင် ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် ညနေပိုင်းက အဆိုပါရေလှောင်တမံ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားကို ပြည်ထောင်စုဝန်ကြီးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တမံအတွင်း ရေသိုလှောင်ထိန်းသိမ်းထားရှိမှုနှင့် ရေအားလျှပ်စစ်ထုတ်လွှတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ပညာရှင်များက ရှင်းလင်းပြသကြသည်။

မြစ်သာရေလှောင်တမံသည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာမြစ်ပေါ်တွင် တည်ဆောက်ထားသော အလျားပေ ၃၀၇၀၀၊ အမြင့် ၂၀၅ ပေရှိ မြေသားတမံအမျိုးအစားဖြစ်ကာ စိုက်ပျိုးမြေဧက ၁၂၀၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ရေအားလျှပ်စစ် ၂၀ မဂ္ဂါဝပ်နှစ်လုံးမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို ဂန့်ဂေါဒေသ၊ ကလေးဒေသနှင့် ဟားခါးဒေသများသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။ ပိုလျှံဓာတ်အားများကို ပေါက်မြို့နယ် ချောင်းကူးဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်၍ နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်ကို အထောက်အကူပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

မေ ၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိုင်မြို့နယ် ထန်းရင်းကုန်းကျေးရွာတွင် SRI နည်းဖြင့် စိုက်ပျိုးအောင်မြင်နေသော မနောသုခမျိုးသန့်စိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မြိုင်မြို့နယ် ပေါက်ခေါင်းကျေးရွာ၊ ရေစကြိုမြို့နယ် တောင်ဦးကျေးရွာ၊ အညာတောကျေးရွာနှင့် ထန်းငယ်တောကျေးရွာတို့တွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝေခြင်း အစီအစဉ်ဖြင့် လေးလက်မ စက်ရေတွင်းများ တူးဖော်ပြီးစီးမှုနှင့် ထွက်ရှိလာသော ရေများသည် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေအရည်အသွေးအဆင့်မီမှု ရှိ / မရှိ ဓာတ်ခွဲစမ်းသပ်မှုရလဒ်များကို စစ်ဆေးကြည့်ရှုပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဒေသခံများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ပန်းတိုင်းခြံကျေးရွာ သောက်သုံးရေကန်တူးဖော်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာက ရှင်းလင်းပြသ၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝေခြင်းအစီအစဉ်ဖြင့် လေးလက်မစက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးခဲ့သည့်အတွက် ပေါက်ခေါင်းကျေးရွာရှိ အိမ်ခြေ ၂၈၀၊ တောင်ဦးကျေးရွာရှိ အိမ်ခြေ ၄၈၄ အိမ်၊ အညာတောကျေးရွာရှိ အိမ်ခြေ ၃၀၀ နှင့် ထန်းငယ်တောကျေးရွာရှိ အိမ်ခြေ ၁၅၀ တို့၏ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**





# ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးလဲလှယ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဂျပန်နိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Tateshi HIGUCHI နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ပညာသင်ဆုပေးအပ်ရေးစီမံချက် အကောင်အထည်ဖော်ရန်အတွက် ဂျပန်ယန်း သန်း ၆၁၀ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါ စာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်ပညာရပ်များကို လေ့လာသင်ယူနိုင်ရန် ပညာသင်များ ပိုမိုစေလွှတ်နိုင်မည့် အခွင့်အလမ်းများရရှိမည်ဖြစ်ပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❇ ကျောဖုံးမှ

လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများ၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဆပ်ကော်မတီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို National Road Safety Action Plan (2014- 2020) နှင့် အညီ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ခဲ့မှုများအပေါ် ပြန်လည်သုံးသပ်နိုင်ရန်နှင့် ပိုမိုတိုးတက်အောင်မြင်စေမည့် ရှေ့လုပ်ငန်းစဉ်များ၊ နည်းလမ်းများနှင့် အစီအမံများကို ဖော်ထုတ်နိုင်ရန် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) အတွက် ယာဉ်မတော်တဆဖြစ်ပွားမှုများနှင့် အဆိုပါမတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရမှုများနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းသွားစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အဆိုပါဖြစ်စဉ်များ လုံးဝပပျောက်သွားစေရန် စီမံအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူများပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မည့်လုပ်ငန်းဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ဖြစ်ပွားမှုများသည် လွန်စွာကြီးမားသည့် ခြိမ်းခြောက်မှုအဖြစ် တဖြည်းဖြည်းကြီးထွားလျက်ရှိပြီး အဆိုပါကြီးထွားမှုကို ဟန့်တားထိန်းချုပ်နိုင်ရန် ကမ္ဘာတစ်ဝန်းလုံး၌ Road Safety ကိစ္စရပ်ကို အထူးအလေးအနက်


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ

ထား ဆောင်ရွက်လာကြပါကြောင်း၊ မြန်မာနိုင်ငံ၌လည်း National Road Safety Action Plan (2014- 2020) ကို ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက တစ်ကမ္ဘာလုံးဆိုင်ရာ (Decade of Action For Road Safety 2011- 2020)ကို အကောင်အထည်ဖော်ဆောင်ရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု၊ ပိုမိုအန္တရာယ်ကင်းသော လမ်းများနှင့် ယာဉ်သွားလာမှု၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ၊ ပိုမိုအန္တရာယ်ကင်းသည့် လမ်း အသုံးပြုသူများ၊ ယာဉ်တိုက်မှုဖြစ်ပြီးလျှင်ပြီးချင်း တုံ့ပြန်ဆောင်ရွက်မှုစသည့် မဏ္ဍိုင်ကြီးငါးရပ်ကို ချမှတ်ထားပါကြောင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေဖြင့်လည်း အဆိုပါ မဏ္ဍိုင်ကြီးငါးရပ်ကိုအခြေပြု၍ Road Safety လုပ်ငန်းစဉ်များကို ဖော်ထုတ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် လမ်းအသုံးပြုသူများကို လေ့ကျင့်ပညာပေးခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ ခိုင်ခိုင်မာမာပြဋ္ဌာန်းခြင်း၊ စည်းကမ်းလိုက်နာရန်တွန်းအားပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မော်တော်ယာဉ်များ အသုံးပြုမှုနှင့်ကြံ့ခိုင်မှုစနစ်တကျစစ်ဆေးကြပ်မတ်ရေးနှင့် လုံခြုံရေးအစီအစဉ်များ ပြည့်စုံစွာတပ်ဆင်ရေးတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့အတူ လမ်းဒီဇိုင်းမှန်ကန်ရေး၊ လမ်းများကို စံချိန်စံညွှန်းကိုက်ညီရန် တည်ဆောက်ရေးနှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းရေး စသည့်လုပ်ငန်းစဉ်များကို မဖြစ်မနေ မပျက်မကွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီများဖွဲ့စည်းနိုင်ခဲ့ပြီး Action Plan ပါ လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် နိုင်ရေးအတွက် Road Safety Task Force များကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရှင်းလင်းတင်ပြချက်များအပေါ် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လေ့လာသုံးသပ်ပြီး အတွေးသစ်၊ အကြံသစ်၊ ဉာဏ်သစ်များကို အခြေခံကာနိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် ကိုက်ညီဆီလျော်သည့် လုပ်ငန်းစဉ်သစ်များဖော်ထုတ်နိုင်ရေးနှင့် အဆိုပါ


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

လုပ်ငန်းစဉ်များအောင်မြင်ရန် ထိရောက်လျင်မြန်အောင်မြင်စေနိုင်မည့် နည်းလမ်းကောင်းများ ရရှိနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း၊ Road Safety နှင့် ပတ်သက်၍ အဓိက တာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအနေဖြင့် အလေးအနက်ထားကြိုးပမ်းအားထုတ်ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးသည် ပြည်သူလူထု ပူးပေါင်းပါဝင်မှုသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်သည့်အတွက် ပြည်သူလူထုကိုအသိပညာပေးစည်းရုံးပြီး ပြည်သူလူထုတက်ကြွနိုးကြားစွာ ပူးပေါင်းပါဝင်လာစေရန် ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ အတွင်းရေးမှူးများက ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများက တိုင်းဒေသကြီးနှင့်ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက Suu Foundation နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ သုံးသပ်ဖော်ထုတ်ချက်များနှင့် Suu Foundation Report ပါ အကြံပြုချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် တာဝန်ယူဆောင်ရွက်မည့်ဌာန၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ အထွေထွေ ဆွေးနွေးကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ Road Safety Fund တစ်ရပ်ထူထောင်နိုင်ရန် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းပြီး စနစ်တကျသုံးစွဲနိုင်ရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာအဆင့် ကျောင်းသားကျောင်းသူများအား လမ်းအန္တရာယ်အသိပညာပေးနိုင်ရန် သက်ဆိုင်ရာဆပ်ကော်မတီနှင့် ဝန်ကြီးဌာနများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

(သတင်းစဉ်)


ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတရှီဟီဂူချီအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

## ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်း ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၉**

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ် Admiral Na Arreenich အား ယနေ့ ညနေပိုင်းတွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံနှစ် (၅၀)ပြည့် အထိမ်းအမှတ်အနေဖြင့် အာဆီယံနိုင်ငံများနှင့် အခြားနိုင်ငံများပါဝင်သော International Fleet Review – 2017 သို့ မြန်မာ့တပ်မတော်ရေမှ အရာရှိ၊ စစ်သည်များနှင့် စစ်ရေယာဉ်များပါဝင်၍ ရေတပ်လေ့ကျင့်ခန်းများ ဆောင်ရွက်ရေးနှင့် သင်တန်းသားစေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးကြသည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အစည်းအဝေးတက်ရန် ကမ္ဘောဒီးယားသို့ ထွက်ခွာ

**ရန်ကုန် မေ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၀ ရက်မှ ၁၂ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် “World Economic Forum on ASEAN” သို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ဖနောင်ပင်မြို့သို့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ရောက်ရှိကြသည်။

အဆိုပါ “World Economic Forum on ASEAN”သို့ အာရှပစိဖိတ်ဒေသမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ စီးပွားရေးထိပ်သီးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၉**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတရှီဟီဂူချီနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံအနာဂတ်အတွက် ရေရှည်အကျိုးဖြစ်ထွန်းနိုင်မည့် ကဏ္ဍများ၏ အလားအလာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကိုကိုနိုင်၊ ဦးစံရွှေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ဝန်ထမ်းများလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

**ရန်ကုန် မေ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးအတွက် ပညာရေးနှင့်လေ့ကျင်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဘဏ္ဍာရေးနှစ်အလိုက် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ဖွင့်လှစ်သည့် သင်တန်းများမှာ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၆၆)၊ အဆင့်မြင့်စက်ချုပ်နည်းပြ သင်တန်းအမှတ်စဉ်(၃၁)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၉၈)နှင့် လက်ကိုင်ဖုန်းပြုပြင်နည်း သင်တန်းအမှတ်စဉ်(၁)တို့ဖြစ်ပြီး သင်တန်းများဖွင့်ပွဲကို မေ ၈ ရက်က ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းများဖွင့်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်တက်ရောက် မိန့်ခွန်းပြောကြားသည်။ သင်တန်းကာလမှာ မေ ၈ ရက်မှ ဇူလိုင် ၂၈ ရက်ထိ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၆၂ ဦး တက်ရောက်ကြောင်း သိရသည်။ ဖွင့်လှစ်ခဲ့သည့် သင်တန်းများမှ သင်တန်းဆင်းဝန်ထမ်းပေါင်း ၁၃၅၄၈ ဦးရှိကြောင်းနှင့် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

ဗထူး

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီစည်းဝေးများ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် မေ ၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံလုပ်ငန်းကော်မတီ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ ရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ သတ်မှတ်နေရာ အသီးသီးတွင် အောင်မြင်စွာ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ အစုအဖွဲ့၊ အနိုင်ရနိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

**အခြေခံမူများ**

နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ အစည်းအဝေးကို သတ်မှတ်နေရာ၌ ကျင်းပရာ ဦးခင်ဇော်ဦးနှင့် ဒေါက်တာလျန်မှုန်းဆာခေါင်းတို့က ဦးဆောင်၍ ဒုတိယဗိုလ်မှူးကြီးဝင်းမြိုင်၊ ဦးဌေးဝင်းအောင်၊ ဦးအောင်လွင်ဦး၊ ဒေါက်တာ စိုင်းဦး၊ စောအယ်ကလူစေး၊ စောစံငြိမ်းသူ၊ စောကူးကူ၊ ဦးဇမ်ဇမုန်၊ စိုင်းဘိုးအောင်၊ ဒေါက်တာတူးဂျာနှင့် ဦးအောင်ကြည်ညွန့်တို့က နိုင်ငံရေးဆိုင်ရာ အခြေခံမူများအား ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ဗိုလ်မှူးချုပ် တင်အောင်၊ ဗိုလ်မှူးချုပ် လှသန်းမောင် **ကိုယ်စား**

**ရွေးချယ်နိုင်ရေး**

ထို့ပြင် **စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးလှမောင်ရွှေနှင့် မင်းကျော်ဇေယျာဦးတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ်သိုက်စိုး၊ မိကွန်ချမ်း၊ ဆလိုင်းထလာဟေး၊ ပဒိုစောတာဒိုမူး၊ စိုင်းလျန်း၊ ခွန်တင်ရွှေဦး၊ ဦးထွန်းနိုင်၊ ဦးသိန်းထွန်းနှင့် ဦးမားကိုစ်တို့က စီးပွားရေးကဏ္ဍသို့ တင်သွင်းခဲ့သည့် စာတမ်းရှစ်စောင်ထဲမှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သို့ တင်သွင်းရမည့် မူဝါဒဆိုင်ရာများကို ရွေးချယ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

**ဆက်လက်ဆွေးနွေး**

အလားတူ **လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်း ကော်မတီ၌ ဦးဇော်ဌေး၊ ဦးစိုင်းလနှင့် ဦးနိုင်ငံလင်းတို့က ဦးဆောင်၍ ဗိုလ်ချုပ်နေလင်း၊ ဒေါ်ဇင်မာအောင်၊ ဦးနိုင်ဆွေဦး၊ ဒေါက်တာ စန်းစန်းအေး၊ စောဆဲဗွယ်၊ ခွန်သောမက်စ်၊ ဒေါ်အေးသီတာမြင့်၊ ဦးတင်ဆွေ၊ ဦးဆမ်းဆောင်ကားနှင့် ဦးရွှေမင်းတို့က ကရင်ပြည်နယ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ တင်သွင်းလာသည့် စာတမ်းများအား ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**လုံခြုံရေးဆိုင်ရာ**

အလားတူ **လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဦးမျိုးဝင်းနှင့် တာလုဖေတို့က ဦးဆောင်၍ ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဦးကျော်ကျော်ဟန်၊ ပဒိုစောတာမူလာ၊ ပူးထက်နီ၊ ခွန်ဥက္ကာ၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးစော ထွန်းအောင်မြင့်၊ ဦးမြင့်နိုင်နှင့် ဒေါ်နန်းခင်စိန်မြင့်တို့က ကာကွယ်ရေးဆိုင်ရာ အခြေခံမူများနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခဲ့ကြသည်။



မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပစဉ်

**ဖက်ဒရယ်စနစ်**

ထို့အတူ **မြေယာနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးအောင်စိုးနှင့် ခွန်မြင့်ထွန်းတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ် အောင်သိန်းဦး၊ ဦးစိုးဝင်း၊ ဦးဇော်မင်းလတ်၊ ဒေါက်တာဝါဝါမောင်၊ ဦးဆန်နီ၊ စောဒဲနရယ်၊ ဒေါ်ဒွဲဘူ၊ ဦးလှခိုင်၊ ခွန်ထွန်းရွှေနှင့် ဦးအိုက်ဆောတို့က ဖက်ဒရယ်စနစ်နှင့် သက်ဆိုင်သော မြေယာမူဝါဒများအား ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ၏ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးများကို မေ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

---

# အမြင်မတူညီတဲ့ အကြံပေးချက်၊ အဆိုပြုချက်တွေကို အားလုံးညှိနှိုင်း တူညီအောင်ကြိုးစားပြီးဆောင်ရွက်ပါတယ်

**ဒေါက်တာ လျန်မှုန်းဆာခေါင်း**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံလုပ်ငန်း ကော်မတီအစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက်ပါဝင်ဆွေးနွေးကြသူများ၏ စကားသံများကို တင်ပြလိုက်ရပါသည်။**



ဒေါက်တာ လျန်မှုန်းဆာခေါင်း



ဦးလှမောင်ရွှေ



တာလုဖေ

**ဒေါက်တာ လျန်မှုန်းဆာခေါင်း**
**(နိုင်ငံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ)**

နိုင်ငံရေးကဏ္ဍအနေနဲ့ဆွေးနွေးပွဲက တော်တော်လေးအဆင်ပြေပါတယ်၊ ပြီးခဲ့တဲ့ အစည်းအဝေးမှာ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ငါးနေရာမှာ ကျင်းပပါတယ်။ အဲ့ဒီ ငါးနေရာက တက်လာတဲ့စာတမ်းတွေရော တပ်မတော်တင်သွင်းတဲ့ စာတမ်းနဲ့စာတမ်းချုပ်ပေါ်မှာအခြေခံပြီး ကျွန်တော်တို့ ဆွေးနွေးတယ်။ နောက်ပြီး နိုင်ငံရေးပါတီကတက်လာတဲ့ စာတမ်းတွေကိုလည်း ကျွန်တော်တို့ ထည့်သွင်းဆွေးနွေးပါတယ်။ အခြေခံမူတစ်ခုချင်းစီကနေ အကြံပေးချက်တွေ၊ အဆိုပြုချက်တွေက တော်တော်များတယ်။ တချို့နေရာတွေမှာ အမြင်မတူညီတာတွေလည်းရှိပါတယ်။ အားလုံးညှိနှိုင်းပြီးတော့ တူညီအောင်ကြိုးစားပြီး ဆောင်ရွက်ပါတယ်။ လုပ်ငန်းကော်မတီရဲ့အကြံပေးချက်တွေကို UPDJC ကိုတင်လိုက်ပါတယ်။ လာမယ့် ၁၂ ရက်နေ့မှာ UPDJC အစည်းအဝေးကျင်းပမှာ ဖြစ်ပါတယ်။ နောက်ပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပတဲ့အခါမှာ ဆုံးဖြတ်ချက်တွေထွက်လာပါတယ်။ ထွက်လာတဲ့ ဆုံးဖြတ်ချက်တွေကို ကဏ္ဍအလိုက်ခွဲပေးလိုက်တယ်။ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုပြီးခွဲပေးပြီး ဆွေးနွေးပါတယ်။ ဒီလိုခွဲပြီးတော့ လုပ်ငန်းကော်မတီက စိစစ်ပြီးတော့ အဆိုပြုလွှာအဖြစ်နဲ့ တင်သွင်းမှာ ဖြစ်ပါတယ်။

**ဦးလှမောင်ရွှေ**
**(စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေးကျင်းပဖို့ ပြင်ဆင်နေတဲ့အချိန်မှာ စီးပွားရေးကဏ္ဍအနေနဲ့ ကော်မတီဝင် ၁၅ ယောက်လုံးက ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့တယ်။ လုပ်ငန်းကော်မတီမှာ တင်သွင်းလာတဲ့ စုစုပေါင်း စာတမ်း ရှစ်ခုပေါ်မှာ အခြေခံပြီးတော့ ဒီငြိမ်းချမ်းရေးညီလာခံမှာ တင်သွင်းနိုင်ဖို့အတွက် အဆိုပြုချက်တွေကို ဆောင်ရွက်နေပါတယ်။ ဒီနေ့ ညနေပိုင်းမှာတော့ ညီလာခံကို UPDJC ကတစ်ဆင့် တင်သွင်းမယ့် အချက်တွေ ထွက်လာပါလိမ့်မယ်၊ အထူးသဖြင့်တော့ လာမယ့် မေ ၂၄ ရက်တွင် ပြုလုပ်မယ့် ညီလာခံမှာ ကျွန်တော်တို့ နိုင်ငံရဲ့ ပိုကောင်းမယ့် နိုင်ငံတည်ဆောက်ရေး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အထောက်အကူပြုမယ့် စီးပွားရေးဆိုင်ရာအချက်တွေကို တင်သွင်းဖို့ လုပ်နေပါတယ်။

ကျွန်တော်တို့ ဒီနေ့သုံးရက်တာ လုပ်နေတာတော့ လုပ်ငန်းကော်မတီရဲ့ အစည်းအဝေးတွေ လုပ်နေတာဖြစ်ပါတယ်။ မနက်ဖြန်မှာ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးတွေ စပါတော့မယ်၊ ဒီအတွင်းရေးမှူးအဖွဲ့အစည်းအဝေးတွေကလည်း လက်ရှိအနေအထားတွေကို အားလုံးစုစည်းပြီး ၁၂ ရက်မှာ ကျင်းပမယ့် UPDJC ခေါင်းဆောင်များအစည်းအဝေးကို ကျွန်တော်တို့ တင်ပြရမှာ ဖြစ်ပါတယ်။ အဆုံးအဖြတ် ကတော့ UPDJC က နောက်ဆုံးဖြစ်ပြီး ညီလာခံနဲ့ ပတ်သက်တဲ့ ဖြေကြားမှုတွေ ဘယ်သူတွေတက်ရောက်မယ်၊ ဘယ်လိုပုံစံနဲ့ ဆွေးနွေးကြမယ်၊ ဘယ်လို ပုံစံနဲ့ အဆုံးအဖြတ်ပေးမယ်ဆိုတာကို မေ ၁၂ ရက်မှာ လုပ်မယ့် UPDJC အစည်းအဝေးက နောက်ဆုံး ဆုံးဖြတ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ မျှော်လင့်တာကတော့ မေ ၂၄ ရက်တွင် ကျင်းပမယ့် ညီလာခံကတော့ ကောင်းမွန်တဲ့ရလဒ်တွေ ထွက်လာမယ်လို့တော့ ကျွန်တော်ကတော့ တိတိကျကျယုံကြည်ပါတယ်။

**တာလုဖေ**
**(လုံခြုံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ)**

ကျွန်တော်တို့ လုံခြုံရေးလုပ်ငန်းကော်မတီအနေနဲ့က ဆုံးဖြတ်ချက်မူဝါဒရယ်လို့ အတိအကျတင်ပြနိုင်မှာ မဟုတ်သေးပါဘူး။ ကျွန်တော်တို့ တင်ပြချက်တွေ ဆွေးနွေးချက်တွေကို မှတ်တမ်းတင်ထားတဲ့အဆင့်ပဲ ရှိပါသေးတယ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်ကြားဖူးတဲ့ စကားပုံနဲ့ပြောရမယ်ဆိုရင်တော့ ခြေလှမ်းစလိုက်တာနဲ့ ပန်းတိုင်ကို ၅၀ ရာခိုင်နှုန်း ချဉ်းကပ်မိပြီဆိုတဲ့ စကားပုံလိုပဲ သုံးသပ်ချင်ပါတယ်။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို ကိုယ်တိုင်လည်းပါဝင်ပတ်သက်နေတယ်။ အားမရဘူးဆိုပေမယ့် ကျွန်တော်တို့ ရပ်နေတာနဲ့စာရင် လျှောက်နေတဲ့အပေါ်မှာတော့ ဒါဟာ သက်ရောက်မှုတစ်ခုတော့ ဖြစ်လာလိမ့်မယ်၊ အဲဒီအတွက် ကောင်းကျိုးချမ်းသာတော့ ခံစားရလိမ့်မယ်လို့ ထင်ပါတယ်။

**တွေ့ဆုံမေးမြန်း- အောင်ရဲသွင်၊ မီမွှေးသန့်**
**ဓာတ်ပုံ- အေးသန်း(သတင်းစဉ်)**

---

# ရန်ကုန်မြို့ရှိ အဓိကလမ်းမကြီးများတွင် SpeedoMeter များ တပ်ဆင်မည်



**ရန်ကုန် မေ ၉**

သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်မောင်းနှင်သော ယာဉ်မောင်းများကို စစ်ဆေးအရေးယူနိုင်ရန် မော်တော်ကား မြန်နှုန်းတိုင်းတာရေး ကိရိယာ (SpeedoMeter) များ ရန်ကုန်မြို့ အဓိကလမ်းမကြီးများ၌ မကြာမီတပ်ဆင်သွားမည်ဖြစ်ကြောင်း ရန်ကုန်အနောက်ပိုင်းခရိုင် အမှတ်(၇)ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့ခွဲမှူး ယာယီရဲမှူးမျိုးအောင်မြင့်က ပြောသည်။

"ယာဉ်မောင်းတွေအနေနဲ့ ရန်ကုန်မြို့ထဲမှာဆိုရင် ၄၈ ကီလိုမီတာ (မိုင် ၃၀)ထက်ပိုမောင်းလို့မရပါဘူး။ မြို့ပြင်မှာကတော့ ကီလိုမီတာ ၉၀ အထိ မောင်းလို့ရပါတယ်။ အဲဒီတော့ မြို့ထဲမှာ များသောအားဖြင့် အရှိန်နှုန်းသတ်မှတ်ထားတဲ့ အရှိန် ၄၈ ကီလိုမီတာထက်ကျော်လွန်ပြီး မောင်းနေကြတဲ့အတွက် ယာဉ်မတော်တဆမှုတွေများပြားလာနေတာ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ယာဉ်ထိန်းတပ်ဖွဲ့က သတ်မှတ်တဲ့အရှိန်နှုန်းထက် မောင်းနှင်နေတဲ့ယာဉ်မောင်းတွေကို စစ်ဆေးအရေးယူဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အဓိက ကတော့ နည်းပညာအထောက်အကူပြု ပစ္စည်းတွေလိုအပ်ပါတယ်။ ဒါကြောင့်မို့ သတ်မှတ်အရှိန်လွန်မောင်းနှင်တဲ့ ယာဉ်မောင်းတွေကို စစ်ဆေးအရေးယူနိုင်ဖို့ SpeedoMeter တွေ ရန်ကုန်မြို့ရဲ့အဓိကလမ်းမကြီးတွေမှာ တပ်ဆင်သွားမှာ ဖြစ်ပါတယ်"ဟု ယာယီရဲမှူးမျိုးအောင်မြင့်က ပြည်သူ့ဥယျာဉ်၌ မြန်မာနိုင်ငံ ယာဉ်လမ်း အန္တရာယ်ကင်းရှင်းရေးအဖွဲ့က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် ကုလသမဂ္ဂယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး သီတင်းပတ်ဖွင့်လှစ်ခြင်း အခမ်းအနားတွင် ပြောကြားသည်။

သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်မောင်းများအား Speedo-Meter မှရရှိသော အချက်အလက်များအရ ချက်ချင်းချလန်ဖြတ်၍ မော်တော်ယာဉ်ဥပဒေနှင့်အညီ တရားရုံးစွဲတင် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် ငွေကျပ် ၃၀၀၀၀ ဒဏ်ရိုက်မည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ့ရေဝပ်ဒေသများ တိုးချဲ့ထိန်းသိမ်းခြင်း-မုတ္တမပင်လယ်ကွေ့၏ တစ်စိတ်တစ်ဒေသအား မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ရမ်ဆာဒေသ (Ramsar Site) အဖြစ် သတ်မှတ်

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံသည် တစ်မူထူးခြားသည့် ရေဝပ်ဒေသ(Wetland) များတည်ရှိရာ နိုင်ငံဖြစ်သည့်အလျောက် တောင်တန်းရေဝပ်ဒေသများမှသည် ကြီးမားသော ရေချိုရေဝပ်ဒေသများ၊ ကန်ကြီးများနှင့် ဒီရေတော၊ ရွှံ့နွံလတာပြင်နှင့် သန္တာကျောက်တန်းကဲ့သို့သော ကမ်းရိုးတန်းရေဝပ်ဒေသများအထိ စုံလင်စွာရှိသည်။ ထိုထူးခြားလှသည့် ဂေဟစနစ်များသည် လူသားတို့ မှီခိုအားထားနေရသော အစားအစာမျိုးစုံနှင့် ရေကို ထောက်ပံ့ပေးစွမ်းနိုင်သည့်အပြင် ရေကြီးရေလျှံသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်းနှင့် ၎င်းဒေသတွင်းရှိ အသက်မွေးဝမ်းကျောင်းနှင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုသည့် အခြားသော အရာဝတ္ထုများနှင့် ဝန်ဆောင်မှုများစွာကိုလည်း ပံ့ပိုးပေးသည်။

ရေဝပ်ဒေသဆိုသည်မှာရွှံ့နွံတောများ၊ ပုပ်သိုးဆွေးမြည့်နေသည့် သစ်ရွက်များပါရှိသည့် မြေများ၊ သဘာဝ(သို့) လူသားတို့ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသည့် ရေများ၊ ယာယီ (သို့) ထာဝရတည်ရှိနေသောရေများ၊ ရေသေ (သို့) စီးဆင်းနေသောရေများ၊ ရေချို (သို့) ရေငန်နှင့် ဒီရေကျချိန်တွင် ခြောက်မီတာထက်မနက်သော ပင်လယ်ဒီရေတောနှင့် လတာပြင်များကို ခေါ်ဆိုသည်။

## ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရ

ရေဝပ်ဒေသဂေဟစနစ်သည် သက်ရှိများနှင့် သဘာဝဝန်းကျင်အတွက် အကျိုးကျေးဇူးများစွာ ပေးနေသော်လည်း အမှတ်မထင် သို့မဟုတ် မသိကျိုးကျွန်ပြုသည့် အနှောင့်အယှက်များစွာနှင့် ရင်ဆိုင်နေရသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ၁၉၇၀ မှ ၂၀၀၈ ခုနှစ်အတွင်း ၄၀ ရာခိုင်နှုန်းသော ရေဝပ်ဒေသများ ပျောက်ဆုံးသွားသည်ကို ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention on Biological Diversity)မှ ရေဝပ်ဒေသ ၁၀၀၀ အား နမူနာလေ့လာမှုအရ တွေ့ရှိခဲ့သည်။ သုတေသနအရ ၁၉၈၀ မှ ၂၀၁၀ ပြည့်နှစ်အတွင်း ရေချို

ကွန်ဗင်းရှင်းသည် ကမ္ဘာတွင် အရင်ဦးဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီမှုတစ်ခုဟု ဆိုနိုင်သည်။ ထိုဆွေးနွေးမှုများအရ ဤကွန်ဗင်းရှင်းကို ၁၉၇၁ ခုနှစ် အီရန်နိုင်ငံ ရမ်ဆာမြို့၌ အတည်ပြုနိုင်ခဲ့သည့်အတွက် ရမ်ဆာကွန်ဗင်းရှင်းဟု အမည်ပေးခဲ့သည်။

ဤကွန်ဗင်းရှင်းသည် ရေဝပ်ဒေသများအား အမြော်အမြင်ရှိရှိ အသုံးချခြင်းဖြင့် ကာကွယ်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုတစ်ခုဖြစ်သည်။ထိုကွန်ဗင်းရှင်းမှတစ်ဆင့် နိုင်ငံတကာအဆင့် အရေးပါသည့် ရေဝပ်ဒေသသတ်မှတ်နိုင်ရေးအတွက် စံချိန်စံညွှန်းများကို ချမှတ်ထားရှိခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများမှ ထိုစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ရေဝပ်ဒေသများကို ဖော်ထုတ်၍ ရမ်ဆာဒေသ (Ramsar Site)အဖြစ် တရားဝင်သတ်မှတ်ရသည်။ ရမ်ဆာဒေသအဖြစ် အသိအမှတ်ပြုထားသည့် ဒေသများကို ထိုဒေသအား မှီခိုနေကြသည့် ဒေသခံများနှင့် ပူးပေါင်းကာ ထာဝစဉ်တည်တံ့စေသော အသုံးပြုမှုပုံစံဖြင့် စီမံအုပ်ချုပ်သွားမည်ဟုလည်း ကတိကဝတ်ပြု ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်။

## ရမ်ဆာဒေသများအဖြစ် သတ်မှတ်

ယခုအခါ ကမ္ဘာပေါ်ရှိရေဝပ်ဒေသ ၂၂၀၀ ကျော်အား ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်နိုင်ခဲ့ပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများကို ရမ်ဆာဒေသများအဖြစ် သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။

၂၀၁၇ ခုနှစ် မေ ၁၀ ရက်တွင်လည်း မုတ္တမပင်လယ်ကွေ့ဒေသ၏ မြောက်ဘက်အပိုင်းကိုလည်း မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ရမ်ဆာဒေသအဖြစ် သတ်မှတ်ခဲ့သည်။ မေ ၁၀ ရက်သည် ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ (World



မျိုးစိတ် ၇၆ ရာခိုင်နှုန်းလည်း ပျောက်ကွယ်သွားသည်ကို တွေ့ရှိခဲ့သည်။ မြန်မာ့ရေဝပ်ဒေသများသည်လည်း ရေရှည်အကျိုးမပြုသည့် ရေထုတ်ယူသုံးစွဲခြင်း၊ စိုက်ပျိုးမြေများ ကျူးကျော်ချဲ့ထွင်ခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်းနှင့် ဒေသမျိုးရင်းမဟုတ်သည့် မျိုးစိတ်များနေရာအနှံ့ တိုးချဲ့ဝင်ရောက်လာခြင်းစသည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပြီး ၎င်းတို့မှထောက်ပံ့ပေးနိုင်သည့် လူ့ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးစေလျက်ရှိသည်။


## ရမ်ဆာကွန်ဗင်းရှင်းဟု အမည်ပေးခဲ့

မြန်မာနိုင်ငံသည် မိမိနိုင်ငံရှိရေဝပ်ဒေသများကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ရမ်ဆာကွန်ဗင်းရှင်း(Ramsar Convention)အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၅ ခုနှစ်၌ ဝင်ရောက်ခဲ့သည်။ ရေပျော်ငှက်များ ကျက်စားရာ ကမ္ဘာ့ရေဝပ်ဒေသများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရေးအတွက် ၁၉၆၀ ပြည့်နှစ်များမှ စတင်ဆွေးနွေးခဲ့သော ရမ်ဆာ

Migratory Bird Day) လည်း ဖြစ်သည်။ ဧရိယာအားဖြင့် ၄၅၀၀၀ ဟက်တာခန့် ကျယ်ဝန်းသော ဤ ရမ်ဆာဒေသသည် မွန်ပြည်နယ် စစ်တောင်းမြစ်ဝမှစ၍ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ် အရှေ့ဘက်မြစ်ဝှမ်းဒေသ ကမ်းခြေတစ်လျှောက် ကျယ်ပြန့်သည်။ ဤဒေသသည် ရမ်ဆာ မှ သတ်မှတ်ထားသည့် ရမ်ဆာရေဝပ်ဒေသ စံချိန်စံညွှန်း ကိုးချက်အနက် ခြောက်ချက်ကိုက်ညီသော ဒေသဖြစ်သည်။

## ကမ္ဘာအဆင့် တန်ဖိုးထား ထိန်းသိမ်း

မုတ္တမပင်လယ်ကွေ့ဒေသသည် ကမ္ဘာပေါ်ရှိမြစ်ဝှမ်းများအနက် အလွန်တရာမှ သက်ဝင်လှုပ်ရှားပြောင်းလဲနေသော မြစ်ဝှမ်းဒေသတစ်ခုဖြစ်သည့်အပြင် ကမ္ဘာပေါ်ရှိ ရွှံ့နွံထူထပ်သည့် လတာပြင်များအနက် အကြီးမားဆုံးသောလတာပြင်တစ်ခုဖြစ်သည်။ ဤသို့ တစ်မူထူးခြားနေသည့်အတွက်ကြောင့်လည်း ကမ္ဘာအဆင့် တန်ဖိုးထား ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သည်။




**Ramsar site အဖြစ် သတ်မှတ်လိုက်သည့် မုတ္တမပင်လယ်ကွေ့ဧရိယာပြမြေပုံ**

ရန်ကုန်၊ သံလွင်နှင့် စစ်တောင်းမြစ်တို့မှ အနည်အနှစ်များနှင့် အာဟာရဓာတ်များရရှိသည့် ဤပင်လယ်ကွေ့ဒေသသည် ကျောရိုးမဲ့သတ္တဝါများ ပေါကြွယ်ဝစေကာ ဆောင်းခိုငှက်တစ်သိန်းခွဲခန့်ကို အစာရေစာပေးဝေနိုင်သည်။ ဤပင်လယ်ကွေ့ဒေသသည် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် ရေညှော်နှုတ်ဝိုင်းငှက်များ ဆောင်းခိုရာ ကမ္ဘာ့အရေးကြီးဆုံးသော နေရာများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ဤဒေသသည် ရေညှော်နှုတ်ဝိုင်းငှက် တစ်ကမ္ဘာလုံးကောင်ရေ တစ်ဝက်ခန့်ကို ဆောင်းခိုရာ ခွင့်ပြုသည့်နေရာဖြစ်သည့်အပြင် ရေလုပ်သားထောင်ပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းကို အထောက်အပံ့ပေးသော နေရာတစ်ခုလည်းဖြစ်သည်။

## ဆောင်းခိုငှက်များ ခြိမ်းခြောက်ခံနေရ

သို့သော်ငြားလည်း မုတ္တမပင်လယ်ကွေ့ဒေသသည် ခြိမ်းခြောက်မှုပေါင်းစုံနှင့် ရင်ဆိုင်နေရသည့် အခြေအနေသို့ ရောက်ရှိနေသည်။ တရားမဝင်သေးငယ်သည့် ငါးဖမ်းပိုက်များ အသုံးပြု၍ ငါးအရွယ်ပေါင်းစုံသာမက သားပေါက်များကိုပါ အလွန်အကျွံဖမ်းဆီးမှုများကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၁၀ နှစ်ကျော်ခန့်မှစတင်၍ ငါးဖမ်းဆီးရရှိမှုအခြေအနေမှာလည်း ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ လျော့ကျလာခဲ့ပါသည်။ ထို့အတွက်လည်း တစ်နိုင်တစ်ပိုင် ရေလုပ်သားများအနေဖြင့် အခြားလုပ်ငန်းကို ပြောင်းလုပ်ရခြင်းနှင့် ရွှေ့ပြောင်းလုပ်သားအဖြစ် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေရသည်။ ဤသို့ ငါးသယံဇာတ လျော့နည်းကျဆင်းလာမှုများအား အချိန်မီအရေးယူ ကိုင်တွယ်ဖြေရှင်းခြင်း မပြုနိုင်ပါက ဤကမ်းရိုးတန်းဒေသ၏ ငါးဖမ်းဆီးရရှိမှုနှင့် စီးပွားရေးအခြေအနေမှာလည်း ပိုမိုကျဆင်းလာလိမ့်မည် ဖြစ်သည်။ ထို့အတူ ဖမ်းဆီးမှုများကြောင့် ဆောင်းခိုငှက်များမှာလည်း ခြိမ်းခြောက်ခံနေရလျက်ရှိသည်။

ဤရမ်ဆာဒေသအဖြစ် သတ်မှတ်နိုင်ရေးအတွက် ဒေသခံများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် Swiss Agency for Development and Cooperation (SDC) ၏ အထောက်အပံ့ဖြင့်ဆောင်ရွက်နေသည့် "မုတ္တမပင်လယ်ကွေ့ဒေသရပ်ရွာအခြေပြု ကမ်းရိုးတန်းစီမံခန့်ခွဲမှုစီမံချက်"ကို အကောင်အထည်ဖော်နေသည့် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)တို့မှ အကြံပြုဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး မွန်ပြည်နယ် အစိုးရအဖွဲ့၏ အဆိုပြုခြင်းအရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းစီမံကိန်းမှ မုတ္တမပင်လယ်ကွေ့အား ရေရှည်တည်တံ့စွာ အမြော်အမြင်ရှိရှိ အသုံးချရေးမှုနှင့် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲခြင်းကို ပံ့ပိုးပေးလျက်ရှိသည်။

## ရမ်ဆာနယ်မြေအဖြစ် ကြိုးစား

ဤရမ်ဆာဒေသ၏ ထူးခြားချက်တစ်ရပ်မှာ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောအစိုးရမှ သတ်မှတ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေမဟုတ်သည့် ဧရိယာတွင် သတ်မှတ်ထားခြင်းပင်ဖြစ်သည်။ ထို့အတွက်ကြောင့် ဤရမ်ဆာဒေသအား ဒေသအစိုးရ၊ ဒေသခံများနှင့် INGO/ NGO များ ပူးပေါင်း၍ ရမ်ဆာစံချိန်စံညွှန်းနှင့်အညီ စီမံအုပ်ချုပ်သည့် ရမ်ဆာနယ်မြေအဖြစ် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်သည်။

ရမ်ဆာကွန်ဗင်းရှင်းရုံးအဖွဲ့မှ Dr. Lew Young ၊ Senior Advisor for Asia-Oceania ကလည်း ရမ်ဆာကွန်ဗင်းရှင်းအနေဖြင့် မုတ္တမပင်လယ်ကွေ့ဒေသ၏ အရှေ့ဘက်ခြမ်းကိုလည်း ရမ်ဆာဒေသအဖြစ် တိုးချဲ့သတ်မှတ်ပြီးစီးမှုကို နှစ်လိုအားရစွာဖြင့် မြင်တွေ့လိုပါကြောင်း၊ ဤဒေသသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော လတာပြင်ဖြစ်ပြီး ဤကဲ့သို့သော ဂေဟစနစ်မှာလည်း လယ်ယာမြေနှင့် အခြားမြေအဖြစ် ပြောင်းလဲအသုံးချခြင်းများကြောင့် လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် လည်းကောင်း ကမ္ဘာ့တစ်ဝန်းတွင် ပျက်စီးယိုယွင်းလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ရမ်ဆာဒေသအဖြစ် သတ်မှတ်နိုင်ခြင်းသည်လည်း မြန်မာနိုင်ငံအနေဖြင့် ပြည်သူနှင့် ပတ်ဝန်းကျင်အတွက် တန်ဖိုးရှိသော ဂေဟစနစ်နှင့် ၎င်းတို့၏ ဝန်ဆောင်မှုများကို ကာကွယ်ထိန်းသိမ်းမည်ဆိုသည့် ကတိကဝတ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ဤဒေသရှိဒေသတွင်း အသက်မွေးဝမ်းကျောင်းအတွက် အရေးပါမှုကို ထည့်သွင်းစဉ်းစားခြင်းဖြင့် စီမံအုပ်ချုပ်မှုအစီအစဉ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မှုများတွင်လည်း ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကို မြင်တွေ့လိုပါကြောင်း သတင်းပါးခဲ့သည်။

မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ရမ်ဆာဒေသ (Ramsar Site) အဖြစ် သတ်မှတ်နိုင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၇ ခုနှစ် မေလအတွင်း International Union for Conservation of Nature (IUCN)နှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ မွန်ပြည်နယ်၌ ကျင်းပမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

❄ *ရှေ့ဖုံးမှ*

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဤတံတားသည် မုတ္တမပင်လယ်ကွေ့၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ပင်လယ်ဝကို ဖြတ်သန်းပြီး မော်လမြိုင်မြို့နှင့် ယခင်က တစ်သီးတခြားဖြစ်နေသည့် လူသိထင်ရှား ကျွန်းကြီးတစ်ကျွန်းဖြစ်သော၊ ဘီလူးကျွန်းကို ဆက်သွယ်ပေးသော တံတားတစ်စင်းဖြစ်ပါကြောင်း၊ ဘီလူးကျွန်းသည် လူဦးရေ တစ်သိန်းနှစ်သောင်းကျော်ရှိပြီး ဧရိယာ ၅၈ စတုရန်းကီလိုမီတာခန့်ရှိသည့်အတွက် စင်ကာပူနိုင်ငံထက် ပိုမိုကျယ်ဝန်းသော ကျွန်းကြီးဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူလူထု၏ ကုန်ထုတ်လုပ်မှုများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ခရီးသွားလာရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စများတွင်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ဒေသခံများသာမက တစ်နိုင်ငံလုံးက အသုံးပြုနိုင်သည့်အတွက် ကူးလူးဆက်ဆံမှုလွယ်ကူသည်နှင့်အမျှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် တိုးပွားလာမည်လည်း ဖြစ်ပါကြောင်း။





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မြဲစေရန်အတွက် ပြည်ထောင်စုစိတ်ဓာတ် သို့မဟုတ် ပင်လုံစိတ်ဓာတ်ကို စတင်မွေးမြူပေးခဲ့သည့် အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဗိသုကာတပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို သတိရ၊ ဂုဏ်ပြုသောအားဖြင့် အမည်ပေးခြင်းမှာလည်း သင့်လျော်မွန်မြတ်လှပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင်လည်း မိမိနိုင်ငံအတွက် ကိုယ်ကျိုးမဖက်၊ အနစ်နာခံပြီး အသက်ကို ပဓာနမထားသည့် တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့သည့် သူရဲကောင်းများ၊ နိုင်ငံ့ခေါင်းဆောင်များကို မှတ်တမ်းတင် ကမ္ပည်းထိုးပြီး အလေးထားဂုဏ်ပြုနေကြသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် မျိုးချစ်ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏အမည်ကိုဂုဏ်ပြုပြီး တံတားများအမည်ပေးခဲ့သည်များ ရှိခဲ့ပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမကို တွေ့မြင်ကြားသိရခြင်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို နိုးကြားစေပါကြောင်း၊ စည်းလုံးညီညွတ်မှုကို ဖြစ်စေပါကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်များ ပေါ်ပေါက်စေပါကြောင်း၊ ရိုးသားတည်ကြည် ဖြောင့်မတ်မှုများကို အတုယူလိုစိတ်ဖြစ်စေပါကြောင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများ စံနမူနာရစေပါကြောင်း၊ လက်ရုံးရည်နှလုံးရည်ဖြင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်စေပါကြောင်း၊ တိုင်းပြည်ကို လက်ဝါးကြီးအုပ် အမြတ်ထုတ် ကိုယ်ကျိုးရှာခြင်းမရှိဘဲ၊ တိုင်းပြည်ပေါ်တွင် မည်သည့်အကျိုးစီးပွားမျှ မခံစားဘဲ တိုင်းပြည်နှင့် လူထုအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာအောင် လွတ်လပ်ရေးကို အသက်ပေးပြီး ရယူပေးခဲ့သည့် ကျေးဇူးရှင်ကြီးလည်း ဖြစ်ပါကြောင်း၊ ထိုအရာကို သတိတရရှိပြီး နိုင်ငံတော်၏ အနာဂတ်အရေးကို မျှော်တွေးကာ အဆိုတင်ခြင်း၊ ထောက်ခံခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ချီးကျူးဂုဏ်ယူပါကြောင်း။

အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မိမိတို့နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ခံစားနိုင်ရေး၊ တန်းတူညီမျှရေး စသည်တို့ကို ပင်လုံစာချုပ်ဖြင့် ပေးအပ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမကို တွေ့မြင်ကြားသိနေသည်နှင့်အမျှ ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သည့် ဒီမိုကရေစီလမ်းစဉ်၊ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်လိုသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်၊ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်စေလိုသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ဗိုလ်ချုပ်အောင်ဆန်းရစေလိုသော တန်းတူညီမျှရေးတို့အား တိုင်းရင်းသားများကို မမေ့မပျောက် သတိရစေမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအားလုံး အာသာဆန္ဒပြင်းပြနေသည့် ဖက်ဒရယ်ပြည်ထောင်စုအရေး၊ ဒီမိုကရေစီအရေးများ မမေ့မလျော့စေရန် တိုင်းရင်းသားများ အရေးကို ဦးစားပေးရည်ရွယ်ခြင်းဖြစ်သည်ကို နားလည်ပေးစေလိုပါကြောင်း။

ယနေ့အချိန်အခါတွင် ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ်၊ မူဝါဒနှင့် ရည်ရွယ်ချက်များ အကောင်အထည်ပေါ်ရေး၊ တိုင်းရင်းသားများ နှစ်ရှည်လများ လိုလားတောင့်တနေသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးစသည်တို့အတွက် သမီးဖြစ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ပြုလုပ်လျက်ရှိသည့် ကြုံတောင့်ကြုံခဲ ကာလလည်း ဖြစ်ပါကြောင်း။

အထက်ပါအကြောင်းအချက်များနှင့် ယခုကဲ့သို့ အချိန်အခါကောင်း၊ အခြေအနေကောင်းတွင် ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် တိုင်းရင်းသားများအားလုံးကို ကိုယ်စားပြုသည့် ကမ္ဘာကချီးကျူးဂုဏ်ပြုလေးစားခြင်းခံရသော တိုင်းရင်းသားများ၏နှလုံးသားထဲတွင် ကမ္ပည်းထိုးထားခြင်းခံရသည့် ဗိုလ်ချုပ်အောင်ဆန်း၏အမည်က ပိုမိုကျယ်ပြန့်ပြီး အဓိပ္ပာယ် လေးနက်လှပါကြောင်း၊ လေးစားဂုဏ်ပြုထိုက်သူကို လေးစားဂုဏ်ပြုခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သကဲ့သို့ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ခြင်းမှာလည်း မင်္ဂလာတရားတော်နှင့်အညီ ဖြစ်ပါကြောင်း။

ထို့ကြောင့် နောက်နောင်တွင်လည်း ပြည်သူများအသုံးပြုနိုင်ရန် တံတားအမည်များကို မြစ်ကိုအခြေခံ၍ လည်းကောင်း၊ ဒေသကိုအခြေခံ၍ လည်းကောင်း၊ နိုင်ငံ့သူရဲကောင်းကြီးများကိုလည်းကောင်း၊ နိုင်ငံတော်၏ ထူးချွန်ပြောင်မြောက်သည့် ခေါင်းဆောင်များကို လည်းကောင်း၊ အခြေအနေ အချိန်အခါအရ ထူးခြားသည့် ဝိသေသများရှိပါက လိုအပ်သကဲ့သို့ ဂုဏ်ပြုကမ္ပည်းထိုးပေးသင့်ပါကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး၊ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးကို ဦးတည်ကြိုးပမ်းကြပါဟု ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဤတံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဘီလူးကျွန်းနေ ဒေသခံပြည်သူများ၏ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)သည် သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်ခဲ့သည့် ကိုးစင်းမြောက်တံတားဖြစ်ပြီး မွန်ပြည်နယ်အတွက် ဒုတိယမြောက် တံတားကြီးလည်း ဖြစ်ပါကြောင်း၊ မော်လမြိုင်နှင့် ဘီလူးကျွန်းဒေသ ချောင်းဆုံမြို့ကို ဆက်သွယ်ထားသည့် အထင်ကရ Land Mark တံတားကြီး တစ်စင်းလည်း ဖြစ်ပါကြောင်း။

အနာဂတ်ကာလတွင် ဘီလူးကျွန်းဒေသသည် ဆက်သွယ်ရေးလမ်းကြောင်းများ ပွင့်လင်းလာပြီး ပင်လယ်ဆိပ်ကမ်းနှင့် ဆက်စပ်ကုန်ထုတ်လုပ်မှု၊ စီးပွားရေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ တိုးတက်ထွန်းကားလာပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်စပ် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်ပါကြောင်း။

ဤတံတားသည် နိုင်ငံတော်အစိုးရသစ်လက်ထက် မွန်ပြည်နယ်တွင် ပထမဆုံးဖွင့်လှစ်လိုက်သည့် တံတားဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီ နည်းပညာအရ တည်ဆောက်မှုစနစ်ဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ Quality Management System ဖြင့် တည်ဆောက်ထားခြင်း၊ ပြည်သူများ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးအတွက် တံတားခံနိုင်ရည် စမ်းသပ်မှု Load Test များ ပြုလုပ်ခြင်း၊ Fit for Service ဖြစ်အောင် စနစ်တကျဆောင်ရွက်ပြီး ယနေ့တွင် တရားဝင်စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၉ သို့*



ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) တံတားပြတိုက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့၊ အဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ်၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

# ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)ဖွင့်ပွဲမှ ပြည်သူတို့၏ ရင်တွင်းပီတိစကားသံများ

မော်လမြိုင် မေ ၉

**မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)ကို ၈-၂-၂၀၁၅ ရက်နေ့မှစ၍ စတင်ဆောက်လုပ်ခဲ့ပြီး ၃၀-၄-၂၀၁၇ ရက်နေ့တွင် တည်ဆောက်ပြီးစီး၍ မေ ၉ ရက် နံနက် ၈ နာရီတွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့သဖြင့် ပြည်သူများ၏ ရင်တွင်းပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။**

**မြတ်မွန်ထွေး၊ တင်ထွင့်(မော်လမြိုင်)**



ဆရာမကြီးဒေါ်ကြည်ဝင်း



ဦးကြည်စိုး



စောဗိုလ်စိန်ဦး



စောအောင်မြင့်ခိုင်



နိုင်သောင်ညွန့်



ဦးဇော်ထွန်း

**ဆရာမကြီးဒေါ်ကြည်ဝင်း(မြို့နယ်ပညာရေးမှူး)မော်လမြိုင်**

အခုလို ဗိုလ်ချုပ်အောင်ဆန်းတံတားကြီးကို နိုင်ငံတော်က ဆောက်လုပ်ပေးခဲ့တဲ့အတွက် ဒေသခံပြည်သူတွေနဲ့အတူ ထပ်တူထပ်မျှ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီတံတားကြီးမရှိတုန်းက နွေမိုးဆောင်း တစ်ဖက်ကမ်းနဲ့တစ်ဖက်ကမ်းကို စက်လှေတွေနဲ့ အချိန်ကြာမြင့်စွာ သွားလာခဲ့ရပါတယ်။ အခုဆိုရင် အချိန်အနည်းငယ်အတွင်း မည်သည့်ယာဉ်မဆို တံတားကြီးပေါ်ကနေ လိုရာခရီးကို မြန်မြန်ဆန်ဆန်သွားရောက်နိုင်မှာ ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ နောင်ဆိုရင် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေ တိုးတက်လာမယ်၊ မျက်စိပွင့်နားပွင့်ဖြစ်လာမယ်ဆိုတာကို ကျွန်မယုံကြည်ပါတယ်။

**ဦးကြည်စိုး(ကုန်ရောင်းကုန်ဝယ်)ရန်ကုန်မြို့**

ဗိုလ်ချုပ်အောင်ဆန်းတံတားကြီးကို အခုလို နိုင်ငံတော်အစိုးရက ဆောက်လုပ်ပေးလိမ့်မယ်လို့ မထင်ထားပါဘူး။ အခုလို ဆောက်လုပ်ပေးလိုက်တော့ အိပ်မက်မက်နေသလို ခံစားမိပါတယ်။ ဝမ်းလည်း ဝမ်းသာမိပါတယ်။ ကျွန်တော် ဝမ်းသာပီတိဖြစ်နေသလို ဒေသခံပြည်သူတွေလည်း ဝမ်းသာပီတိဖြစ်နေမယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ တံတားကြီး ဖွင့်လိုက်ပြီဆိုတော့ ဒေသခံပြည်သူတွေရော၊ ကျွန်တော်တို့ပါ ဖြတ်သန်းသွားလာရေး ပိုမိုအဆင်ပြေသွားပြီး ရောင်းဝယ်ဖောက်ကားမှုမှာလည်း အရင်ကထက် ပိုတိုးတက်လာမယ်၊ အရောင်းအဝယ်ဈေးကွက်တွေ ကောင်းလာမယ်။ ဒါဟာ နိုင်ငံတော်ရဲ့ ကျေးဇူးတွေပါ။ တံတားနာမည်က အဓိကမကျပါဘူး။ ဘယ်လိုနာမည်ပေးပေး မကျေနပ်စရာလည်း မရှိပါဘူး။ အခုလို သွားလာရေးလွယ်ကူပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုက အဓိကပါ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနာမည်ကိုပေးတော့ ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူလို့မဆုံးဖြစ်မိပါတယ်။

**စောဗိုလ်စိန်ဦး(ကရင်စာပေယဉ်ကျေးမှုကော်မတီ တွဲဖက်အတွင်းရေးမှူး)မော်လမြိုင်**

အခုလို မော်လမြိုင်မြို့မှာ ဒီတံတားကြီးကို ဆောက်လုပ်ပေးလိုက်တဲ့အတွက် သွားရေးလာရေး၊ ဒေသဖွံ့ဖြိုးရေးလည်း အလွန်ကောင်းလာပါတယ်။ ကျွန်တော်တို့ဆို သွားရေးလာရေး ခက်ခဲတဲ့တောမှာ နေခဲ့ရတယ်။ မိုးတွင်းဆို မိုးနဲ့လေနဲ့ သွားရေးလာရေးခက်ခဲတဲ့ဒေသမှာ နေခဲ့ရတာကြောင့် အခုလို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေမယ့် တံတားကြီးကို ဖွင့်ပေးလိုက်တဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်မှာဆိုရင် ဂျိုင်းတံတား၊ အတ္တရံတံတားတွေကို အရင်က တံတားပေါ်မှာ ညဘက်ပေးမဖြတ်ပါဘူး။ တံတားကြီးရှိလျက်နဲ့ အခက်အခဲနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တစ်ဦးတည်းအမြင်ကိုပြောရရင် တံတားကြီးနာမည်ပေးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ဘာခံစားချက်မှမရှိပါဘူး။

**စောအောင်မြင့်ခိုင်(ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) မွန်ပြည်နယ်**

တံတားကြီးဖွင့်လိုက်တဲ့အတွက် ဒေသခံပြည်သူတွေ စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာစေဖို့ အထောက်အကူပေးမယ့် အဓိကကျတဲ့ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ နိုင်ငံ့ခေါင်းဆောင်ကြီးဖြစ်လို့ တံတားအမည်ပေးတာနဲ့ပတ်သက်ပြီး အငြင်းပွားစရာမရှိပါဘူး။ သင့်တော်တဲ့အမည်ပေးတာလို့ပဲ မြင်ပါတယ်။

**နိုင်စံလှိုင်(မွန်အမျိုးသားပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြန်ကြားရေးတာဝန်ခံ)**

ဒီတံတားဖွင့်ပွဲကို ကျွန်တော်တို့ပါတီအနေနဲ့ လုံးဝမလာပါဘူး။ အခြားမွန်စစ်စစ်အဖွဲ့အစည်းတွေလည်း မလာလောက်ပါဘူး။ ဖွင့်ပွဲက အဓိကပြဿနာမဟုတ်ပါဘူး။ တံတားနာမည်ပေးတာက အဓိကပြဿနာပါ။

**နိုင်သောင်ညွန့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)မော်လမြိုင်**

ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)ကို အောင်အောင်မြင်မြင်နဲ့ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ရင်ထဲမှာ အတိုင်းအဆမရှိ ဝမ်းသာမိပါတယ်။ တံတားကြီးဖွင့်ပြီးသွားတဲ့ နောက်ပိုင်းမှာတော့ ကျွန်တော်တို့က ကျွန်းတွေနဲ့ စက်မှုတိုးတက်ရေးတွေကို လုပ်ပေးဖို့ အစီအစဉ်ရှိပါတယ်။ တံတားနာမည်က အရေးမကြီးပါဘူး။ အဓိကက နောင်လာမည့် အနာဂတ်လူငယ်တွေအတွက် ဗိုလ်ချုပ်ရဲ့စိတ်ထားတွေ၊ လုပ်ရပ်တွေကို သိရှိစေဖို့ ဗိုလ်ချုပ်အောင်ဆန်းတံတားလို့ နာမည်ပေးရတာ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(ပအိုဝ်းတိုင်းရင်းသား)နောင်ကုလားကျေးရွာ**

အခုလို တံတားကြီးဖြစ်ပေါ်လာတာဟာ ကျွန်တော်တို့ အိပ်မက်မက်သလို ခံစားမိတယ်။ အလွန်လည်း ပျော်မိတယ်။ ဝမ်းသာပီတိလည်း ဖြစ်ရတယ်။ တံတားကြီးဖွင့်ပွဲအတွက် ကျွန်တော်တို့ကို ဖိတ်ကြားတော့ရင်ထဲမှာ ဖော်မပြနိုင်အောင် ခံစားမိတယ်။ တကယ်လို့များ ဖိတ်ကြားမခံရဘူးဆိုရင်လည်း ကျွန်တော်တို့ ပအိုဝ်းတိုင်းရင်းသားတွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တံတားကြီးဖွင့်ပွဲကို လာရောက်ကြဖို့ ရည်ရွယ်ချက်ရှိပြီးသားပါ။ အခုဆိုရင် ဒေသခံပြည်သူတွေ စက်လှေနဲ့ သွားရတဲ့ဒုက္ခက လွတ်မြောက်ပြီး တံတားကြီးပေါ်ကနေ မော်တော်ယာဉ်တွေနဲ့ သွားလိုတဲ့ခရီးကို အချိန်တိုတိုအတွင်းမှာ သွားရောက်နိုင်မှာဖြစ်လို့ ကျွန်တော်တို့လိုပဲ ဒေသခံပြည်သူတွေက ပိုပြီးပီတိဖြစ်၊ ဝမ်းသာနေမှာပါ။ မကြာခင်အချိန်မှာ ဒေသခံပြည်သူတွေ စီးပွားရေး၊ ကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်လာလိမ့်မယ်လို့ ကျွန်တော်မြင်မိပါတယ်။

**ဦးမျိုးဆက်(ဒေသခံတစ်ဦး)ချောင်းဆုံမြို့**

အခုလို တံတားကြီးဖွင့်ပေးလိုက်တဲ့အတွက် ကျွန်တော်တို့ ချောင်းဆုံမြို့မှာရှိတဲ့ ပြည်သူတွေ ဘယ်လိုဝမ်းသာနေကြသလဲဆိုတာ ပြောတောင် မပြောပြတတ်တော့ပါဘူး။ နီးလျက်နဲ့ ဝေးနေတဲ့ ဒေသတစ်ခုကို ရေလမ်းခရီးနဲ့ နှစ်ပေါင်းများစွာ အန္တရာယ်ကြားက သွားလာခဲ့ရတယ်။ အခုဆိုရင် အန္တရာယ်ကင်းဝေးပြီး လိုရာခရီးကို ၂၄ နာရီ တံတားကြီးပေါ်က ဖြတ်သန်းသွားလာလို့ရတဲ့အတွက် ဖော်မပြနိုင်တဲ့ ဝမ်းသာခြင်းမျိုးပါ။ အရင်ကဆိုရင် ကျန်းမာရေးမကောင်းလို့ ဆေးရုံကိုပို့ချင်ရင် အချိန်မီဆေးရုံကို မရောက်နိုင်တဲ့အတွက် အသက်တွေ ဆုံးရှုံးခဲ့ရတယ်။ တံတားကြီးဆောက်ပေးလိုက်တဲ့ အကျိုးကျေးဇူးကြောင့် ဒီလိုဒုက္ခတွေ မခံစားရတော့ပါဘူး။ ဒါကြောင့် တံတားနာမည်က အဓိကမဟုတ်ပါဘူး။ အချိန်နဲ့တစ်ပြေးညီ လိုရာခရီးကို မြန်မြန်ဆန်ဆန်နဲ့ သွားလာနိုင်ဖို့က အဓိကပါလို့ ပြောချင်ပါတယ်။

**မဇွန်လေးနွယ်(ပထမနှစ်)မော်လမြိုင်**

ကျွန်မ တံတားကြီးဖွင့်ပြီးတော့ ချောင်းဆုံမြို့ကို ရောက်ခဲ့ပါတယ်။တံတားကြီးဖွင့်လိုက်လို့ ချောင်းဆုံမြို့ဟာ သွားလာလို့ကောင်းလာတာကိုလည်း တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်မတို့ပြည်သူတွေက ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေ လိုက်နာကြဖို့လည်း အရေးကြီးပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း ယာဉ်အန္တရာယ်မဖြစ်စေဖို့အတွက် လမ်းညွှန်ဆိုင်းဘုတ်တွေ၊ အန္တရာယ်ကွေ့ဆိုင်းဘုတ်တွေ၊ ယာဉ်မောင်းတွေ မြင်သာအောင် စိုက်ထူပေးဖို့ကိုလည်း ပြောချင်ပါတယ်။ နောက်ဆုံးအနေနဲ့ ပြောချင်တာက ချောင်းဆုံဒေသခံပြည်သူတွေရော တံတားကြီးပေါ်က ဖြတ်သန်းမောင်းနှင်ကြတဲ့ ယာဉ်မောင်းတွေရော တံတားကြီးရဲ့လှပခိုင်ခံ့မှုကို အကျည်းမတန်အောင် ဝိုင်းဝန်းကူညီစောင့်ရှောက် ထိန်းသိမ်းကြပါလို့ ပြောချင်ပါတယ်။

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များ ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံ

**စစ်တွေ မေ ၉**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့မှ Mr. Ghassan Salame ဦးဆောင်သည့်အဖွဲ့ဝင် ခြောက်ဦးသည် မေ ၉ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိလာသည်။

အဆိုပါကော်မရှင်အဖွဲ့သည် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၁)၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာတွင် ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပြည်နယ်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးစီမံချက် နောက်ဆုံးအခြေအနေတို့နှင့် စပ်လျဉ်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကော်မရှင်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေဟိုတယ်ခန်းမဆောင်၌ ရခိုင်ပြည်နယ်အခြေစိုက်သတင်းမီဒီယာများနှင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ နှစ်ဖက်လူ့အဖွဲ့အစည်းများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါကော်မရှင်အဖွဲ့တွင် အဖွဲ့ဝင် Mr. Ghassan Salame၊ ဦးဝင်းမြ၊ မစ္စလက်တီတီရာဗန်ဒန်အာဆမ်၊ ဦးအေးလွင်၊ ဒေါက်တာမြသီတာ၊ ဒေါ်စောခင်တင့်တို့ ပါဝင်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




*စာမျက်နှာ ၈ မှ*

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) ဖွင့်လှစ်ပေးခြင်းနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် သွားလာရေးလွယ်ကူအဆင်ပြေသည့်အပြင် ကုန်စည်စီးဆင်းမှုများလည်း မြန်ဆန်လာမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)ကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းမြင့်မွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)သည် အရှည် ၁၅၈၆ မီတာ၊ ၅၂၀၄ ပေ တစ်မိုင်နီးပါးရှိသည်။ တံတားကို Steel Box Girder , Steel Truss (Arch Type) , Steel plate Girder များ နိုင်ငံတကာအဆင့်မီအသုံးပြု၍ မြန်မာအင်ဂျင်နီယာများက မြန်မာနိုင်ငံ တံတားတည်ဆောက်ရေးတွင် တစ်ကြိမ်မျှ မသုံးဖူးသေးသော နိုင်ငံတကာအဆင့်မီ တည်ဆောက်ရေးနည်းစနစ်များကို ကျွမ်းကျင်စွာအသုံးပြု၍ ခေတ်မီစက်ယန္တရားများဖြင့် ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် အလေးထားတည်ဆောက်ထားသည့် အရည်အသွေးပြည့်မီသည့် တံတားကြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) တံတားပြတိုက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့၊ အဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ်၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး၊ တံတားတည်ဆောက်ရေးစီမံကိန်းမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များသည် ပြတိုက်အတွင်း ပြသထားသည့် တံတားတည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းများ၊ တံတားဘိုးပိုင်တူးရာတွင် အသုံးပြုသည့် စက်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများ၊ တံတားတည်ဆောက်ပုံအဆင့်ဆင့် ပုံစံငယ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ တံတားတည်ဆောက်ရေးလုပ်ငန်း စံချိန်စံညွှန်းပြည့်မီရန် အရည်အသွေးစစ်ဆေးသည့် မှတ်တမ်းဓာတ်ပုံများ၊ တံတားကြီးအား လေ့လာရေးခရီးလာရောက်သည့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန် ဗီဒီယိုပြခန်းထားရှိမှု၊ တံတားအနီး ပြည်သူများ အပန်းဖြေနားနေနိုင်ရန် ပန်းခြံထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

# တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင် မွန်ဂျေအင်အနိုင်ရရှိ



**ဆိုးလ် မေ ၉**
လစ်ဘရယ်နိုင်ငံရေးသမား ဒီမိုကရက်တစ်ပါတီမှ မွန်ဂျေအင်သည် မေ ၉ ရက်က ပြုလုပ်ခဲ့သည့် တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင် ၁၈ ရာခိုင်နှုန်းအသာဖြင့် ၎င်း၏ပြိုင်ဘက်ကိုအနိုင်ရရှိခဲ့ကြောင်း သိရသည်။ ထိုသို့ အနိုင်ရရှိခဲ့ခြင်းက ဆယ်စုနှစ်တစ်စုကျော်ကြာညောင်းခဲ့သော ကွန်ဆာဗေးတစ်အုပ်စိုးမှုကို နိဂုံးချုပ်စေမည်ဖြစ်ကာ မြောက်ကိုရီးယားနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရွေးကောက်ခံကိုယ်စားလှယ် ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သော မဲဆန္ဒနယ်များတွင် မဲ ၄၁ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့သော ၎င်းသည် နိုင်ငံရေးကစဉ့်ကလျားဖြစ်မှုကို အဆုံးသတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၆၄ နှစ်ရှိ လစ်ဘရယ်နိုင်ငံရေးသမား ဒီမိုကရက်တစ်ပါတီမှ မွန်ဂျေအင်က ပြည်သူများအလိုရှိနေသော နိုင်ငံတော်ပြုပြင်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အဓိကထားပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုရီးယားလွတ်မြောက်ရေးပါတီမှ ကွန်ဆာဗေးတစ်သမားတစ်ဦးဖြစ်သူ ဟောင်ဂျွန်ဖြိုးသည် မဲအရေအတွက် ၂၃ ဒသမ ၃ ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း ကေဘီအက်စ်သတင်းဌာနက ကြေညာခဲ့သည်။

ပြည်သူ့ပါတီမှ အလယ်အလတ်သမား အန်ချဲဆိုသည် မဲအရေအတွက် ၂၁ ဒသမ ၈ ရာခိုင်နှုန်းရရှိခဲ့ကြောင်း သိရသည်။ သမ္မတဟောင်း ပတ်ဂွန်ဟေး၏ လာဘ်စားမှုနှင့် နိုင်ငံရေးအရှုပ်တော်ပုံကြောင့် ကိုရီးယားသမ္မတရွေးကောက်ပွဲကို သတ်မှတ်ထားသည်ထက် ခုနစ်လစောပြီးကျင်းပခဲ့ကြောင်း သိရသည်။

**(ရိုက်တာ၊ အင်န်အိတ်ချ်ကေ)**

# ပါလက်စတိုင်းတို့၏ အစာငတ်ခံဆန္ဒပြမှုကြောင့် အစ္စရေးတို့နှင့် တင်းမာမှုများမြင့်တက်

**ဂျေရုဆလင် မေ ၉**
အစ္စရေးအကျဉ်းထောင်များ၏ ပြုမူဆက်ဆံပုံကို မကြိုက်သော ပါလက်စတိုင်းအကျဉ်းသား ၁၀၀၀ ကျော် အစာငတ်ခံဆန္ဒပြမှုသည် တဖြည်းဖြည်း အရှိန်ရလာကာ ပဋိပက္ခအသွင်ဆောင်လာကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဂုဏ်သိက္ခာရှိ ဆွေကြီးမျိုးကြီးမှ ဆင်းသက်လာသူ ပါလက်စတိုင်းလူမျိုး မာဝမ်ဘာဂေါက်တီကို အစ္စရေးတို့ ထိန်းသိမ်းမှုပြုပြီးနောက် ဧပြီ ၁၇ ရက်မှစကာ အဆိုပါ ဆန္ဒပြမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဆင်းရဲမွဲတေမှုအခြေအနေများ၊ စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ထိန်းသိမ်းမှုပြုလုပ်သည့် အစ္စရေးတို့၏ မူဝါဒများကို ဆန့်ကျင်ဆန္ဒပြခဲ့သောကြောင့် ထိုသို့ ထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သိရသည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှစတင်ခဲ့သည့် စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ထိန်းသိမ်းမှုပြုလုပ်သည့် အစ္စရေးတို့၏ မူဝါဒများသည် အကျဉ်းသား ထောင်ပေါင်းများစွာပေါ်သို့ အကျိုးသက်ရောက်ခဲ့သည်။

၂၀၀၄ခုနှစ်တွင် ထောင်ကျခဲ့ရုံသာမက ဒုတိယအကြိမ် သပိတ်မှောက်ဆန္ဒပြမှုအတွင်း အစ္စရေးများကို သုတ်သင်ခဲ့သည့် အချိန်မှစကာ မာဝမ်ဘာဂေါက်တီသည် ပါလက်စတိုင်းလူမျိုးများကြား နာမည်ကြီးလာခဲ့သူဖြစ်သည်။ ၎င်းကို ပါလက်စတိုင်း အမြောက်အမြားက နောက်လာမည့် သမ္မတအဖြစ် တင်မြှောက်ချင်နေကြောင်း လေ့လာမှုစစ်တမ်းများအရ သိရသည်။

အစ္စရေးကို တိုက်ခိုက်ရန်ကြံစည်နေသည့် ပါလက်စတိုင်း ၆၅၀၀ ကျော် အစ္စရေး အကျဉ်းထောင်များတွင် ရောက်ရှိနေသည့်အချိန်မှစကာ သပိတ်မှောက်ဆန္ဒပြမှုများ မကြာမကြာဖြစ်ပွားလာခဲ့သည်။ ယခုဖြစ်ပွားခဲ့သည့် အစာငတ်ခံဆန္ဒပြမှုသည် ကြီးမားသည့် ဆန္ဒပြမှုတစ်ခုဖြစ်ကြောင်း သိရသည်။

လာမည့် မေ ၂၂ ရက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစ္စရေးသို့ မရောက်မီ ယခုကဲ့သို့ဖြစ်ပွားမှုသည် အစ္စရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

အနောက်ဘက် ကမ်းရိုးတန်းနှင့် ဂျေရုဆလင်တို့ကို အစ္စရေးတို့သိမ်းပိုက်ခြင်း အကြိမ်(၅၀)မြောက် အခမ်းအနားကို ဇွန်လအစောပိုင်းတွင် ကျင်းပတော့မည်ဖြစ်ရာ အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား တင်းမာမှုများ ဆက်လက်မြင့်တက်လာနိုင်ကြောင်း သိရသည်။

**(ရိုက်တာ)**




# တာလီဘန်စစ်သွေးကြွ ၄၄ ဦးကို အစိုးရတပ်ဖွဲ့များ ချေမှုန်းနိုင်ခဲ့

**အာဖဂန်နစ္စတန် မေ ၉**
တာလီဘန်စစ်သွေးကြွများနှင့် အစိုးရတပ်ဖွဲ့များ အာဖဂန်နစ္စတန်မြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်တွင် အစောပိုင်းရက်များက ထိတွေ့မှုဖြစ်ပွားခဲ့ရာ စစ်သွေးကြွ ၄၀ အပါအဝင် အနည်းဆုံး ၄၄ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ရဲချုပ် အက်ဘ်ဒါဟာမ်ဟာမီဒီက ယမန်နေ့က ပြောခဲ့သည်။ အစိုးရတပ်ဖွဲ့သည် ကွန်ဒုဇ်ပြည်နယ်ရှိ စစ်သွေးကြွများကို လိုက်လံရှင်းလင်းမှုများလုပ်ဆောင်ခဲ့ရာ တာလီဘန်စစ်သွေးကြွ ၄၀ သေဆုံးခဲ့ပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ အစိုးရဘက်မှ တပ်ဖွဲ့ဝင်လေးဦးကျဆုံးခဲ့ပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။ အဆိုပါ ထိတွေ့မှု တိုက်ပွဲများအတွင်းကျဆုံးခဲ့သည့် တာလီဘန်စစ်သွေးကြွများနှင့်ပတ်သက်ပြီး တာလီဘန်တို့က မည်သည့်မှတ်ချက်ချပြောဆိုမှုမျှ မလုပ်ခဲ့သေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အဘူဆေရက်ဖ် စစ်သွေးကြွများ ဖိလစ်ပိုင်တပ်ဖွဲ့ထံ လက်နက်ချအညံ့ခံ

**မနီလာ မေ ၉**
ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုဒေသ ဆူလူအရပ်ရှိ ဖိလစ်ပိုင်တပ်ဖွဲ့ထံသို့ အဘူဆေရက်ဖ် အကြမ်းဖက်အုပ်စုမှ အဖွဲ့ဝင်ခုနစ်ဦး လက်နက်ချအညံ့ခံခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက မေ ၉ ရက်က ပြောခဲ့သည်။

လက်နက်ချအညံ့ခံသူ ခုနစ်ဦးအနက် ငါးဦးမှာ နာမည်ဆိုးဖြင့်ကျော်ကြားသူ အဘူဆေရက်ဖ် ဒုတိယခေါင်းဆောင် အာဟက်ဘ်မီဆာယာ၏ နောက်လိုက်များဖြစ်ကြောင်း သိရသည်။ ၎င်းသည် မြောက်မြားစွာသော အကြမ်းဖက်မှုများနှင့် ပြန်ပေးဆွဲမှုများကိုပြုလုပ်သဖြင့် ဖိလစ်ပိုင်တပ်ဖွဲ့က ချေမှုန်းချင်နေသူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

အခြားနှစ်ဦးမှာ အဘူဆေရက်ဖ် ဒုတိယခေါင်းဆောင်တစ်ဦးဖြစ်သူ တိုမက်စ်အက်ဒ်ဂျက်စ်၏ လက်အောက်ငယ်သားများဖြစ်ကြောင်း သိရသည်။

လက်နက်ချပြီးနောက် အဘူဆေရက်ဖ်အဖွဲ့အတွင်းနေစဉ် တကယ့်ကို ကြမ်းတမ်းသောဘဝများကို ဖြတ်ကျော်ခဲ့ရသည်ဟု ၎င်းတို့က ဝန်ခံခဲ့သည်။ ထို့အပြင် ခေါင်းဆောင်အပြောင်းအလဲပြဿနာများကြောင့် လက်ရှိအချိန်တွင် အဖွဲ့တွင်း၌ ရှုပ်ထွေးမှုများဖြစ်နေကြောင်း၊ ငွေကြေးဆိုင်ရာအခက်အခဲများနှင့် နည်းဗျူဟာပိုင်းဆိုင်ရာ အခက်အခဲများလည်းရှိကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် နောက်ဆုံးတွင် အလင်းဝင်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွား

**ဗန်ကောက် မေ ၉**
ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုံးများပေါက်ကွဲမှုကြောင့် လူ ၄၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မေ ၉ ရက်က ဖော်ပြခဲ့သည်။

မေ ၉ ရက်နံနက်ပိုင်းက ပဋ္ဌာနီကုန်တိုက်ကားရပ်နားရာနေရာ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောခဲ့သည်။ ပထမဗုံးပေါက်ကွဲပြီးနောက် ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးဝယ်သူများ အဆိုပါဗုံးပေါက်ကွဲရာနေရာတွင်ရှိနေစဉ် ဒုတိယဗုံးထပ်မံပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

မွတ်စလင်ခွဲထွက်ရေးသမားများ၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် ထိုင်းနိုင်ငံတောင်ပိုင်းဒေသများတွင် ပိုမိုပြင်းထန်လာကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ဩစတြေးလျအကျဉ်းထောင်များအနီး ခွင့်ပြုချက်မဲ့ ဒရုန်းများပျံသန်းမှုကို တားမြစ်

**ဆစ်ဒနီ မေ ၉**
မောင်းသူမဲ့လေယာဉ်များ ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားအကျဉ်းထောင်များအနီး ခွင့်ပြုချက်မဲ့ ပျံသန်းမှုကို တားမြစ်ကြောင်း အာဏာပိုင်များက မေ ၉ ရက်က ကြေညာခဲ့သည်။

အကျဉ်းသားများသည် ဒရုန်းခေါ် မောင်းသူမဲ့ယာဉ်များကို အသုံးပြု၍ မှောင်ခိုပစ္စည်းများအသွင်းအထုတ်ပြုလုပ်ခဲ့ပြီးနောက် အဆိုပါတားမြစ်ချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ နိုင်ငံ၏ အတင်းကျပ်ဆုံး အကျဉ်းထောင်များအနီးသို့ ဒရုန်းများပျံသန်းခြင်းမပြုနိုင်ရေးအတွက် ပျံသန်းမှုကင်းမဲ့ဇုန်များသတ်မှတ်ပြီး ဥပဒေထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမြင့်ပေ မီတာ ၁၂၀ အောက်ပျံသန်းသည့် ရဟတ်ယာဉ်များကိုလည်း ပျံသန်းမှုကင်းမဲ့ဇုန်များတွင် ပျံသန်းမှုမပြုရေး တားမြစ်ထားပြီး ဥပဒေကို ချိုးဖောက်ပါက အများဆုံးထောင်ဒဏ် နှစ်နှစ်ကျခံရမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ပျံသန်းမှုမပြုရဇုန်များအတွင်း ပျံသန်းခဲ့ပါက ချမှတ်မည့် ပြစ်ဒဏ်သည် အကျဉ်းထောင်အတွင်းသို့ အခြားနည်းလမ်းများဖြင့် မှောင်ခိုပစ္စည်းအသွင်းအထုတ်လုပ်သည့်အခါ ချမှတ်မည့် ပြစ်ဒဏ်နှင့်ညီမျှကြောင်း သိရသည်။

အကျဉ်းထောင်အတွင်း မူးယစ်ဆေးဝါးများ၊ လက်နက်များနှင့် မိုဘိုင်းဖုန်းများ တရားမဝင်တင်သွင်းရန်နှင့် အကျဉ်းထောင်အတွင်း လုံခြုံရေးအားနည်းချက် ရှိ၊ မရှိ စစ်ဆေးရန်အတွက် ဒရုန်းများကို အသုံးပြုခြင်းဖြစ်ကြောင်း ဗစ်တိုးရီးယား ရာဇဝတ်မှုကြီးကြပ်ရေးဝန်ကြီး ဂေလီတိုင်မေက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**



# (၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်လှစ်



**စစ်တွေ မေ ၉**

၁၃၇၉ခုနှစ် ရခိုင်ကဆုန်လပြည့်ကျော် ၁ ရက် (၁၁.၅.၂၀၁၇)တွင် ကျရောက်မည့် (၄) နှစ်မြောက် ရခိုင်အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၉ ရက် နံနက် ၈နာရီက စစ်တွေမြို့ ဝင်္က်ပါကွင်း၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးမြအောင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စစ်တွေမြို့ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ရခိုင်အမျိုးသားနေ့ အခမ်းအနားမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တက်ရောက်လာကြသူများက ရခိုင်အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ရခိုင်ရိုးရာအဝတ်အထည်ပစ္စည်းများ၊ ရိုးရာအစားအစာများနှင့် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပျော်ပွဲ ရွှင်ပွဲအဖြစ် ရခိုင်ရိုးရာအားကစားပြိုင်ပွဲများကိုကျင်းပခဲ့ပြီး ညနေပိုင်းတွင် (၄) နှစ်မြောက် ရခိုင်အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ရခိုင်ရိုးရာ ယိမ်းအကများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ စာပေဟောပြောပွဲများလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မောင်တောမြို့၌ (၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့တွင် ရိုးရာအားကစားပြိုင်ပွဲများထည့်သွင်းကျင်းပမည်

**မောင်တော မေ ၉**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့တွင် (၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့ကို သီရိမင်္ဂလာခန်းမ၌ မေ ၁၁ ရက် နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ ယခုနှစ်တွင် ရိုးရာအားကစား ပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ရခိုင်အမျိုးသားနေ့ အခမ်းအနားကျင်းပ ရေးကော်မတီမှ သိရသည်။



"ကျွန်တော်တို့ ဒီနှစ်မှာတော့ အရင်နှစ်နဲ့မတူတာက ရိုးရာအားကစား ပြိုင်ပွဲတွေ ထည့်သွင်းကျင်းပသွားဖို့ စီစဉ်ထားပါတယ်။ အရင်တစ်နှစ်ကျော် ဒုတိယအကြိမ် မြောက်တုန်းကတော့ ရခိုင်ရိုးရာကျင်ကိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့တယ်။ ဒီနှစ်မှာတော့ ပြိုင်ပွဲကျင်းပဖို့ စီစဉ်တဲ့အချိန်ကလည်း သိပ်မရလိုက်တော့ ရခိုင်ရိုးရာကျင်ကိုင်ပွဲတော့ မထည့်ဖြစ်တော့ဘူး။ ကျင်ကိုင်ပွဲကျင်းပရင်လည်း စစ်တွေဘက်က ပြိုင်ပွဲဝင်တွေကို ဖိတ်ခေါ်ရတာဆိုတော့ ရက်ကြိုပြီး စီစဉ်မှ အဆင်ပြေတာ။ ဒါပေမယ့် ဒီနှစ် (၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့မှာတော့ ရိုးရာအားကစားပြိုင်ပွဲတွေကို အမျိုးသား၊ အမျိုးသမီး ထည့်သွင်းကျင်းပသွားဖို့ အစီအစဉ်ရှိပါတယ်။ ဆုတွေကိုလည်းထိုက်ထိုက်တန်တန် ကျွန်တော်တို့ ကော်မတီက ချီးမြှင့်ပေးသွားမှာပါ" ဟု မောင်တောမြို့ ရခိုင်အမျိုးသားနေ့ ကျင်းပရေးကော်မတီမှ အတွင်းရေးမှူး ဦးမောင်စံရွှေက ပြောသည်။

မေ ၁၁ ရက် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ (၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့ကို ကျင်းပရာတွင် ရခိုင်မင်္ဂလာစည်တော်ကြီးအဖွဲ့က ယိမ်းအကအဖွဲ့များဖြင့် ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်မည်ဖြစ်ပြီး အခမ်းအနားအပြီးတွင် စာပေဟောပြောပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

စာပေဟောပြောပွဲတွင် သာလှ (ရသေ့တောင် မြို့)၊ သူမြတ် (မဟာအောင်မြေ-ကျောက်တော်) နှင့် ဦးကျော်ဇောဦး (စစ်တွေ)တို့က ဟောပြောမည်ဖြစ်သည်။

ယင်းနောက် နေ့လယ်ပိုင်းတွင် မောင်တောမြို့ ဘောလုံးအားကစားကွင်း၌ ရိုးရာလွန်ဆွဲပြိုင်ပွဲ (ကျား/မ)၊ ချောတိုင်တက်(ကျား)ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး ခေတ်ရေစီးကြောင်းအရ လူငယ်များအကြိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုငွေကျပ်တစ်သိန်းခွဲ၊ချောတိုင်တက်ပွဲတွင် အောင်နိုင်အလံ ဆွတ်ခူးသူကို ငွေကျပ်တစ်သိန်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုငွေကျပ်တစ်သိန်းနှင့် ဒုတိယဆုကိုငွေကျပ် ရှစ်သောင်းချီးမြှင့်ပေးသွားမည်ဖြစ်သည်။

(၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့ကို နှစ်စဉ် မေလတွင် နေပြည်တော်၊ ရန်ကုန်မြို့ကြီးများအပါအဝင် နိုင်ငံတစ်ဝန်းမြို့များနှင့် ပြည်နယ်အချို့တို့တွင် တစ်ပြိုင်တည်းကျင်းပရာ ဒေသအလိုက် ပျော်ပွဲ၊ ရွှင်ပွဲများထည့်သွင်းကျင်းပကြသည်။

ရခိုင်အမျိုးသားနေ့ကို ပြီးခဲ့သော ၂၀၁၄ ခုနှစ်က ကျောက်ဖြူမြို့၌ ကျင်းပခဲ့သော ရခိုင်အမျိုးသားညီလာခံမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ပြီး ယခုနှစ်တွင် (၄)နှစ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# မောင်တောမြို့နယ်အတွင်း ဓားပြအဖွဲ့ဝင် တစ်ဦးအား လုပ်သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဆူရာလီကျေးရွာသို့ ဓားပြအဖွဲ့တစ်ဖွဲ့ ဝင်ရောက်လာစဉ် နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ဒေသခံပူးပေါင်းအဖွဲ့များက ပိတ်ဆို့ဖမ်းဆီးရာ အဒူရာဆိုသူအား လုပ်သေနတ်တစ်လက်ဖြင့် ယမန်နေ့ ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သဝန်ချောင်း၊ ဂွဆုံနှင့် ဆူရာလီကျေးရွာများရှိ အပြစ်မဲ့ရွာသားများအား ဖမ်းဆီးသတ်ဖြတ်လျက်ရှိသည့် ဓားပြခေါင်းဆောင် အဒူရာကိန်း၏အဖွဲ့မှ အဒူရာ အပါအဝင် သုံးဦးသည် ယမန်နေ့ ည ၉ နာရီခန့်က ဆူရာလီရွာသို့ ဝင်ရောက်လာစဉ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပူးပေါင်းအဖွဲ့များက ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ အဒူရာအား လုပ်သေနတ်တစ်လက် (ကျည်မပါ) နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အဆိုပါဖမ်းဆီးရမိသူ အဒူရာမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိခဲ့သဖြင့် ယနေ့နံနက် ၁၀ နာရီတွင် မောင်တောဆေးရုံသို့တင်ပို့ခဲ့ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တောင်ငူမြို့ အထက (၂) တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းစုံမှ မူလတန်းအတတ် စာပေးစာယူတစ်နှစ်သင်တန်း အမှတ်စဉ် (၃၅/၂၀၁၇) တက်ရောက်နေသော ဆရာမ ၅၀၀ ခန့်မှာ ကျောင်းအတွင်းရှိ ရေတွင်းရေကန်များ ရေနည်းပါးနေသဖြင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသောကြောင့် တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အုန်းဇေဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက ကေတုပရဟိတရေသယ်ယာဉ်ဖြင့် ရေသန့် ဂါလန် ၃၂၀၀ အား သွားရောက်လှူဒါန်းစဉ်
သူရ(တောင်ငူ)

# ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဘဲရကျေးရွာတွင် ဖျား၍ ခန္ဓာကိုယ်တွင် အနီစက်ထွက်သည့် လူနာများနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၉**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် သပြေကန်ကျေးလက်ကျန်းမာရေးဌာန လက်မယာကျေးလက် ကျန်းမာရေးဌာနခွဲ၊ ဘဲရကျေးရွာတွင် ရွာသူရွာသားအချို့သည် ဖျားခြင်း၊ ခန္ဓာကိုယ်တွင် အနီစက်ထွက်ခြင်း၊ အဆစ်အမျက်များ ကိုက်ခဲခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားလျက်ရှိကြောင်း မေ ၇ ရက်က သတင်းရရှိသဖြင့် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေသဆိုင်ရာ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေး ဆရာဝန်၊ ကျန်းမာရေးမှူးအဆင့်(၁)၊ ပြည်နယ်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ငှက်ဖျားတိုက်ဖျက်ရေး ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သော ကွင်းဆင်းအဖွဲ့သည် မေ ၈ ရက်တွင် ရောဂါဖြစ်ပွားရာကျေးရွာသို့ ကွင်းဆင်း၍ ရောဂါဖြစ်စဉ်အား စုံစမ်းစစ်ဆေးခြင်းနှင့် ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းအဖွဲ့သည် အဆိုပါကျေးရွာ၌ ဆေးခန်းဖွင့်လှစ်၍ ဆေးကုသပေးခဲ့ရာ ကျေးရွာရှိ အိမ်ခြေ ၁၅၆ အိမ်၊ လူဦးရေ ၈၇၅ ဦးရှိသည့်အနက် ဆေးခန်းပြလူနာ ၆၄ ဦးရှိပြီး ၎င်းတို့အနက် လူနာ ၃၅ ဦးတွင် ဖျားခြင်း၊ အနီစက်ထွက်ခြင်းနှင့် အဆစ်အမျက်များ ကိုက်ခဲခြင်းရောဂါလက္ခဏာများတွေ့ရှိရသဖြင့် လူနာများအား သွေးလွန်တုပ်ကွေးရောဂါ ရှိ/မရှိ Test Kit ဖြင့် စမ်းသပ်စစ်ဆေးရာ လူနာ ၁၄ ဦးတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသည်။ ဆေးရုံသို့ လွှဲပြောင်းပေးပို့ရသော လူနာနှင့် သေဆုံးသူမရှိကြောင်း၊ ရောဂါဖြစ်စဉ်အား အတည်ပြု ဓာတ်ခွဲစစ်ဆေးနိုင်ရန် လူနာငါးဦးထံမှ သွေးရည်ကြည် (Serum) နမူနာများရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်မြို့) သို့ ပေးပို့စစ်ဆေးထားကြောင်း သိရသည်။

ကွင်းဆင်းအဖွဲ့အနေဖြင့် အဆိုပါကျေးရွာတွင် ဖုံး၊ သွန်၊ လဲ၊ စစ် ခြင်လောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ၊ Abate ဆေးခတ်ခြင်းလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်း အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာအောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၁) မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း(မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်လျော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | GUERISSON Horse Oil Miracle Horse Oil Whitening Spot (Day Cream+ Night Cream) | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury(+) |

၃။ အဆိပ်သင့်ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကား ဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။




**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

*ကျောဖုံးမှ*

ယင်းလေ့ကျင့်ရေးအစီအစဉ်ကို Manda Fermentation က စီစဉ်ခြင်းဖြစ်ပြီး ရွန်နီဂျွန်ဆင် ဦးဆောင်သည့် နည်းပြအဖွဲ့သည် မေ ၁၁၊ ၁၂ ရက်တွင် ရန်ကုန်မြို့တွင်လည်းကောင်း၊ မေ ၁၄၊ ၁၅ ရက်တွင် ပုသိမ်မြို့၌ လည်းကောင်း မြန်မာလူငယ်ကစားသမားများအား အခြေခံနည်းစနစ်များ သင်ကြားပေးမည်ဖြစ်သည်။ ရွန်နီဂျွန်ဆင် ဦးဆောင်သည့် မန်ယူနည်းပြအဖွဲ့သည် မေ ၁၁ ရက် နံနက်ပိုင်းတွင် ယင်းအစီအစဉ်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ တက်ရောက်မည်ဖြစ်ပြီး ညနေပိုင်းတွင် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) မြက်ခင်းတုလေ့ကျင့်ရေးကွင်း၌ ယူ-၁၂၊ ယူ-၁၄ လူငယ်ကစားသမားများအား အခြေခံနည်းစနစ်များ သင်ကြားပေးမည်ဖြစ်သည်။ ရွန်နီဂျွန်ဆင် ဦးဆောင်သည့် နည်းပြအဖွဲ့သည် ရန်ကုန်မြို့တွင် နှစ်ရက်ကြာ လေ့ကျင့်သင်ကြားပေးအပြီး မေ ၁၃ ရက်တွင် ပုသိမ်မြို့သို့ ထွက်ခွာမည်ဖြစ်ပြီး မေ ၁၄၊ ၁၅ ရက်တွင် လူငယ်ကစားသမား ၁၅၀ ဝန်းကျင်အား ကျောက်တိုင်ကွင်း၌ ထပ်မံသင်ကြားပေးမည်ဖြစ်သည်။

ရွန်နီဂျွန်ဆင်သည် ၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပရီမီယာလိဂ်ထိပ်သီးကလပ် မန်ယူအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး ၁၉၉၉ ခုနှစ် မန်ယူအသင်း ဖလားသုံးလုံးရရှိခဲ့သည့်အသင်းတွင် ပါဝင်ခဲ့သူဖြစ်သည်။ နော်ဝေလက်ရွေးစင်ဟောင်း ရွန်နီဂျွန်ဆင်သည် မန်ယူအသင်းနှင့်ပူးပေါင်း၍ လူငယ်ဘောလုံးဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နေသူဖြစ်သည်။

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၀၄ စီး၊ သွင်းကုန် ၅၁၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ ကုန် ၂၈ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၄၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၁၃၂ သန်းခန့်၊ စုစုပေါင်း တားဆီးမှု ၁၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၅၃၂ သန်းခန့်အား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အချိုမှုန့် (1 ×25) kg အိတ်များ

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၇ ရက်က ပြင်ဦးလွင်မှ မန္တလေးသို့ သွားရောက်မည့် Toyota Hilux အမျိုးအစား ယာဉ်နှစ်စီးကို ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အချိုမှုန့် (1 ×25)kg အိတ် ၁၂၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေကူမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဗန်းမော် မေ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို မေ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းက အမှာစကားပြောသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူး ဦးမြင့်ဋ္ဌေး၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးများထံသို့ သေဆုံးသူ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းဖြင့် နှစ်ဦး၊ အိမ်ထောင်စု တစ်စု ငွေကျပ် တစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၁၈၆ စု၊ လူတစ်ဦး ခုနစ်ရက်စာ ငွေကျပ် ၂၁၀၀ နှုန်းဖြင့် လူဦးရေ ၉၂၀၊ အိမ်ပြိုကျ တစ်အိမ် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးဖြင့် ၁၆ အိမ်၊ အမိုးလန်အိမ်များအတွက် ကယ်ဆယ်ရေးပစ္စည်း လေးမျိုးဖြင့် အိမ် ၁၇၀၊ သာသနာရေးဆိုင်ရာ ဘုန်းကြီးကျောင်းနှင့် ဓမ္မာရုံတို့အတွက် တစ်ကျောင်းလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် သုံးကျောင်း၊ စုစုပေါင်း ငွေကျပ် နှစ်ရာတစ်ဆယ်လေးသိန်း သုံးသောင်းနှစ်ထောင်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် လွိုင်ကော်မြို့ရှိ ကျေးရွာများမှ နေအိမ်များ အမိုးများလန်ကျခြင်း၊ အုတ်နံရံများ ပြိုကျ

**လွိုင်ကော် မေ ၉**

လွိုင်ကော်မြို့နယ် မော်ချီးစုစည်းကျေးရွာ နွားလဝိုး(ရွာမ) ကျေးရွာ နေအိမ် ၁၀ လုံး၊ စာသင်ကျောင်းဆောင် နှစ်ဆောင်၊ စက်မှုဇုန်ရပ်ကွက်တွင် နေအိမ် တစ်လုံး၊ ပဒါးညေး ကျေးရွာ နေအိမ်တစ်လုံး၊ ကယန်းကြခူကျေးရွာ နေအိမ် တစ်လုံး၊ မော်ချီးစုစည်းကျေးရွာ နေအိမ် ရှစ်လုံးနှင့် လယ်ထွဲကျေးရွာတွင် နေအိမ် ရှစ်လုံးတို့မှာ သွပ်အမိုးလန်ခြင်း၊ နေအိမ်အုတ်အကာ ပြိုခြင်း၊ နေအိမ်ပြိုခြင်းများ မေ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးမှုများဖြစ်ပွားခဲ့သော်လည်း လူ၊ တိရစ္ဆာန်များမှာ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

*ကျောဖုံးမှ*

တို့ကို ဂုဏ်ယူစွာလွှင့်ထူနိုင်ခဲ့ကြကြောင်း သိရသည်။

လွန်ခဲ့မာဒင်ရေခဲတောင်သို့ ၁၉၆၇ ခုနှစ်က ဗိုလ်မှူးကြီး လှအောင် ဦးဆောင်သော နယ်နိမိတ်တိုင်းတာရေး မြေတိုင်းအဖွဲ့က ပထမဆုံးတက်ရောက်နိုင်ခဲ့ပြီး ၃၅ နှစ်အကြာ ၂၀၀၃ ခုနှစ်တွင် ဦးမျိုးသန့် ဦးဆောင်သော ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းက ပြန်လည်တက်ရောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်နှင့် တက္ကသိုလ်များ တောင်တက်အသင်းက ၂၀၀၆ ခုနှစ် နှင့် ၂၀၁၀ ခုနှစ်တို့တွင် ဆက်လက်တက်ရောက်ခဲ့ကြပြီး ယခု ၂၀၁၇ ခုနှစ်တွင် တောင်တက်အဖွဲ့အနေဖြင့် စတုတ္ထအကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့မာဒင်သို့ တက်ရောက်ရန် အသွားအပြန် တောင်တက်၊ တောင်ဆင်း၊ ချောင်းကူး ချောင်းကျော် မိုင် ၁၂၀ ခန့် ခရီးကြမ်းအား ဖြတ်သန်းခဲ့ရပြီး မိုးဆက်တိုက်ရွာနေသဖြင့် ရေစီးသန်သော ဖွန်ဂန်ရေခဲချောင်းကို ကြိမ်ကြိုးများဖြင့် ကောင်းကင်ကြိုးသွယ်၍ သက်စွန့်ကြိုးပမ်း ကူးဖြတ်ခဲ့ကြရကြောင်း သိရသည်။ ဥက္ကဋ္ဌဦးမျိုးသန့်က မိမိတို့တက်ဖူးခဲ့သမျှ တောင်တက်ခရီးစဉ်အားလုံးထဲတွင် လမ်းခရီး အခက်ခဲဆုံး၊ အကြမ်းတမ်းဆုံး၊ အန္တရာယ်အများဆုံး၊ အပင်ပန်းဆုံး ခရီးဖြစ်သကဲ့သို့ ၁၅ နှစ်အတွင်း လေးကြိမ်တက်ရောက်ရာတွင် တစ်ကြိမ်နှင့်တစ်ကြိမ် မတူညီသော အတွေ့အကြုံနှင့် ခံစားချက်အမျိုးမျိုးကို မမေ့နိုင်အောင် ပေးနိုင်သော တောင်တက် ခရီးကြမ်းကြီးဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

တောင်တက်အဖွဲ့သည် အပြန်ခရီးတွင် ပူတာအိုခရိုင် အနောက်တောင်ဘက်၏ နောက်ဆုံး လူနေရွာဖြစ်သော လီဆူတိုင်းရင်းသားတို့၏ နမ်ဇေကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသည့် မူလာချောင်းကူးကြိုးတံတားပြုပြင်ရန် အလှူငွေကျပ် နှစ်သိန်းငါးသောင်းနှင့် ကျေးရွာမူလတန်းကျောင်းအတွက် ရန်ပုံငွေကျပ် ငါးသောင်း ငါးထောင်၊ ဒုတိယနောက်ဆုံးလူနေရွာ နမ်တုံခူး အမကအတွက် ရန်ပုံငွေကျပ် တစ်သိန်းနှင့် ကျေးရွာများအတွက် ဆေးဝါးနှင့် အခြားအသုံးအဆောင်များ လှူဒါန်းခဲ့ကြသည်။

တက္ကသိုလ် ခြေလျင်/တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ အမှုဆောင် ဒေါ်စပယ် ဦးဆောင်၍ အဖွဲ့ဝင် ၅၂ ဦး ပါဝင်သော အခြားတောင်တက်အဖွဲ့တစ်ခုသည်လည်း ဧပြီ ၁၂ ရက်မှ ၁၉ ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် နောင်တရားနှင့် လွယ်ဖောင်းရွာဝန်းကျင်သို့ထွက်ခွာ၍ ခြေလျင်ခရီးကြမ်းလေ့ကျင့်ရင်း ပအိုဝ်းတိုင်းရင်းသားတို့နှင့်အတူ တာတက်ပွဲနှင့် နှစ်ကူးအလှူအခမ်းအနားတို့တွင် စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အပျော်တမ်း စစ်တုရင်ချန်ပီယံဆုရ ဝင်းထွန်းအား ဂုဏ်ပြု

**ရန်ကုန် မေ ၉**

အီတလီနိုင်ငံ စပိုလီတိုမြို့တွင် ဧပြီလက ကျင်းပခဲ့သည့် ကမ္ဘာ့အပျော်တမ်း စစ်တုရင် တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုံး မြန်မာနိုင်ငံအတွက် ၂၀၁၇ ကမ္ဘာ့အပျော်တမ်း စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲ ချန်ပီယံဆု ထိုက်တန်စွာ ဆွတ်ခူးပေးခဲ့သည့် ဦးဝင်းထွန်းအား ဂုဏ်ပြုပွဲကို မေ ၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့စင်ထရယ် ဟိုတယ်၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ ကိုယ်စားပြု နှစ်ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ တစ်ဦးက စည်သူပါ။ ပြိုင်ပွဲမှာ နိုင်နိုင်ရှုံးရှုံး တစ်ဦးကို ကိုးပွဲ ကစားကြရပါတယ်။ ကျွန်တော်က ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် လက်ရည်သန်နှုန်း ၂၃၀၀ အောက် ကမ္ဘာ့အပျော်တမ်း စစ်တုရင်ပြိုင်ပွဲ ချန်ပီယံဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၇ နိုင်ငံ ပါဝင်ပြီး ကစားသမား ၇၄ ဦး ယှဉ်ပြိုင်ကြပါတယ်။ ပြိုင်ပွဲတွေမှာ ရလဒ်ကောင်းရရှိအောင် ကစားနိုင်ဖို့ဆိုရင် ခန္ဓာကိုယ်၊ စိတ်ပိုင်းဆိုင်ရာပါ ကျန်းမာကြံ့ခိုင်ဖို့ လိုပါတယ်။ အာဟာရပြည့်စုံအောင်စားရမယ်၊ အိပ်ရေးဝအောင် အိပ်ရမယ်။ ကိုယ်လက်လှုပ်ရှားအားကစားတစ်ခုခုကို အထိုက်အလျောက် ကစားဖို့လိုပါတယ်" ဟု ချန်ပီယံ ဦးဝင်းထွန်းက ပြောသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ဂုဏ်ပြုစကားပြောကြားပြီး MEMC မှ ဒါရိုက်တာ ဦးသိန်းတိုးက ကမ္ဘာ့အပျော်တမ်း စစ်တုရင် တံခွန်စိုက်ပြိုင်ပွဲ ၂၀၁၇ ချန်ပီယံ ဝင်းထွန်းအား ရွှေစင်အစစ်ဖြင့် သွန်းလုပ်ထားသော စစ်တုရင်ရုပ်တုကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဘီလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မေ ၉**

မြန်မာဘီလိယက်နှင့် စနူကာအားကစားနည်း တိုးတက်ပြန့်ပွားစေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့တို့မှကြီးမှူး၍ ချယ်ရီဦးနာရီမှ အဓိကကူညီပံ့ပိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘီလိယက်နှင့် စနူကာပြိုင်ပွဲကို မေ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ ဝဏ္ဏသိဒ္ဓိရပ်ကွက် ဘီလိယက်နှင့် စနူကာလေ့ကျင့်ရေးခန်းမ၌ ကျင်းပလျက်ရှိသည်။

ယင်းပြိုင်ပွဲတွင် ဘီလိယက်ပြိုင်ပွဲတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ စနူကာပြိုင်ပွဲတွင် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဆုကြေးငွေ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ပြီး အမှတ်အများဆုံးဆုကိုလည်း ထပ်ဆင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မေသုခ**

# ကနီမြို့နယ် တွင်းကျေးရွာ သဒ္ဓမ္မနန္ဒိယာရာမကျောင်းတိုက်ရှိ ခန့်မှန်းငွေကျပ်သိန်း ၁၂၅၀၀ ခန့်ရှိ ရှေးဟောင်းပေစာထုပ် ၁၂၅ ထုပ်ခန့် ပျောက်ဆုံး

**ကနီ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တွင်းကျေးရွာ သဒ္ဓမ္မနန္ဒိယာရာမကျောင်းတိုက်အတွင်း သိမ်းဆည်းထားသော တစ်စည်းလျှင် အရွက် ၁၀၀ ပါ ရှေးဟောင်းပေစာထုပ် ၁၂၅ စည်းခန့် မေ ၈ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်က ပျောက်ဆုံးမှုဖြစ်ပွားရာ ကျောင်းထိုင်ဆရာတော်က ကနီမြို့မရဲစခန်းတွင် အမှုဖွင့်ကာ ခိုးယူသူအား အမြန်ဆုံးဖော်ထုတ်နိုင်ရန် တိုင်ချက်ဖွင့်ထားကြောင်း သိရသည်။

"မေ ၈ ရက် မနက် ၁ နာရီခွဲ ၂ နာရီလောက်မှာ ခွေးဟောင်သံကြားတော့ ဦးပဉ္စင်းနှစ်ပါးက ထလိုက်တယ်။ ထလိုက်ပြီးတော့ ဘာမှမဟုတ်ဘူးဆိုပြီး ပြန်ကျိန်းတယ်။ မနက် ၅ နာရီ မိနစ် ၂၀ လောက်ကျတော့ ဦးပဉ္စင်း နှစ်ပါး စင်္ကြံလျှောက်တော့ ပေပုရပိုက်စာတွေထားတဲ့ သေတ္တာတွေ၊ ဗီရိုတွေ ဖရိုဖရဲဖြစ်နေတာ တွေ့မှ အုပ်ချုပ်ရေးမှူးကိုအကြောင်းကြားတယ်။ အုပ်ချုပ်ရေးမှူးက တစ်ဆင့်ရဲစခန်းကို အကြောင်းကြားအမှုဖွင့်တာပါ။ ထူးခြားဖြစ်စဉ်က ဘာလဲဆိုတော့ ဧပြီ ၂၈ ရက်က လူ လေးယောက်ပါတဲ့ ပါဂျဲရိုကားတစ်စီး ရောက်လာကာ နှစ်ယောက်က ဆရာတော်ကို လှူဖွယ်တွေဆက်ကပ်ပြီး ပေပုရပိုက် ပေစာတွေ ရောင်းဖို့ပြောတယ်။ ကျောင်းထိုင်ဆရာတော်က မရောင်းဘူးလို့ပြောတာ။ နှစ်ယောက်က ပုရပိုက်တွေသွားကြည့်နေတာ။ အဲဒီလာတဲ့ ကားကို မသင်္ကာလို့ မှတ်ထားပါတယ်။ အဲဒီကားနံပါတ်နဲ့တော့ အမှုဖွင့်ထားပါတယ်" ဟု ကနီမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောသည်။





ငွေကျပ် သိန်း ၁၂၅၀၀ ဟု ခန့်မှန်းထားသော ပေစာထုပ် ၁၂၅ စည်းခန့် ပျောက်ဆုံးမှုကို ကနီမြို့မရဲစခန်းက အမှုဖွင့်ကာ ပေစာထုပ်များခိုးယူသွားသူအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရန် ဒေသခံများ၊ တာဝန်ရှိသူများဖြင့် ချိတ်ဆက်ကာ ပိုက်စိတ်တိုက်ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## တရားမဝင်ခိုးဝင်လာသူ နိုင်ငံခြားသားတစ်ဦးအား စဉ့်ကူးမြို့နယ်၌ စစ်ဆေးတွေ့ရှိ

**စဉ့်ကူး မေ ၉**

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ခိုးဝင်လာသူ တရုတ်နိုင်ငံသားတစ်ဦးကို ၎င်းတရားမဝင် ရောက်ရှိနေထိုင်နေသည့် စဉ့်ကူးမြို့နယ် ကံတောင်ကျေးရွာ ဦးမြင့်ဌေး၏ နေအိမ်တွင် မေ ၇ ရက် ည ၁၂ နာရီခန့်က စစ်ဆေးတွေ့ရှိရသည်။

ကံတောင်ကျေးရွာ ဦးမြင့်ဌေး၏နေအိမ်တွင် တရုတ်နိုင်ငံသား ဖန့်ကွေ့ပင်(၂၇ နှစ်) အငှားယာဉ်မောင်း ကောင်းလုံရွာ ရှားကူမြို့ ဖူကျင့်ပြည်နယ် တရုတ်နိုင်ငံနေသူသည် တရားမဝင်ရောက်ရှိနေထိုင်ကြောင်း ဒုတိယရဲအုပ် ဇော်ဝင်းဦးနှင့်အဖွဲ့က စစ်ဆေးတွေ့ရှိ၍ စဉ့်ကူးမြို့နယ် လဝကရုံးသို့ သတင်းပေးပို့သဖြင့် မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေက အဆိုပါ တရုတ်နိုင်ငံသား ဖန့်ကွေ့ပင်သည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခွင့်လက်မှတ်သော် လည်းကောင်း၊ ခိုင်လုံသည့် နိုင်ငံကူးလက်မှတ်သော်လည်းကောင်း မပါရှိဘဲ တရားမဝင် ဝင်ရောက်လာခြင်းကို စစ်ဆေးတွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံသားအား မြို့နယ်လဝကရုံးတွင် လုံခြုံစွာထိန်းသိမ်းထားရှိပြီး တရားစွဲဆိုတင်ပို့ နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်**



တရားမဝင် ခိုးဝင်လာသူ နိုင်ငံခြားသားကို တွေ့ရစဉ်

## မင်္ဂလာဒုံမြို့နယ်တွင် ဒဏ်ရာများဖြင့်သေဆုံးနေသော အမျိုးသားတစ်ဦးတွေ့ရှိ၊ သက်ဆိုင်ရာက ပြစ်မှုကျူးလွန်သူအားစုံစမ်းဖော်ထုတ်လျက်ရှိ

**ရန်ကုန် မေ ၉**

မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့နယ်မြေအတွင်း၌ ယနေ့နံနက်ပိုင်းက ဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသားတစ်ဦးကို တွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာက ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ထောက်ကြံ့နယ်မြေအတွင်းရှိ ပျဉ်းမပင်ကျေးရွာ (နာရီစင်လမ်းဘေး) မြန်မာ့လယ်ယာနှင့် စက်မှုသုံး ရော်ဘာပစ္စည်းထုတ်လုပ်ရေးဌာန၏ အုတ်တံတိုင်းဘေးတွင် ယနေ့ နံနက် ၇ နာရီခွဲခန့်က အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အမျိုးသားတစ်ဦးဖြစ်ပြီး ပါးစပ်အား အပြာရောင် မျက်နှာသုတ်ပဝါဖြင့် ပိတ်စည်း၍ လက်နှစ်ဖက်အား အစိမ်းရောင်တိပ်ဖြင့် ချည်နှောင်ထားလျက် သေဆုံးနေကြောင်း သိရသည်။

သေဆုံးသူ အမျိုးသားတွင် ဦးခေါင်း ယာချိုစောင်း ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ယာရင်အုံ ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ဝဲချိုင်းအောက် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ယာလက်မောင်း ထိုးသွင်းဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေခြင်းဖြစ်ပြီး သက်ဆိုင်ရာက အမှုဖွင့်လှစ်၍ ကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်ပွားမှုနှင့် ပတ်သက်၍ "ပတ်ဝန်းကျင်မှာ သွေးကွက်တွေ ဟိုတစ်ကွက်၊ ဒီတစ်ကွက်ဖြစ်နေတာမျိုးတွေလည်း မတွေ့ရဘူး၊ ရုန်းရင်းဆန်ခတ်ဖြစ်ထားတဲ့ အနေအထားမျိုးလည်း မတွေ့ရပါဘူး။ သေဆုံးသူကိုတော့ စုံစမ်းသိရှိရပါပြီ၊ လက်ရှိမှာတော့ ဖြစ်ပွားရတဲ့အကြောင်းရင်းနဲ့ ကျူးလွန်သူကို စုံစမ်းဖော်ထုတ်နေပါတယ်"ဟု ထောက်ကြံ့နယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သတင်းစဉ်၏ ဆက်သွယ်မေးမြန်းမှုအပေါ် ယနေ့ညနေပိုင်းတွင် ပြန်လည်ဖြေကြား သည်။

အဆိုပါ သေဆုံးသူအမျိုးသားမှာ မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် မဥ္ဇူသကလမ်းနေ ကိုလင်းလင်းထွန်း(၁၉)နှစ် ကျပန်းအလုပ်သမားတစ်ဦး ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**

## ရန်ကုန်-မန္တလေး အမြန်လမ်း၌ အိမ်စီးကားတစ်စီး အရှိန်လွန်တိမ်းမှောက် ချောက်ထဲကျ၍ နှစ်ဦးသေဆုံး



**နေပြည်တော် မေ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၉၅/၀ နှင့် ၁၉၅/၁ ကြား၌ ယနေ့ နံနက် ၉ နာရီခွဲခန့်က အိမ်စီးမော်တော် ယာဉ်တစ်စီး လမ်းဘေးချောက်ထဲကျ တိမ်းမှောက်ခဲ့သည်။

နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဒေါ်နီနီထွေး (၄၀ နှစ်) မန္တလေး ချမ်းအေးသာစံမြို့နယ်နေသူ မောင်းနှင်လာသော ပါဂျဲရိုး 6D/---- ယာဉ်သည် မိုင်တိုင်အမှတ် ၁၉၅/၀ နှင့် ၁၉၅/၁ ကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် မြေသားလမ်းဘေးရှိ ချောက်ထဲသို့ တိမ်းမှောက်ခဲ့သည်။ **(ဓါတ်ပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူ ဒေါ်သန်းရွှေမုန်း (၇၂ နှစ်)နှင့် ဒေါ်လွင် (၃၇ နှစ်)တို့ နှစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့ပြီး ယာဉ်ပေါ်ပါ သံဃာတစ်ပါးနှင့် ယာဉ်မောင်း ဒေါ်နီနီထွေးတို့မှာ (မစိုးရိမ်ရ)ဒဏ်ရာရရှိခဲ့သည်။

ယာဉ်တိမ်းမှောက်ရာသို့ အမြန်လမ်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် တာဝန်ရှိသူများက သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို တပ်ဖွဲ့ပိုင် မော်တော်ယာဉ်များဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း ဒေါ်နီနီထွေးအား တာဝန်ရှိသူများက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဆင်သုန်ရွာနေ ဦးဒွါထန်-ဒေါ်ဟီယာရွှေ၏သား မောင်ဇော်ပ်ဘန်(ခ)မောင်ဇော်ဘမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ဇော်ပ်ဘန်(ခ)မောင်ဇော်ဘ

**အမည်ပြောင်း**

ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ အောင်ချမ်းသာရွာမှ ဒေါ်လှလှ ၉/ပမန(နိုင်)၂၁၀၆၆၆ ၏ အမည်မှန်မှာ ဒေါ်ရင်မာ ဖြစ်ပါသည်။

ဒေါ်ရင်မာ

ဝါရင့် ဆရာ/ဆရာမကြီးများသင်မည်။
စီးပွားရေးတက္ကသိုလ်/ညနေပိုင်းမဟာဘွဲ့
EMBA/EMPA ဝင်ခွင့်
GMAT, Reasoning & English သင်တန်း
13 May 2017 စမည် (ရုံးချိန်လွတ်)
■ ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည် ■
SecA; Sat-Sun 3-5pm SecB; Tue-Wed 6-8pm
ORION Business School
အမှတ်-၂၆၇၊ ၁-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (အုံ့စင်တာအနီး)။ 09-5115997

**ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)**
**ယုဇနကုမ္ပဏီ၏ ရန်ကုန်နှင့်နယ် Site များတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်**

၁။ အင်ဂျင်နီယာ (B.E/B.Tech/A.G.T.I) (Mechanical) ကျား ၅ဦး
၂။ အင်ဂျင်နီယာ (B.E/B.Tech/A.G.T.I) (Electrical) ကျား ၅ဦး

လျှောက်ထားလိုသူများသည် ခေါင်းလအတွင်းရိုက်ထားသော ဓာတ်ပုံတစ်ပုံ၊ ဘွဲ့လက်မှတ်မူရင်းမိတ္တူ၊ မှတ်ပုံတင်မူရင်း/မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ/အလုပ်သမားမှတ်ပုံတင်များနှင့်အတူ ယုဇနကုမ္ပဏီအမှတ် ၁၃၀၊ ယုဇနစင်တာ တတိယထပ်၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။







ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျှက်ရှိပါသည်။
No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ<br>၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | သွင်<br>၀၁-၃၇၂၅၉၄<br>၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁)<br>သိမ်ကြီးဈေး<br>၀၁-၂၄၃၀၅၇<br>၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ<br>၀၉၂၆၀၈၈၇၀၃၅<br>၀၉၂၆၀၈၈၇၀၃၆<br>၀၁ ၂၃၀၃၁၆၅ |
| Top Royal<br>(စိန်ဂေဟာ-ပါရမီ)<br>၀၉၄၂၀၁၈၂၉၁<br>၀၉၄၂၀၁၈၂၉၂ | မင်္ဂလာ ဂမုန်းပွင့်<br>လှည်းတန်း - ဗန္ဓုလ<br>၀၉ ၇၇၉၀၅၄၆၇၁<br>၀၉ ၇၇၉၀၅၄၆၇၂<br>၀၉ ၇၇၉၀၅၄၆၇၃ | မင်္ဂလာထွန်းသီရိ<br>(ပြည်)<br>၀၉၇၉၁၁၈၃၇၅၁<br>၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာ<br>ICON Mall - ပဲခူး<br>၀၉၄၅၆၆၀၀၁၁၅<br>၀၉၄၅၆၆၀၀၁၁၆ |

| | | | | |
|---|---|---|---|---|
| မန္တလေး<br>ဝင်းလိုက်<br>၀၂-၃၉၁၂၈<br>၀၂-၆၀၂၉၁ | မန္တလေး<br>မြို့မ<br>၀၂-၃၉၁၃၆<br>၀၂-၃၉၁၃၇ | မင်္ဂလာ<br>မန်းနေပြည်တော်<br>၀၉၉၆၀၉၁၁၂၁၁<br>၀၉၉၆၀၉၁၁၃၁၁ | မင်္ဂလာစံပြ<br>(မကွေး)<br>၀၉ ၇၆၈၅၂၅၇၄၁<br>၀၉ ၇၆၈၅၂၅၇၄၂<br>၀၉ ၇၆၈၅၂၅၇၄၃ | NEW 3D Cinema<br>တောင်ငူ<br>၀၉၈၆၆၆၄၅၅<br>၀၉၇၇၅၃၅၈၉၉၁-၂ |




# သဘာဝဘေးအန္တရာယ်အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်မည့်ဗောဓိညောင်ရေ

**ဒေါက်တာမောင်ဖြေ**

"မင်းလွင်မှိုင်းဝေ၊ မြောက်လေချိုမြ၊ သွန်းချဖြောက်ဖျန်း၊ လျှပ်ပန်းလျှပ်ခြည်၊ ဝန်းလည်ရစ်ခွေ၊ ထွေထွေခြယ်ဆန်း၊ တိမ်ပန်းရွှေပွင့်၊ ကုံးဆင့်ကုံးနှစ်၊ ကြွေးဟစ်ရင့်ကျူး၊ တောင်ကူးမြောက်ပါး၊ တိမ်သားမှိုင်ဝေ၊ လွမ်းသာဖွေက" ဟူ၍ ကဆုန်လတွင်တွေ့မြင်ခံစားရသည်ကို ရတုဘုရင်နတ်သျှင် နောင်က ပုံဖော်ခဲ့၏။

ကောင်းကင်ရှိတိမ်တိုက်များက ရွာမလိုနှင့် ရွာရုပ်ဆင်နေသော မိုးရာသီ၏ အသွင်ကို လှစ်ပြကာ နွေပီပီ အပူရှိန်ပြင်းလှကြောင်းကို စာဆိုမဟာအတုလမင်းကြီးက "မြူခြေငယ်စွန်းပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖလ်သူရှိန်တေဇာကြောင့်၊ ပူဗျာပါကဲတဲ့လကိုလေး" ဟူ၍ စာဆိုရှင်၏ လွမ်းချင်းမှာ တွေ့ရသည်။

"တန်ခူးရေကုန် ကဆုန်ရေခန်း စကားစဉ်ရှိသည်။ ဤလသည် နွေလလယ်ကုန်ဖြစ်သည်။ ခြောက်ခြောက်သွေ့သွေ့နှင့် ငြီးငွေ့ဖွယ်ဖြစ်သည်။ ကဆုန်၊ ကုဆုန်ခေါ်ရာတွင် ကု၊ က တို့သည် ရေဟုအဓိပ္ပာယ်ရသည်။ ဆုန်၏ အဓိပ္ပာယ်မှာ သွန်းလောင်းဖျန်းခြင်းဖြစ်သည်။ ကုဆုန်၊ ကဆုန်ဟူသော ဝေါဟာရတို့ကို "ရေသွန်းလ၊ ရေလောင်းလ၊ ရေဖျန်းလ" ဟူ၍ အဓိပ္ပာယ်ကောက်ယူရမည်ဟု ပညာရှင်များက ယူဆကြသည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ယင်းရာသီကိုစွဲပြီး မြန်မာဘာသာဖြင့် ကဆုန်လဟုခေါ်ဝေါ်ကြ၏။ မြန်မာဘာသာမှာ ပညာရှိတို့ ကြံစည်သည်မှာ "ကံဥဒကံဆိန္ဒတီတိကဆိန်" ဟု ဝစနတ္တရသည်။ ယောမာ-သော၊ အကြင်လသည်၊ ကံဥဒကံ-ရေကို၊ ဆိန္ဒတိ-ဖြတ်တက်၏။ တ္တတိတသွာ-ထို့ကြောင့်သော မာသော ထိုလသည်၊ ကဆိန်-ကဆုန်မည်၏။ အဓိပ္ပာယ်မှာ ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ ထုံး၊ အင်း၊ အိုင်တို့၌ ရေပြတ်ရေစင်သောလကို ဆိုလိုသည်။ ဗေဒင်ကျမ်းတွင် အာဒိ၊ မဇ္ဈူ၊ အဝသာန်ခေါ်ဝေါ်ရာ၌ မဇ္ဈိမကို မဇ္ဈူခေါ်သကဲ့သို့ မုဒုံ၊ မဇ္ဈုံ၊ မြန်မာပြန်ကာ ကဆိနကဆုန်ဟု ယူဆရာ၏။ ကျမ်းပြုဆရာ၏ ဆိုလိုရင်းမှာ ကဆိနဟူသောပါဋ္ဌိမှ ကဆုန်ဖြစ်လာသည်။ ကသည်ရေဟော၊ ဆုန်(ဆိန)သည်ပြတ်ခြင်း အဓိပ္ပာယ်ရှိ၍ ကဆုန်မှာ ရေပြတ်သောလဖြစ်သည်ဟု ဆိုလို၏။

ဆေးပညာရှင်တို့၏ အယူအဆအရ မာဃဒေဝလင်္ကာသစ်ကြီး၌ "အတာကူးသား၊ တန်ခူးကဆုန်၊ ပူဟုန်တက်ကြွ၊ ဝသန္တနှင့် တာဝထိုမြို့ တပို့တပေါင်း၊ ကြက်ဆောင်းမာသ၊ သိသိရ၍၊ လုံ့လကြိုးကုတ်၊ အားထုတ်ပြင်းစွာ၊ မပြုရာတည်း" ဟု သတိပေး၏။ လောကသည် အလွန်ပူ၏။ ခြောက်သွေ့၏။ ရေကန်ရေအိုင်တို့၌ ရေသောက်သောသားတို့ဖြင့် ပြွမ်း၏။ အစပ်အခါးအရသာရှိသော အသီးအရွက်အမြစ်တို့သည် အားရှိကုန်၏။ အချဉ်၊ အငန်၊ ပူသောအစာ အပင်ပန်းခံခြင်းတို့ကို ကြဉ်ရှောင်အပ်ကုန်၏ဟူ၍ ဆေးပညာအရ သတိပေးခဲ့သည်။

မြန်မာနိုင်ငံသို့ ဗောဓိပင်များရောက်ရှိခဲ့သည့် သာဓကနှင့် စပ်လျဉ်း၍ သင်္ကြီးညောင်အုပ်ကျောက်စာ(ကျော -၂-၃) တွင် "က(ကမ်)န်ပသကူလေပြီ၏ ညောင်မီဖုန်" ဟုလည်းကောင်း၊ သက္ကရာဇ် ၆၅၃ ခုနှစ်တွင် ပုဂံမြို့ စောလုဝန်းကျောက်စာ(ကျော ၂၂-၂၃)တွင် "မီဖုန်၊ သကြံန်၊ စာရိယ်၊ ညောင်ရေသွန်း၊ မပြတ်စိတ်လျှင်တည်" ဟုလည်းကောင်း အထောက်အထား တွေ့ရှိချက်များအရ ပုဂံခေတ်တွင် မဟာဗောဓိပင်များ ရှိနေပြီဖြစ်ကြောင်း လေ့လာရပေမည်။ ထူပါရုံ ဒယကာမင်း၊ နရပတိကြီး ၀၀၄ လက်ထက်နှင့် ပြည်စုန်မင်း မဟာသီဟသူရ ၀၀၃ လက်ထက်၌ မဟာဗောဓိပင်တို့ လှူသွားကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ဗောဓိပင်စိုက်ပျိုးသည့် အကြောင်းကို အချိန်ကာလအစောဆုံး တွေ့ရှိရသည်မှာ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံ၌ နန်းတက်တော်မူသည့် နရပတိစည်သူလက်ထက်တွင် ပေါင်းလောင်းရှင်ဟု ခေါ်သော အရှင်ပဿမထေရ်သည် သီဟိုဠ်သို့ သွားရောက်၍ အပြန်ခရီးတွင် မဟာဗောဓိညောင်စေ့များကို ပင့်ဆောင်လာပြီးနောက် နရပတိစည်သူမင်းအား ပေးတော်မူကြောင်း မှတ်တမ်းဟောင်းများတွင် လေ့လာသိရှိရသည်။

ပင်းယခေတ်တွင် ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ဗောဓိပင်စိုက်တော်မူ၏" ဟု သာသနာလင်္ကာရစာတမ်း ၁၂၆ တွင် ပြဆိုထားပေသည်။ ဗောဓိပင်သည် "ကာဠု၊ ယသော်၊ ညီတော်၊ ဆန္ဒ၊ ကဏ္ဍက၊ ဗုဒ္ဓဟေ" ဆိုသည့် မြတ်စွာဘုရားရှင်၏ ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ သစ္စာလေးပါးမြတ်တရားတို့ကို သိမြင်တော်မူသောနေရာတွင် ပေါက်ခြင်းကြောင့် အလွန်ထူးမြတ်သော သစ်ပင်ဖြစ်၏။ ဗောဓိဉာဏ်ကိုရရန် အားထုတ်တော်မူရာတွင် အမှီပြုတော်မူသော သစ်ပင်မျိုးဖြစ်၍ ပရိဘောဂစေတီတွင်ပါဝင်၏။ ဥဒ္ဒကပါဠ္ဌအဌကထာနိမိကဏ္ဍသုတ်အဖွင့်၌လည်း "စေတီဆိုသည်မှာ ပူဇော်သင့် ပူဇော်ထိုက်သည့်အရာဖြစ်သည်။ စေတီသည် ပရိဘောဂစေတီ၊ ဥဒ္ဒိဿကစေတီ၊ ဓာတုစေတီဟု သုံးမျိုးရှိရာတွင် ဗောဓိပင်သည် ပရိဘောဂစေတီမည်၏" စသည်ဖြင့် ဖွင့်ဆိုထားသည်။ ထို့ကြောင့် မြတ်စွာဘုရားပွင့်တော်မူရာဖြစ်သော "ဗောဓိညောင်ပင်" သည်ပူဇော်ထိုက်သည့် သစ်ပင်ထူးသစ်ပင်မြတ်ဖြစ်၏။

ဂေါတမမြတ်စွာဘုရားရှင်၏ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာ သစ်ပင်မှာကား ညောင်ဗုဒ္ဓဟေ(ညောင်နီ)ပင်ဖြစ်၍ ထိုညောင်ဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင်သာသနာတော်၌ ဗောဓိပင်မည်ပေသည်။ ယင်းဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်သည့် သဘောရှိသဖြင့် "မဟာဗောဓိပင်" ဟု ခေါ်ဝေါ်ကြသည်။

ပါဋ္ဌိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အနက်အဓိပ္ပာယ်သုံးမျိုးတို့ကို ဟော၏။ အရိယာမဂ်သည် သစ္စာလေးတန်တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။ သိသင့်သမျှ ဧယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတဉာဏ်တော်သည် ဗောဓိမည်၏။ ဘုရားတို့ ပွင့်တော်မူရာ သစ်ပင်တို့ကား သစ္စာလေးပါး ဧယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာဖြစ်သောကြောင့် ဗောဓိပင်ဟုခေါ်သည်။

ဖွားမြင့်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊မှတ်ရန်ကဆုန်လပြည့်ကြုံ ဟူသော စကားစဉ်ရှိသည်။ စကားစဉ်သည် ဂေါတမဘုရားရှင်သာလျှင် ဤလ၊ ဤရာသီတွင် ဖွားမြင်ခြင်း၊ ဘုရားအဖြစ်ကိုရတော်မူ ခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်းမဟုတ်ပါ။ နှစ်ကျိပ်ရှစ်ဆူသော မြတ်ဘုရားရှင်တို့သည်လည်း ဖွားတော်မူသောလ၊ ဘုရားအဖြစ် ပွင့်တော်မူသောလ ပရိနိဗ္ဗာန်ပြုတော်မူသောလ ဖြစ်ပေသည်။

ကဆုန်လပြည့်နေ့သည်---

(က) ဘုရားအလောင်း သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားရှေ့အရောက် ဝမ်းလျားမှောက်ကာ မြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ခံယူရရှိတော်မူခဲ့သည်။

(ခ) အလောင်းတော်သိဒ္ဓတ္ထမင်းသားကို မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌ မဟီလှိုက်ဆူ ဖွားမြင်တော်မူခဲ့သည်။

(ဂ) သစ္စာလေးပါးမြတ်တရားကို ရရှိတော်မူရာဖြစ်သည့် မဟာဗောဓိပင်ပေါက်သောနေ့လည်းဖြစ်သည်။

(ဃ) အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သစ္စာလေးပါးမြတ်တရားကို ပိုင်းပိုင်းထင်ထင် သိမြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

(င) မြတ်စွာဘုရားသည် ဝါတော်လေးဆယ့်ငါး၊ သက်တော်ရှစ်ဆယ်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ကုသိနာြုံပြည်၊ မလ္လမင်းတို့၏ ဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူသည်။

ရှေးမင်းအဆက်ဆက် ဗောဓိပင်စိုက်ပျိုးကြသည့် မွန်ဘုရင်ဓမ္မစေတီမင်း ၈၃၃ သည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်မြောက်ဆံတော်ကြီးလမ်းရှိ ကုန်းတော်ဖြစ်သော ယခုဗောဓိကုန်းပေါ်တွင် သီဟိုဠ်ဒက္ခိဏသာခါဗောဓိပင်တော်မှရသော မျိုးစေ့ဖြင့် စိုက်ပျိုးထား၏။

သက္ကရာဇ် ၁၁၆၈ ခု၊ တပေါင်းလဆန်း ၇ရက်နေ့တွင် ဘိုးတော်မင်းတရားကြီးသည် ရွှေတောင်သာဂသူ၊ ရွှေတောင်သီရိစည်သူတို့အား မဇ္ဈိမဒေသဘုရားပွင့်တော်မူရာ မဟာဗောဓိပင်သို့ အဖူးအမြော် စေလွှတ်တော်မူခဲ့ပြီး အပြန်တွင် ဗောဓိပင်မဟာပါလရိဂူသံဇိတ ဆက်သလိုက်သည့် ဗောဓိပင်ငယ်နှစ်ပင်ကို မဇ္ဈိမဒေသမှ ပင့်ဆောင်၍ ဗောဓိမြေစစ်ကို ယူဆောင်ကာ အောက်ခံပြုလျက် ဘဝရှင်မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးတော်မူသည်။ ထိုမင်းလက်ထက် သက္ကရာဇ် ၁၁၉၆ ခုနှစ်တွင် မဇ္ဈိမဒေသ ဗုဒ္ဓဂါယာမှ ဝန်ထောက်မင်းကြီး မဟာစည်သူ၊ စာရေးကြီးမင်းလှနန္ဒာကျော်ထင်တို့ ပင့်ဆောင်လာသည့် မဟာဗောဓိပင်ကို ရွှေနန်းတော်၏ အနောက်တောင်တွင် အလုံဝန်ကြီးကိုးကွယ်သည့် ကျောင်းတိုက်အတွင်း မင်းကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့သည်။

ဗောဓိပင်ကို ပူဇော်ခြင်းသည် ဘုရားရှင်အား ပူဇော်ခြင်းဖြစ်၏။ ဘုရားရှင်ကိုယ်တိုင် အသုံးပြုတော်မူသော ဗောဓိပင်မြတ်သည် စေတီတော်မည်၏ဟု ဘုရားရှင်က အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့၏။ ဘုရားရှင်သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ဗောဓိပင်ကိုစိုက်၍ ဘုရားရှင်ကိုယ်စား ပူဇော်ကိုးကွယ်ခဲ့ကြ၏။ ထေရသကနိပါတ်တော်လာ ကာလိင်္ဂဗောဓိဇာတ်၌ ပြဆိုထားပြီး ဥဒ္ဒကပါဠ္ဌကထာနိမိကဏ္ဍသုတ်အဖွင့်၌လည်း စေတီသုံးမျိုးတွင် ဗောဓိပင်သည် ပရိဘောဂစေတီမည်ကြောင်း ဖွင့်ဆိုထားသည်ကို ဆိုခဲ့ပြီးဖြစ်၏။

ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခြင်းနှင့် ပတ်သက်ပြီး ဒသနဗောဓိယမထေရ်လောင်းသည် တိဿဘုရားရှင်တို့၏ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရသောကုသိုလ်ကြောင့် နတ်ပြည်၌ နတ်သားဖြစ်ရခြင်း၊ စကြာမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှ လွတ်ကင်းရခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိသည်။ ဂနောဒကတိဿမထေရ်လောင်းအနေဖြင့် ပဒုမုတ္တာဘုရားရှင်တို့၏ ဗောဓိပင်ကို နံ့သာရည်သွန်းလောင်းသော ကုသိုလ်ကြောင့် နတ်ပြည်၌ နတ်ဖြစ်ရခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ ကျန်းမာသုခပြည့်စုံခြင်းစသော ကင်းဝေးခြင်းစသည့် အကျိုးကျေးဇူးများကို အသီးသီးခံစားရသည်။

ကဆုန်လပြည့်နေ့တွင် ဗောဓိပင်ကို ရေသွန်းလောင်းကာ ကုသိုလ်ပြုသည်။ ညောင်ရေသွန်းလောင်းသည်ဟု ခေါ်၏။ ဗောဓိပင်ဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ဖွင့်ဆိုရသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်းသည် မည်သည့်နိုင်ငံကမျှ ဆင်းသက်လာသည့် ပွဲတော်မဟုတ်ပါ။ ရှေးအခါခေတ်ကာလကပင် မြန်မာနည်း၊ မြန်မာ့ဟန်ဖြင့် ကုသိုလ်ပြုကြခြင်းဖြစ်သည်။ မြန်မာတို့ကိုယ်ပိုင်ပွဲတော် ဖြစ်ပေသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်းသည် ဗောဓိဉာဏ်ကို ရရှိရန် အားထုတ်တော်မူရာဖြစ်၍ ဗောဓိပင်အားရည်စူးကာ ညောင်ရေသွန်းလောင်းခြင်းဖြစ်၏။ နွေလတွင် မဟာဗောဓိပင်တို့ မညှိုးနွမ်းစေလိုသော ရည်ရွယ်ချက်ဖြင့် ကုသိုလ်ပြုကြခြင်းဖြစ်သည်။ ဗောဓိပင်ကို ရေသွန်းကြသည့် ယဉ်ကျေးမှုဓလေ့နှင့်စပ်လျဉ်း၍ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ပဿေနဒီကောသလမင်းကြီးသည် အာနန္ဒာဗောဓိပင်ကို အမွှေးနံ့သာရည်တို့ဖြင့် သွန်းလောင်းခဲ့ဖူးပြီး သာသနာတော်သက္ကရာဇ် ၂၃၆ ခုနှစ်တွင် သီရိဓမ္မာသောကမင်းသည် ဒက္ခိဏသာခါမဟာဗောဓိပင်ကို အနောဓာတ်ရေစင်ဖြင့် အကြိမ်ကြိမ် ဘိသိက်သွန်းလောင်းခဲ့ဖူးသည်ကို မှတ်တမ်းများက ဆိုထား၏။ ယင်းသို့ သက်ရှိထင်ရှားမြတ်စွာဘုရားအား ပူဇော်သကဲ့သို့ ဗောဓိပင်အား ရေသွန်းလောင်းခြင်းသည် ကောင်းမွန်မြင့်မြတ်သော ပူဇော်မှုကြီးပင်ဖြစ်ပေသည်။

ဣတိဝဏ္ဏေန သီလေန၊ ဈာနာဉာဏာ သမ်ဂိန်

ဝန္ဒာမိ သိရသာ ဗုဒ္ဓံ၊ ဗုဒ္ဓဿ ပရိဘောဂိကံ

ဣတိ-ဤသို့ ဆိုအပ်ခဲ့ပြီးသော၊ ဝဏ္ဏေန-သိင်္ဂီရွှေစစ်ဇမ္ဗူရာဝါနှစ်သန့်စင်ကြည်လင်သော အဆင်းတော်နှင့်လည်းကောင်း၊ သိ- မြေကြီးသဖွယ် ဆန်းကြယ်ပြီး တုန္ဒိုင်းမပြုအပ်သော စတုပါရိသုဒ္ဓိသီလမြတ်နှင့် လည်းကောင်း၊ ဈာနာဈာနေန-မြင်းမိုရ်သမုဒ္ဒရာပမာ နှိုင်းညှိတို့သည် သမာဓိဌာန်တန်ခိုးချွန်သော ဈာန်သမာပတ်တော်နှင့်လည်းကောင်း၊ ဉာဏာဉာဏေန-မငြိမတွယ်လေနှယ်လျင်လား လိုတိုင်းသွားသော ဉာဏ်နှင့်လည်းကောင်း၊ သမ်ဂိနံ-ပြည့်စုံတော်မူပေသော၊ ဗုဒ္ဓံ-မြတ်စွာဘုရား၊ သိရသာ-ဦးခေါင်းရတနာမြတ် အင်္ဂါဖြင့်၊ ဝန္ဒာမိ-ရှိခိုးပါ၏ ဘုရားဟူ၍ ရှိခိုးပူဇော်လျက် ဗောဓိညောင်ရေသွန်းလောင်းကြကာ ပို၍အကျိုးများပေသည်။

မြန်မာနိုင်ငံတစ်ဝန်း ကဆုန်လပြည့်နေ့ရောက်သည်နှင့် ငါးပါးသီလနှင့်ရှစ်ပါးသီလတို့ကို မိမိတို့တတ်စွမ်းသမျှ ခံယူဆောက်တည်ကြပြီး မြတ်စွာဘုရားကို အာရုံယူ၍ ဗုဒ္ဓါနုဿတိဘာဝနာများကို ပွားများအားထုတ်ကြသည်။ "ကဆုန်လပြည့်" အခါသမယတွင် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုးဖျန်းဖျန်း၊ ကျိုးမျှတန်ခိုးတော်အနန္တတို့ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်အား ညောင်ရေသွန်းလောင်းပူဇော်ရသဖြင့် မြတ်ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကြောင့် သဘာဝဘေးအန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးနှင့်တကွ နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း လိုက်ပါသည်။ ။

**ညောင်ရေသွန်းပွဲတော် ကျင်းပခြင်းသည် မည်သည့်နိုင်ငံကမျှ ဆင်းသက်လာသည့် ပွဲတော်မဟုတ်ပါ။ ရှေးအခါခေတ်ကာလကပင် မြန်မာနည်း၊ မြန်မာ့ဟန်ဖြင့် ကုသိုလ်ပြုကြခြင်းဖြစ်သည်။ မြန်မာတို့ ကိုယ်ပိုင်ပွဲတော် ဖြစ်ပေသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်းသည် ဗောဓိဉာဏ်ကိုရရှိရန် အားထုတ်တော်မူရာဖြစ်၍ ဗောဓိပင်အားရည်စူးကာ ညောင်ရေသွန်းလောင်းခြင်းဖြစ်၏။**

---

## လူငယ် အလုပ်အကိုင်နှင့်စီးပွားရေးအခွင့်အလမ်းအလုပ်ရုံဆွေးနွေး

**ထားဝယ် မေ ၉**

ထားဝယ်မြို့ မြောက်ရွာအရပ် ဇေယျာထက်စံဟိုတယ်၌ "သမုဒ္ဒရာဝမ်းတစ်ထွာ" လူငယ်အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၆ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားပြီး Generation Focused Monitor (GFM) ပရောဂျက်မန်နေဂျာ စစိုးမှန်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် (GFM) ကိုမိတ်ဆက်သည်။

ဆက်လက်၍ (GFM) မှသုတေသန ဒါရိုက်တာ ဦးနေလင်းထိုက်က လူငယ်များ၏ သုတေသနတွေ့ရှိချက်များကို မျှဝေပေးပြီး တက်ရောက်လာသော ဒေသခံအဖွဲ့အစည်း အသီးသီးက လူငယ်များအတွက် ပညာရေးနှင့် အလုပ်အကိုင်တက်လမ်းအတွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးအောင်သူငြိမ်း (မူဝါဒရေးရာကျွမ်းကျင်သူ)တို့က လူငယ်အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စိန်ပန်းပွင့်၊ ထနောင်းပွင့်နှင့် ဗျစ်ပွင့်နောက်တိုးများ

## ဆူးငှက်

လမ်း ၃၀ ပေါ်က ရုံးကြီးကတော့ဖြင့် အရင်အတိုင်း ပြောင်းလဲမှု မရှိလှ။ တစ်ခုတော့ရှိတာပေါ့။ အရင်က မျက်နှာထားတင်းလှသော၊ ကိန်းကြီးခန်းကြီးနိုင်လှသော လူကြီးတစ်ဦးအနားသို့ ဘယ်သူမျှ အနားမသီရဲသကဲ့သို့ ရှိသော်လည်း အခုတော့ အိမ်မှာပါ ဝင်ထွက်သွားလာနေကာ ရင်းချာနေသူတစ်ဦးပမာမို့ ကျွမ်းဝင်နှံ့စပ် ရင်းနှီးသူတစ်ဦးကဲ့သို့တော့ ဖြစ်နေ၏။

အရင်က ရုံးမျက်နှာစာမှာ စိန်ပန်းပင်များကလွဲလို့ ဘာမျှ မရှိ။ ဘာမှအနားမသီ။ အခုတော့ အအေးဆိုင်၊ ဘီယာဆိုင်၊ စတိုးဆိုင်၊ စာအုပ်ဆိုင်၊ ထီဆိုင်၊ ကုန်မာဆိုင် စသည်ဖြင့် ဆိုင်တန်းလေးတွေနှင့် ရုံးကြီးကို စတင်မိတ်ဆက်ရတော့သည်။

ကျွန်တော်တို့သည် ရုံးတဲ့ဟေ့ဆိုလျှင် ခပ်ဖြည်းဖြည်း တအိအိလည်နေသော မျက်နှာကြက်ပန်ကာ၊ ဆင်နားရွက်တံခါး၊ မဟော်ဂနီစားပွဲ၊ ဖိုင်စင်နှင့် စာအုပ်စာတမ်းများ၊ ဖိုင်တွဲများ၊ ထို့နောက် မင်းစေခေါ် လက်နှိပ်ဘဲလ်နှင့် လက်ညှိုးညွှန်မှုများ။

ရုံးလုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ နားထဲမှာစွဲနေတာကလည်း ကြိုးနီစနစ်တဲ့၊ ဗျူရိုကရက်တဲ့။ ကြိုးနီစနစ်ဆိုတာက ကန့်သတ်ထားသော ဘယ်သူမျှ ဖွင့်ကြည့်ခွင့်မရသည့် ကြိုးနီနှင့် စည်းနှောင်ထားသော အရေးကြီးဖိုင်များမှ ပေါ်ပေါက်လာသော လူထုသုံးစကားလုံးဖြစ်ပုံရသည်။ ဗျူရိုကရက်ဟူသော စကားလုံးမှာလည်း ဗျူရိုကရေစီယန္တရားမှ ပေါက်ဖွားလာခြင်းဖြစ်၏။ ဗျူရိုကရေစီနှင့် ပတ်သက်၍ လူထုဦးလှ၏ 'ကျွန်တော်ဗျူရိုကရက်' ဆိုသောစာအုပ်ထဲတွင် 'ကြီးနိုင်ငယ်ကြောက်ဆိုသလို ဗျူရိုကရေစီဝါဒအရ ဆင့်ကဲဆင့်ကဲ သူကြီးမင်းတွေက မြို့ပိုင်ကိုကြောက်ရ၊ မြို့ပိုင်ကလည်း သူ့အထက်ကလူကိုကြောက်ရနဲ့ ဒီလိုသွားကြတာပဲ။ အောက်က တစ်ဆင့်ကိုတစ်ဆင့်ကြောက်ကြောက်ပြီး အထက်ဆုံးအထိ ကြောက်သွားရတယ်။ အထက်ကတော့ အာဏာနဲ့ နင်းပြီး အောက်ဆုံးအထိ အမိန့်နဲ့ဆင်းလာတယ်။ ဒါဟာ ကြီးနိုင်ငယ်ကြောက် ဗျူရိုကရေစီသဘောပဲ' ဟူ၍ ရေးသားထားခဲ့လေသည်။ ထို့အပြင် ဗျူရိုကရေစီ ယန္တရားနှင့်လုပ်ပိုင်ခွင့်အာဏာပိုင်ကိုလည်း ယခုကဲ့သို့ မှတ်သားခဲ့ရပါသေးသည်။

'ဗျူရိုကရေစီ ယန္တရားလည်ပတ်နေတဲ့ အင်္ဂလိပ်အစိုးရခေတ်တုန်းက ဘီအေ၊ အိုင်အေအောင်ပြီး ထူးချွန်တဲ့ကျောင်းထွက်များကို မြို့အုပ်ခန့်ပါတယ်။ မြို့အုပ်ရာထူးနဲ့အတူ တတိယတန်းရာဇဝတ်တရားသူကြီးအာဏာကို အပ်နှင်းတယ်။ ရာဇဝတ်တရားသူကြီးသာမဟုတ်၊ တရားမ တရားသူကြီး (A.T.J) တရားမမှုကလေးတွေပါ စစ်ဆေးဖို့ ခန့်ပါတယ်။ ဒီအပ်နှင်းထားတဲ့ အာဏာတွေနဲ့ တရားဥပဒေတွေလည်း ဘာမှမသိ၊ ဘုမသိ ဘမသိနဲ့ လွှဲပေးတဲ့ တရားမမှု၊ ရာဇဝတ်မှုကလေးတွေကို စစ်စစ်ရတယ်။

အမှုကလေးတွေကတော့ အများအားဖြင့် ဆဲမှု(ရာဇသတ်ပုဒ်မ ၅၀၄)၊ ပါးရိုက်မှု၊ လက်သီးနဲ့ထိုးမှု (ရာဇသတ်ပုဒ်မ ၃၂၃)၊ ခဲနဲ့ပစ်မှု(ရာဇသတ်ပုဒ်မ ၃၃၆)စတဲ့ အမှုသေးကလေးတွေပဲ။ သေးနုပ်တဲ့ အမှုအခင်းကလေးတွေဖြစ်ပေမယ့် မခံချင်ကြတဲ့စိတ်ကရှိနေတော့ တရားခံဘက်ကရော၊ တရားလိုဘက်ကပါ ငွေကုန်ကြေးကျခံပြီး အကျိုးဆောင် ရှေ့နေရှေ့ရပ်ကြီးတွေငှားကာ အမှုရင်ဆိုင်ကြတယ်။

အဲဒီအခါ အစိုးရက ခန့်လိုက်တဲ့ တရားဥပဒေနဲ့ ပတ်သက်လို့ ဘာမျှမသိ၊ ဘာလုပ်ရမှန်းလည်း မသိသေးတဲ့ တရားသူကြီးပေါက်စကလေးတွေဟာ နှစ်ဖက်သက်သေတွေ စစ်ဆေးပြီးဖြုန်းခနဲ ဆုံးဖြတ်ချက်မချသေးဘဲ ရက်ချိန်းပေးလိုက်တယ်။ ဆုံးဖြတ်ချက်ချနိုင်တဲ့ ဥပဒေအတွေ့အကြုံမှ မရှိသေးဘဲကိုး။

ဒီတော့ ရက်ချိန်းပေးထားတဲ့ အချိန်အတွင်းမှာ အမှုစစ်နေတုန်းက တရားလို တရားခံဘက်က ရှေ့နေရှေ့ရပ်ကြီးတွေ စီရင်ထုံးများ အကိုးအကားပြုပြီး လျှောက်လဲကြတာတွေ၊ ဥပဒေအကိုးအကား တင်ပြချက်တွေကို သေသေချာချာ လေ့လာရတယ်။ အလွတ်ကျက်တန်တာကို ကျက်ရတယ်။ မှတ်စရာရှိတာ မှတ်ရတယ်။ အဲဒီလို သေသေချာချာ လေ့လာပြီးမှ အမှုကို အမိန့်ချရတယ်။ အမိန့်ချလိုက်တဲ့အခါ နှစ်ဖက်အကျိုးဆောင် ရှေ့နေကြီးတွေရဲ့ မျက်နှာကို ကြည့်ရသေးတယ်။ ရှေ့နေကြီးတွေ ကျေနပ်ပုံရကြတာတွေ့ရမှ စိတ်အေးရပြီး ဝမ်းသာပီတိဖြစ်ရတော့တယ်' လို့ ရေးသားထားပါတယ်။

ကျွန်တော့်မိတ်ဆွေတစ်ဦးကတော့ ဗျူရိုကရေစီယန္တရားနှင့် ကြိုးနီစနစ်ကို ကန့်ကွက်သူတစ်ဦးဖြစ်၏။ သူကဗျူရို



ကရေစီယန္တရားခေတ်က သူ့အတွေ့အကြုံကို ပြောပြသည်။

"ဆင်နားရွက်တံခါးကို ဖွင့်ဝင်သွားတော့ စားပွဲကြီးမှာ အရာရှိက ထိုင်နေတာဗျ။ မျက်နှာထားက တကတဲ တင်းလိုက်တာဗျာ။ သူ့လုပ်စာစားရ၊ နေရတဲ့အတိုင်း ဝင်လာတဲ့သူကို မျက်လွှာလေးတစ်ချက် ပင့်ကြည့်ဖော်မရဘူး။ ကျွန်တော်ရောက်တဲ့အချိန်မှာ သူက သူ့ထမင်းဘူးကို စဖွင့်နေပြီ။ အပေါ်က ချည်ထားတဲ့လက်သုတ်ပဝါလေး ဖြေနေပြီ။ ကျွန်တော်က သူ့စားပွဲနားရောက်နေပြီ။ ထမင်းဘူး ဖြေနေတော့ ပြန်ထွက်ရကောင်းမလား စဉ်းစားရတာပေါ့။ ဒါပေမယ့် ဆင်နားရွက်တံခါးကိုကျော်လွှားလာနိုင်တဲ့ အခွင့်အရေးကို လက်လွှတ်မခံနိုင်ဘူး။ စားပွဲဘေးထိုးရပ်လိုက်တယ်။ သူက လက်သုတ်ပဝါကို စားပွဲပေါ်ဖြန့်ခင်းပြီး ထမင်းဘူးကို ဖွင့်တယ်။ အနားမှာရှိတဲ့ ဇွန်းနဲ့ခရင်းကိုယူပြီး ထမင်းကို ကျကျနန အေးအေးဆေးဆေး စစားတယ်။

အဲဒီအချိန်အထိ စားပွဲနားရပ်နေတဲ့ ကျွန်တော့်ကို ဖုတ်လေတဲ့ ငါးပိရှိတယ်လို့တောင် ထင်ပုံမရသေးဘူး။ ကျွန်တော်လည်း ထူပူနေတာ၊ မထူးဘူးဆိုပြီး ပေရပ်နေတာ။ ဆရာသမားက ထမင်းကို စိမ်ပြေနပြေ စားနေတာ။ မြန်မာပီပီ စားပါဦးဗျာဆိုတဲ့ လောကွတ်ဆိုတာ ဝေလာဝေးပေါ့ဗျာ။ ထမင်းစားချိန်က မိနစ်နှစ်ဆယ်လောက်ကြာမှာပေါ့။ ကျွန်တော်လည်း စားပွဲဘေးက မခွာဘဲ ရပ်နေတာပဲ။ စားသောက်ပြီး ဇွန်းခက်ရင်းနဲ့ ထမင်းဘူးကို မင်းစေခေါ်ပြီး ပေးလိုက်တယ်။ ပြီးတော့ အနားကဓာတ်ဘူးထဲက ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်တယ်။ လက်သုတ်ပဝါနဲ့ ပါးစပ်နဲ့ လက်ကိုသုတ်ပြီးမှ ကျွန်တော့်ကို မော့တောင်မကြည့်ဘဲ 'ထိုင်'လို့ တစ်လုံးပဲ ပြောတယ်။

ခဏနေမှ 'ဆို'လို့ ကိစ္စကိုမေးတယ်။ မျက်နှာကတော့ မော့မကြည့်သေးဘူး။ ကျွန်တော်က ကျွန်တော့်ကိစ္စကို ပြောတာပေါ့။ ကျွန်တော့်စကားနားထောင်ရင်း အနားက ဖိုင်တစ်ခုဆွဲယူတယ်။ ဖိုင်ကိုဖွင့်ပြီး စာရွက်စာတမ်းတွေကြည့်၊ လက်မှတ်ထိုးတန်ထိုးနေတာ။ ကျွန်တော့်စကား နားထောင်ပါရဲ့လားလို့တောင်သံသယဖြစ်မိပါရဲ့။ ကျွန်တော့်စကားလည်းဆုံးရော ဖျတ်ခနဲတစ်ချက် မော့ကြည့်ပြီးမှ 'နက်ဖြန်ဒီလိုအချိန်လာ'လို့ ပြောပြီးသူ့အလုပ်သူဆက်လုပ်နေတာ၊ ကျွန်တော်လည်း ပြန်ထွက်ခဲ့ရတာပေါ့။ စိတ်ထဲမှာ မကျေမနပ်ပေါ့ဗျာ။ ဗျူရိုကရက်ဆိုတာ ကျွန်တော်နဖူးတွေ့ဒူးတွေ့အရသာရှိရှိကြုံလိုက်ရတာဗျို့။

အဲနောက်ရက်အဲဒီအချိန်သွားတော့ ကျွန်တော်နဲ့ ပတ်သက်ပြီး ကျွန်တော်လိုချင်တဲ့ စာရွက်စာတမ်းတွေကို အောက်ကဝန်ထမ်းဆီမှာ သူလက်မှတ်ထိုးထားပြီး အဆင်သင့်ရောက်နေပြီ။ ကျွန်တော့်ကိစ္စပြီးနေပြီ။ သူနဲ့တောင်တွေ့စရာ မလိုတော့ဘူး။ ကျွန်တော်လည်း သူ့မျက်နှာမမြင်ရဘဲ ချက်ချင်းအလုပ်ပြီးသွားလို့ ဝမ်းသာအားရပြန်ခဲ့ရတာ။ ဗျူရိုကရက်ဆိုတာ အဲသလိုမျိုးဗျ။ နောက်တော့ခေတ်ပြောင်းသွားရော ဆိုပါတော့ဗျာ။ ဗျူရိုကရေစီယန္တရားကြီးဖျက်သိမ်းလိုက်ပြီပေါ့ဗျာ။ အဲဒီရုံး အဲဒီစားပွဲကိုပဲ ကျွန်တော်အလုပ်ကိစ္စနဲ့ ရောက်ပြန်ရောဗျို့။ အရင်က ဗျူရိုကရက်ကြီး မဟုတ်တော့ဘူးဗျ။ လူသစ်ရောက်လာပြီ။ ကျွန်တော်ဝင်သွားတော့ အဲဒီပုဂ္ဂိုလ်သစ်က ဖက်လဲတကင်းပါဗျာ။

'ဟာ...ရဲဘော်လာဗျာ။ ဘာကိစ္စလဲ၊ ထိုင်ဗျာ။ ကိုင်း... ဆိုပါဦး ရဲဘော့်ကိစ္စ၊ ကျုပ်လည်းယူနစ်ကို မနေ့ကရောက်သေးတယ်ဗျ။ စည်းရုံး၊ ကုန်ထုတ်၊ စည်းကမ်း၊ သက်သာကိစ္စဆွေးနွေးဖြစ်တယ်။ ထမင်းစားဦးဗျာ၊ ရဲဘော်ရဲဘက်တွေပဲ ဘာမှအားမနာနဲ့ဗျ။ လုပ်ပါဗျ စားပါဦး၊ လက်ဖက်ရည်သောက်ဦးမလား၊ ဟေ့သက်သာဆိုင်က လက်ဖက်ရည်တစ်ခွက်ယူခဲ့ပါဟေ့။ ကိုင်း...စားရင်းသောက်ရင်းပြောကြတာပေါ့'ဆိုပြီး ရေပက်မဝင်ပေါ့ဗျာ။

အရင်ဗျူရိုကရက်နဲ့ကွာပ့်။ ကျွန်တော်လည်း ဝမ်းတွေသာပျော်လို့ပေါ့။ ဒါနဲ့ကျွန်တော့်ကိစ္စကိုပြောပြပါတယ်။ သူက စားလက်စ ထမင်းကိုရပ်ပြီးသေသေချာချာနားထောင်တယ်။ ပြီးတော့-

'ဟုတ်ပါပြီ၊ ဒါဆိုရင် ကျွန်တော်သဘောပေါက်ပြီ။ ဦးဆောင်ကြီးကြပ်မှုအပိုင်းကနေ စည်းရုံးရေးကို အခြေခံပြီး ညှိနှိုင်းဆောင်ရွက်ရမှာပေါ့။ နက်ဖြန်လာဦးဗျာ၊ လက်ဖက်ရည်သောက်ရင်း ကျွန်တော့်ကိစ္စကို ဖြတ်ပေးပါမယ်'တဲ့။ ဟုတ်ကဲ့... နောက်ရက်သွားလည်း အဲဒီစကား၊ နောက်ရက်သွားလည်း အဲဒီစကား။ နောက်လသွားလည်း အဲဒီစကား၊ ကောင်စီပဲတင်ထားသလိုလို၊ ယူနစ်ပဲတင်ထား သလိုလို၊ အင်းဒီလိုပါပဲဗျာ' တဲ့။

ကျွန်တော့်မိတ်ဆွေက သူကြုံဖူးသည့် ဗျူရိုကရေစီယန္တရားအတွေ့အကြုံကို ပြန်လှန်ပြောပြသည်။ ကျွန်တော့်သူငယ်ချင်းတစ်ဦး အတွေ့အကြုံကတော့ တစ်မျိုး။ သူ့ဦးလေးက အရင်ခရိုင်မင်းကြီးဟောင်း၊ ဗျူရိုကရက်ကြီးတဲ့။ တလောကတော့ သူ့ဦးလေးအိမ်ကိုစည်ပင်သာယာက အိမ်ခွန်တော်လာကောက်သည်။ စုစုပေါင်း ၇၈ ကျပ် ၆၄ ပြားကျသည်ဆိုလား။ သူ့ဦးလေးက ပြေစာစာရွက်ကို အပြန်ပြန်အလှန်လှန်ဖတ်သည်။ လာကောက်သူကို ချက်ချင်းအခွန်မဆောင်၊ သူပြန်စစ်ဦးမည်တဲ့။

ထို့နောက် ကျွန်တော့်သူငယ်ချင်းကို 'မြူနီစီပယ်က အခွန်အခနဲ့ပတ်သက်တဲ့ နှုန်းထားတွေ လိုချင်လို့ယူပေးပါ'ဟု ခိုင်းသည်။ သူငယ်ချင်းက အခွန်ဌာနမှအသိနှင့် နှုန်းထားတွေကို အဆင့်ဆင့်တောင်းပြီးဦးလေးသို့ပေးသည်။ ဦးလေးက ပေကြိုးတစ်ချောင်းနှင့်သူ့အိမ်ကို တိုင်းထွာပြီးအခွန်အခတွေပြန်တွက်တော့ ပြေစာတစ်စောင်လျှင် ငွေလေးကျပ်လောက် ပိုများနေ၏။

ထို့ကြောင့် ကျွန်တော့်သူငယ်ချင်းကိုခေါ်ပြီး သက်ဆိုင်ရာအခွန်ဌာနသို့ ပြေစာမှားနေကြောင်း စာဒကလွှာတင်ခိုင်းသည်။ 'ငွေလေး လေးကျပ်လောက်နှင့် ဆောင်လိုက်ပါဗျာ' ဟု သူ့ဦးလေးကို မပြောရဲ။ ဦးလေးက တကယ့်ဗျူရိုကရက်ကြီး၊ အမှားအယွင်းမခံ၊ ဘူးဆိုဖရုံမသီး။ ဒီလိုနှင့် သူငယ်ချင်းက သက်ဆိုင်ရာထောက်ခံချက်များနှင့် စာဒကလွှာတင်သည်။ သက်ဆိုင်ရာက အဆင့်ဆင့်စိစစ်သည်။ ထိုစိစစ်နေစဉ်အတွင်း လာသမျှအခွန်စာရွက်ကို မဆောင်ဘဲ စာဒကလွှာတင်ထားကြောင်း ဦးလေးက ပြောလွှတ်သည်။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ဂျပန်ကင်ပေတိုင်ရုံးအဖြစ်အသုံးပြုခဲ့သော အိုးပို့ကုန်းရှေးဟောင်းကျောင်းကြီးပြုပြင်ထိန်းသိမ်းရန်လိုအပ်နေ

**တောင်ငူ မေ ၉**

တောင်ငူမြို့သည် ရှေးမင်းများအဆက်ဆက်အုပ်စိုးခဲ့သည့် နှစ်ပေါင်း ၅၀၀ အထက်သက်တမ်းရှိ မြို့ကြီးတစ်မြို့ဖြစ်သည်နှင့်အညီ ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများစွာ ကျန်ရှိနေဆဲဖြစ်ကာ မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းရန်လည်းလိုအပ်လျက်ရှိနေသည်ကို တွေ့ရသည်။

ထိုသို့ အဆောက်အအုံများစွာအနက် တောင်ငူမြို့အနောက်တောင်ဘက် ကင်းဆိပ်ကျေးရွာအုပ်စု အိုးပို့ကုန်းကျေးရွာ၌ ကိုလိုနီခေတ်လက်ရာ ဂျပန်ကင်ပေတိုင်များ ရုံးအဖြစ်အသုံးပြုခဲ့ပြီး သက်တမ်း ၁၁၂ နှစ်ရှိ ယခုလက်ရှိ ဘုန်းတော်ကြီးကျောင်းမှာ ထည်ဝါခံ့ညားစွာဖြင့်မြင်တွေ့ရကာ လက်ရှိအဆောက်အအုံ၏ အမိုးများပျက်စီးနေသည့်အတွက် ပြုပြင်ထိန်းသိမ်းရန်လိုအပ်နေကြောင်း ကျောင်းထိုင်ဆရာတော် ဦးကောသလက မေ ၇ ရက်တွင် အဆိုပါကျောင်းတိုက်သို့ ရောက်ရှိစဉ်မိန့်ကြားသည်။

"ဘုန်းကြီး ဒီကျောင်းတိုက်ကို ရောက်တာ နှစ်နှစ်ခွဲလောက်ပဲရှိသေးတယ်။ အရင်က ဆရာတော်ကြီးခြောက်ပါး သီတင်းသုံးခဲ့တယ်။ ဒီရွာမှာ နေထိုင်တဲ့ သက်ကြီးရွယ်အိုတွေရဲ့ လက်ဆင့်ကမ်းပြောပြချက်အရ ကိုလိုနီခေတ်က လူနေအိမ်ကြီး ဆောက်ပြီးနေခဲ့တာ။ ဂျပန်ခေတ်ရောက်ပြန်တော့ ကင်ပေတိုင်ရုံးအဖြစ်အသုံးပြုခဲ့တယ်လို့သိရတယ်" ဟု ဆရာတော်က မိန့်ကြားသည်။

ထုထည်ကြီးမားစွာဖြင့် နှစ်ထပ်အဆောက်အအုံ အဖြစ် တွေ့ရှိသည့်ကျောင်းတိုက်မှာ ရှေးယခင်က ဒုတိယအထပ်၌ အပြင်ပတ်လမ်းပါရှိပြီး နှစ်ကာလကြာမြင့်သည့်နှင့်အမျှ ပျက်စီးသွားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိ ခေါင်မိုးများမလုံတော့သည့်အတွက် မိုးရွာပါက အောက်ထပ်သို့ မိုးယိုကျကာ အလှူရှင်များလည်း လိုအပ်လျက်ရှိကြောင်းဆရာတော်က မိန့်ကြားသည်။

**ကိုလွင်(ဆွာ)**



# သောက်သုံးရေခက်ခဲသည့် ကျေးရွာများသို့ ရေလှူဒါန်း

**ဘားအံ မေ ၉**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဘားကပ်ရဲကင်းမှရဲကင်းမှူး ဒုရဲအုပ်စိုးခိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မြိုင်ကလေးကျေးရွာ အရန်မီးသတ်တပ်ဖွဲ့မှ ဒုတပ်ခွဲမှူး ဦးဝင်းခိုင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘားကပ်ကျေးရွာ စေတနာသွေးလှူရှင်အသင်းမှ လူငယ်များ၊ စေတနာရှင်များနှင့်အတူ မေလ ၇ ရက်က ဘားအံမြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်နေသည့် ပန်းကုန်းကျေးရွာအုပ်စု ငနက်ပြာကျေးရွာသို့ သောက်သုံးရေ ဂါလန် ၁၂၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ ၅၀လီတာဆံ့ ရေသန့်ဘူးကြီး ၆၀ နှင့် မြိုင်ကလေးကျေးရွာ ဦးဖိုးဖြူက ၂၀ လီတာဆံ့ ရေသန့်ဘူးကြီး ၅၀ တို့ကို စုပေါင်း လှူဒါန်းခဲ့ကြသည်။



ငနက်ပြာကျေးရွာသည် အိမ်ထောင်စု ၁၁၀ စု၊ လူဦးရေ ၅၈၇ ဦးရှိပြီး အဆိုပါ ကျေးရွာသည် ဧပြီ ၁၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာ၌ ဖော်ပြပါရှိခဲ့သည့် ကျေးလက်ဦးစီးဌာနမှထုတ်ပြန်ခဲ့သော မြို့နယ်အတွင်း လတ်တလော သောက်သုံးရေအခက်အခဲဖြစ်သည့် ကျေးရွာပေါင်း ၂၀ ကျော်စာရင်းတွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်သည်။

ဘားအံမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် လတ်တလောသောက်သုံးရေအခက်အခဲဖြစ်သည့် ကျေးရွာများသို့ အလှည့်ကျသွားရောက်လှူဒါန်းလျက်ရှိရာ မေ ၃ ရက်မှ ၇ ရက်အထိ ရေလှူဒါန်းမှု ငါးကြိမ်တွင် သောက်သုံးရေ ဂါလန် ၂၂၂၀၀ နှင့် ၅၀ လီတာဆံ့ရေသန့်ဘူးကြီး ၁၃၀၊ ၂၀လီတာဆံ့ရေသန့်ဘူး ၅၀ တို့ကို ကျေးရွာပေါင်းရှစ်ရွာသို့ သွားရောက် လှူဒါန်းခဲ့ပြီး ကျန်ရှိသည့် ကျေးရွာများကိုလည်း အလှည့်ကျစနစ်ဖြင့် လှူဒါန်းရန်ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# မန္တလေးတောင်တော် သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**မန္တလေး မေ ၉**

မန္တလေးမြို့ကျက်သရေဆောင် မန္တလေးတောင်တော်ကြီး သန့်ရှင်းသာယာလှပရေးအတွက် အထူးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခြင်းကို မေ ၆ ရက်က အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မန္တလေးတောင်ဘက် စောင်းတန်း ခြသေ့်ကြီးနှစ်ကောင်မှ စတင်ကာ တောင်ပေါ်အထက် မောင်းတံဂိတ်အထိ ဆောင်ရွက်ကြရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ရဲလွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် အရာရှိကြီးများ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်တို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့သို့ဆောင်ရွက်ရာ၌ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးခင်ဇော်နှင့် တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဒေါက်တာ သစ်မင်း၊ သန့်ရှင်းရေးဌာနမှူး ဦးလှမျိုးတို့ ဦးဆောင်သည့် ဝန်ထမ်းများက ချုံ၊ နွယ်၊ ပေါင်း၊ မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မီးသတ်ယာဉ်များမှ ပိုက်များသွယ်တန်း၍ တောင်တက်လှေကားများ၊ ရင်ပြင်တော်များကို ရေဆေးခြင်း၊ အမှိုက်များသိမ်းဆည်းရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သောက်သုံးရေအဆင်ပြေစေရေး ရေများဖြန့်ဝေပေး

**ဒလ မေ ၉**

ဒလမြို့နယ်တွင် သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသည့် ရပ်ကွက်နှင့်ကျေးရွာများအား မြို့နယ်ရေပေးဝေရေးစခန်းမှ နေ့စဉ်သောက်သုံးရေဂါလန် ၁၈၀၀၀ ကျော်အား ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်ရေပေးဝေရေးရုံးတာဝန်ခံဦးတိုးတိုးအောင်ထံမှ သိရသည်။

ဒလမြို့နယ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်းများဖြင့် ရေသွယ်ယူမှုမှာ အိမ်ထောင်စု ၄၅၁၇ စုရှိပြီး ရေပိုက်လိုင်းသွယ်ယူထားခြင်းမရှိသော ရပ်ကွက်များတွင် ရေဂါလန် ၁၂၀၀ ဆံ့ အုတ်ရေကန် ၂၉ ကန်၊ ကွန်ကရစ် ကျောက်ရေကန် ၂၄ ကန်တို့ဖြင့် ရေဖြန့်ဝေပေးလျက်ရှိကြောင်း ဒလမြို့နယ်သို့ ရေပေးဝေနိုင်ရန်အတွက် တွံတေးမြို့နယ် ရန်ကုန်ပေါက်ရေပေးဝေရေးစခန်း၌ စက်ရေတွင်းပေါင်း ၁၃ တွင်းဖြင့် ရေဂါလန် ၁၀၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန် နှစ်ကန်တည်ဆောက်ကာ ဒလမြို့နယ်သို့ တစ်နေ့လျှင် ရေဂါလန် ၁ ဒသမ ၂ သန်း ပေးပို့လျက်ရှိပြီး ရေပေးဝေရေးစခန်း၌ ရေဂါလန် ၂၀၀၀၀ ဆံ့ အမြင့်တင် ရေစင်တစ်ခု ရေဂါလန် ၁၀၀၀၀၀ ဆံ့ မြေအောက်ရေစုကန်နှစ်ကန်တို့ဖြင့် ရပ်ကွက်များသို့ ရေသွယ်ပိုက်လိုင်းများမှတစ်ဆင့် ရေဖြန့်ဝေပေးလျက်ရှိသည်။

ထို့ပြင် လျှပ်စစ်မီးပြတ်တောက်သွားပါက ရေပေးဝေမှုအား နှောင့်နှေးမှုမရှိစေရန် ရန်ကုန်ပေါက် ရေပေးဝေရေးစခန်းနှင့် မြို့နယ်ရေပေးဝေရေးရုံးတို့တွင် မီးစက်များအသင့်ထားရှိကြောင်း ဌာနပိုင် ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးအပါအဝင် ရှင်သန်ရေးကူညီမှုအသင်း ရေသယ်ယာဉ်များဖြင့် ရပ်ကွက်ကျေးရွာများသို့ ရေပေးဝေလျက်ရှိကြောင်း၊ မြို့နယ်ရေပေးဝေရေးစခန်းရှိ တစ်ရက်ရေဂါလန် ၅၀၀၀ ထွက်ရှိ JFE ရေသန့်စက်ရုံမှ ထွက်ရှိသော ရေသန့်များကို မြို့နယ် သောက်သုံးရေဖူလုံစွာ ရရှိရေးကော်မတီက ရပ်ကွက်နှင့်ကျေးရွာများသို့ လိုက်လံပေးဝေလျက်ရှိကြောင်းနှင့် ရေသယ်ယာဉ်များကို မတ် ၁၀ ရက်မှ စတင်၍ ရေဖြည့်ကာ ရပ်ကွက်၊ ကျေးရွာများသို့ ပေးဝေလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**



ရန်ကုန်အရှေ့ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာ (စီမံ/အင်ဂျင်နီယာ) ဦးဆောင်၍ မေ ၇ ရက်က လျှပ်စစ်ဝန်ထမ်းများ၊ စည်ပင်ဝန်ထမ်းများက လျှပ်စစ်သုံးစွဲသူ ပြည်သူများ ဓာတ်အားအပြည့်အဝရရှိစေရေးနှင့် လျှပ်စစ် အန္တရာယ် ကင်းဝေးစေရေးတို့အတွက် သာကေတ၊ ဒေါပုံ၊ သဃ်္ဃန်းကျွန်း၊ တာမွေမြို့နယ်များအတွင်းရှိ ဓာတ်ကြိုးများနှင့် မလွတ်ကင်း သောသစ်ကိုင်းများရှင်းလင်းခြင်းနှင့် ကြွေသီးများလဲလှယ်ခြင်း၊ လျှပ်စစ်ကြိုးများ လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ကြစဉ်

တင်ဝင်းလေး (ကြည့်မြင်တိုင်)

# ဆားလင်းကြီးမြို့နယ်၌ အမျိုးသမီးအိမ်တွင်းမှုကျောင်း သင်တန်းဖွင့်ပွဲကျင်းပ

**ဆားလင်းကြီး မေ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃၁) အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၃၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဗိုလ်မှူးကြီးကျော်သန့်နိုင်က အမှာစကား ပြောကြားပြီး ဆားလင်းကြီးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက သင်တန်းသူများ၏နေရေး၊ စားရေး၊ ပညာသင်ကြားရေးတို့နှင့်ပတ်သက်၍ရှင်းလင်းပြောကြားခဲ့သည်။

အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၃၁) ၌ သင်တန်းသူ ၂၆ ဦး၊ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၃၅) ၌ သင်တန်းသူ ၄၄ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်းသိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

# ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ရှားပါးဥဒေါင်းငှက်များကျက်စားလျက်ရှိ နည်းမျိုးစုံဖြင့် ဖမ်းဆီးသတ်ဖြတ်နေကြ၍ အချိန်မီထိန်းသိမ်းစောင့်ရှောက်ရန်လို

**ပိန်းဇလုပ်သိန်းညွန့်**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ရွှေကျင်မြို့နယ်အတွင်း အရှေ့ရိုးမတောင်ခြေနှင့် တောင်ငူ-ကျောက်ကြီး- ရွှေကျင်-စစ်တောင်း-မုပ္ပလင် ကားလမ်းအကြားရှိ ဘောကထာကျေးရွာ အရှေ့ဘက်တောများ၊ တောင်ယာစိုက်ခင်းများ၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဖြစ်သော ဥဒေါင်းငှက်မျိုးစိတ်များ နေထိုင်ကျက်စားလျက်ရှိသည်ကို တွေ့ရကြောင်း မေ ၆ ရက်က ရွှေကျင်မြို့နယ် မြောက်ဘက် ဘောကထာကျေးရွာမှ ဒေသခံပြည်သူများ၏ ပြောပြချက်အရ သိရသည်။

ဥဒေါင်းငှက်သည် မြန်မာနိုင်ငံကို ကိုယ်စားပြုသော National Bird အမျိုးအစားဖြစ်သည်။ ရှေးယခင်ကလည်း မြန်မာဘုရင်တို့၏ သင်္ကေတအဖြစ်လည်းကောင်း၊ အင်္ဂလိပ်လက်အောက်ကျရောက်စဉ်အခါတွင် အာဏာပိုင်တို့၏ အလံများတွင် လည်းကောင်း၊ ၁၉၄၃-၄၅ အတွင်းတွင် မြန်မာနိုင်ငံ၏ အလံများတွင်လည်းကောင်း အသုံးပြုခဲ့ကြသည်။ ဥဒေါင်းငှက်သည် ရစ်မျိုးနွယ် ငှက်မျိုးစိတ်တစ်မျိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် ရစ်မျိုးစိတ် ၄၈ မျိုးရှိပြီး၊ အရှေ့တောင်အာရှတွင် ၂၂ မျိုးရှိကြောင်း၊ အခြားငှက်မျိုးစိတ်နှင့်မတူ မျက်နှာတွင်အရောင်အသွေးစုံလင်သည်ကို တွေ့နိုင်ပြီး အလွန်လှပသော ငှက်မျိုးစိတ်မျိုးဖြစ်ကြောင်း သိရသည်။

"ဒီတောထဲမှာ ဥဒေါင်းငှက် တော်တော်များများ တွေ့သေးတယ်။ အရေအတွက်ကတော့ အတိအကျမပြောနိုင်ဘူး။ တပို့တွဲလဆိုရင် အမွေးအတောင်ချွတ်ချပြီး လူသွားလူလာ ခေါင်းပါးတဲ့ တောထဲမှာဥဥတယ်။ တစ်ခါဥရင် ငါးလုံးကနေ သုံးလုံးအထိပဲ ဥတယ်။ သူ့ရဲ့ဥက ငန်းဥလိုပဲ အဖြူရောင်ပါ။ ၄၅ ရက်လောက်ဆိုရင် သားပေါက်တယ်။ အခုဆိုရင် ဥဒေါင်းပေါက်လေးတွေဖြစ်ကုန်ပြီ။ ဒီအချိန်က ဥဒေါင်းပေါက်လေးတွေ ကြီးထွားလာအောင် ဥဒေါင်းမ၊ ဥဒေါင်းဖိုကြီးတွေက တောထဲမှာ စောင့်ရှောက်နေတဲ့ အချိန်ပေါ့။ တစ်ခါတရံ ကျေးရွာအချို့မှာ ဥဒေါင်းပေါက်လေးတွေကို ဖမ်းဆီးပြီး ရောင်းချမှုတွေ ပြုလုပ်နေတာတွေ့တယ်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလတွေမှာတော့ တောင်ယာခင်းမှာစိုက်ထားတဲ့ မြေပဲပင်ကို ကြက်ယက်သလို ယက်ထုတ်ပြီး မြေပဲဥကိုစားတယ်။ ပဲလွမ်းဖြူ၊ ပဲတီးရွှေဝါကို အတောင့်လိုက်မျိုတယ်။ စပါးလည်းစားတယ်။ အဲဒီကာလတွေမှာ တောင်ယာခင်းထဲမှာရှိတဲ့ သက်တမ်းရင့် မြင့်မားတဲ့သစ်ပင်ကြီးတွေမှာ အိပ်တန်းတက်နားခိုနေထိုင်ကျက်စားတယ်။ တပေါင်းလမှာ ကြောင်သံထွက်ပြီး ကျန်တဲ့လတွေမှာ "အိုးဝေ အိုးဝေ" လို့ အသံထွက်တယ်။ ဆိုးတာက ဥဒေါင်း အသားကိုစားကြတယ်။ အမွေးတောင်ကို ရောင်းစားတယ်။ ဥကို ကြော်စားတယ်။ ဖမ်းဆီးတာကလည်း နည်းကစုံလာတယ်။ သံညှပ်၊ ကြိုးကွင်းတို့နဲ့ ထောင်ဖမ်းတယ်။ လေးခွ၊ ဒူးလေးတွေနဲ့လည်း ပစ်တယ်။ ကြာလာရင်ရှားလာလိမ့်မယ်။ မျိုးသုဉ်းလာလိမ့်မယ်။ ဖျက်ဆီးတဲ့လူက ပိုများနေတယ်" ဟု ဘောကထာကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။



ထောင်ချောက်နှင့် ထောင်ဖမ်းမှုကြောင့်သေဆုံးသွားသည့် ဥဒေါင်းငှက်ဖို၏ အရှည်သုံးတောင်ခန့်ရှိ အမြီးကွက်အား တွေ့ရစဉ်

စီးပွားရေးမြို့တော်ရန်ကုန်မှ ရွှေကျင်မြို့သို့ ကိုယ်ပိုင်ကားနှင့် သွားလျှင် ၃ နာရီခန့်ဖြင့် လွယ်ကူစွာရောက်နိုင်သော ခရီးစဉ်ဖြစ်ကြောင်း၊ ရန်ကုန်မြို့နှင့် အနီးဆုံး၊ သွားလာရေး အလွယ်ဆုံး၊ ဥဒေါင်းငှက်အများဆုံးရှိသော နေရာတစ်နေရာ ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဥဒေါင်းငှက်များ လာရောက်ကြည့်ရှုလျှင် အခကြေးငွေသတ်မှတ်မှု စီမံချက်ချ၍ ဝင်ငွေရှာဖွေနိုင်သည့် ကျေးဇူးတစ်ရပ်ပေါ်ထွန်းလာနိုင်ကြောင်း၊ ဘောကထာကျေးရွာ အရှေ့ဘက်တောင်ယာစိုက်ခင်းများရှိ သက်တမ်းရင့်မြင့်မားသော သစ်ပင်ကြီးများ၌ တစ်ပင်လျှင် အိပ်တန်းတက်ချိန် ညနေ ၅ နာရီနောက်ပိုင်း နှစ်ကောင်မှ ငါးကောင်အထိ တွေ့ရှိနိုင်ကြောင်း၊ ယနေ့ အချိန်တွင် တောများ၊ တောင်ယာစိုက်ခင်းများ၌ ဥဒေါင်းငှက်များရှိနေသော်လည်း ယခုအတိုင်းသွားပါက နောက်နှစ်ကာလ ကြာမြင့်လာလျှင် ဥဒေါင်းငှက်မျိုးသုဉ်းသွားနိုင်ပြီး ထိထိရောက်ရောက်ကာကွယ် ထိန်းသိမ်းပါက ကောင်ရေတိုးတက်လာနိုင်သည့် အနေအထားတွင်ရှိနေကြောင်း ၎င်းကထပ်မံပြောကြားသည်။

ဥဒေါင်းငှက်သည် ကမ္ဘာပေါ်တွင် ၁၀ နိုင်ငံသာတွေ့ရှိရပြီး မျိုးသုဉ်းလုအန္တရာယ်နှင့် ရင်ဆိုင်နေရသော ငှက်မျိုးစိတ်တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် မတိုင်မီက ပေါများစွာတွေ့ခဲ့သော်လည်း ယခုအခါအကောင်အရေအတွက် နည်းပါးလာသည်ကို ငှက်စာရင်းကောက်သုတေသနပြုနေသူများက သတိပြုမိခဲ့ကြကြောင်း သိရသည်။ ယခုအခါ ကမ္ဘာပေါ်တွင် ဥဒေါင်းငှက်၏အကောင်အရေအတွက်မှာ နှစ်ပေါင်း ၂၀ အတွင်း (near threatened) မျိုးသုဉ်းလုနီး ခြိမ်းခြောက်ခံနေရသော မျိုးစိတ်မှ (vulnerable)မျိုးသုဉ်းလုနီးပါးမျိုးစိတ်၊ ထိုမှတစ်ဖန် (endangered) မျိုးသုဉ်းရန်စိုးရိမ်နေရသော မျိုးစိတ် ထိတိုင်နှစ်အနည်းငယ် အတွင်း ပြောင်းလဲသွားသည်ကို ကြည့်ခြင်းဖြင့် ဥဒေါင်းငှက်သည် ကမ္ဘာပေါ်တွင်မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်နှင့်ရင်ဆိုင်နေရပြီဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းထုတ်စာစောင်မှရေးသားဖော်ပြထားချက်အရ သိရှိရသည်။

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရွှေကျင်ဒေသရှိ ဥဒေါင်းငှက်များ ငှက်မုဆိုးများ၏အမဲလိုက်ခြင်းနှင့် နေထိုင်ကျက်စားရာနေရာများ ပျောက်ဆုံးခြင်းစသည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့်အတွက် အဆိုပါငှက်များ မြန်မာ့မြေပေါ်တွင်သာမက ကမ္ဘာ့မြေပေါ်မှပါ ပပျောက်မသွားအောင် ဝိုင်းဝန်းကာကွယ်ထိန်သိမ်းသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**မုံရွာ မေ ၉**

မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲကိုမေ ၇ ရက်က ဆေးကုမ္ပဏီပေါင်း ၃၂ ခု၊ ဆေးဝါးများပြခန်း၃၂ ခန်းခင်းကျင်းမှုနှင့်အတူ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)ဥက္ကဋ္ဌဒေါက်တာဝင်းမော်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)အတွင်းရေးမှူးဒေါက်တာဝင်းသန့်ဦးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပရာ



လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း (မုံရွာ)ကိုဆရာဝန်ကြီးများ၊ မျိုးဆက်သစ်ဆရာဝန်များဝိုင်းရံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ မုံရွာခရိုင်နှင့်မုံရွာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၏ ကူညီထောက်ပံ့မှုများဖြင့် ဆောင်ရွက်မှုအရှိန်ကိုမြှင့်တင်လျက်ရှိရာ မြန်မာနိုင်ငံဆရာဝန်အသင်းဗဟို၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်ရန်များကို မကြာမီ အကောင်အထည်ဖော်ခွင့်ရတော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျန်းမာရေး၊ ကုသရေးဦးစီးမှူး ဒေါက်တာအေးငြိမ်းက ပြောသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)အဆောက်အအုံသစ်ဖွင့်ပွဲနှင့်အတူ ဒေါက်တာနွယ်နီ၊ ဒေါက်တာဝင်းဖြူဖြူမြင့်၊ ဒေါက်တာမင်းထွန်း၊ ဒေါက်တာတင့်ဆွေလတ်၊ ဒေါက်တာကျော်စိုးဝင်း၊ ဒေါက်တာကိုကို၊ ဒေါက်တာမိုးမိုးဇော်၊ ဒေါက်တာဖေသက်ခင်နှင့် ဒေါက်တာမြင့်မြင့်သိန်းတို့၏ ကဏ္ဍအလိုက်ဆေးပညာနှီးနှောဖလှယ်ဟောပြောပွဲများကို ကျင်းပသည်။မြန်မာနိုင်ငံဆရာဝန်အသင်း (မုံရွာ)အဆောက်အအုံသစ်ကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက် စည်သူလမ်းရှိ မုံရွာမြို့နယ်အထွေထွေအုပ်ချုပ်ရေး စုပေါင်းရုံးနှင့်မျက်နှာချင်းဆိုင်တွင် တည်ဆောက်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် ၆၆ / ၂၀၀၉ (ဗလတပ်ခွဲ)၏ (၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အဖြစ် ကျောင်းဆင်းအရာရှိများက မေ ၇ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဥတ္တရသိဒ္ဓိရပ်ကွက်ရှိ သာသနာ့ပါလဓမ္မရိပ်သာ(မြိတ်)ကျောင်းတိုက်တွင် (ရေတွင်း၊ ရေကန်) လှူဒါန်းခြင်း၊ ကျောင်းရှိသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်း ဓမ္မစကူးကျောင်းသားကျောင်းသူ ၆၀၀ ကျော်တို့အား အာဟာရကျွေးမွေးလှူဒါန်းခဲ့ရာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ် ကိုကိုရှုပ

## အနေ့ယာဉ်(ဆိုက်ကား)လုပ်ငန်းလိုင်စင်သက်တမ်းတိုး ဆောင်ရွက်ပေး

**ရန်ကုန် မေ ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ မေ ၂ရက်မှ ၆ရက်အထိရုံးချိန်အတွင်း မြို့နယ်အတွင်းရှိ တရားဝင်လိုင်စင်ရှိ အသိအမှတ်ပြု အနေ့ယာဉ်(ဆိုက်ကား) ၄၆၈ စီးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိရာမြို့နယ်လက်ထောက်အုပ်ချုပ်ရေးမှူးဦးသန်းဦးနှင့် စည်ပင်ဝန်ထမ်းများက လုပ်ငန်း လိုင်စင်သက်တမ်းတိုး စာရွက်စာတမ်းများ ထုတ်ပေးခြင်း၊ ဆိုက်ကားကိုယ်ထည် ဆေးအသစ်သုတ်ထားခြင်းနှင့် သံပေါင်နံပါတ်၊ မီးခေါင်းမီးချောက်၊ ရောင်ပြန်နံပါတ်ပြား တပ်ဆင်ထားခြင်းရှိ/မရှိတို့ကိုနေ့ချင်းပြီးစစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အကြိုပြိုင်ပွဲကျင်းပ

**တောင်ငူ မေ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မူးယစ်ဆေးဝါး တားဆီးရေးအဖွဲ့ကြီးမှကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၂၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အထက်တန်းဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲဖွင့်ပွဲအခမ်း အနားကို မေ ၆ ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနား၌ တောင်ငူခရိုင် ဒုတိယရဲမှူးကြီးသန်းထွန်းက အမှာစကားပြောကြားပြီး တောင်ငူပညာရေးကောလိပ် စီမံဌာနခွဲမှူး ဦးမြင့်သူက ပြိုင်ပွဲ စည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ပြိုင်ပွဲသို့ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကလေးသူငယ် ၉၃ ဦး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ (ဝ၄ရ)

# စပါးနဲ့ မန်ယူတို့ ထိပ်တိုက်တွေ့ဆုံမယ့် ပရီမီယာလိဂ် ပွဲစဉ် (၃၇)

*ဒီတစ်ပတ်မှာတော့ ပရီမီယာလိဂ် ပွဲစဉ်(၃၇)ကို ဆက်လက်ကစားဖို့ ရှိနေပါတယ်။ အချို့အသင်းတွေက ကြားရက်မှာ လက်ကျန်ပွဲစဉ်တွေကစားဖို့ ရှိတာကြောင့် အမှားမခံတဲ့ ရာသီကုန်နောက်ဆုံးပွဲစဉ်တွေမှာ ပွဲပန်းမှုတွေနဲ့ ရင်ဆိုင်နေရပြန်ပါတယ်။ ရာသီကုန်ပွဲစဉ် နှစ်ပွဲသာ ကျန်တော့တာမို့ ပရီမီယာလိဂ်ဖလားပိုင်ရှင်ဟာ အဖြေထွက်နေပြီဖြစ်ပေမယ့် ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ဝင်ခွင့်တွေအတွက်ကတော့ နောက်ဆုံးပွဲစဉ်အထိ ရေကုန်ရေခန်းကစားရမယ့် အနေအထားဖြစ်တာမို့ အသင်းတိုင်း ပြင်းပြင်းထန်ထန် အားကုန်ယှဉ်ပြိုင်နေရတဲ့ အခြေအနေတွေကို ဖြတ်သန်းနေကြရပြီ ဖြစ်ပါတယ်။*




**အဲဗာတန်နှင့် ဝက်ဖို့ဒ်**

နှစ်သင်းစလုံးအတွက်ကတော့ ဒီပွဲမှာ အမှတ်ပြည့်ရယူနိုင်ရေး ကြိုးစားကြမှာပါ။ အဲဗာတန်တို့ကလည်း အိမ်ကွင်းဖြစ်ပေမယ့် ရှုံးပွဲတွေဆက်နေပြီး နိုင်ပွဲရအောင် အားထုတ်မှာဖြစ်သလို ဝက်ဖို့ဒ်တို့ကလည်း ရှုံးပွဲတွေ ဆက်တိုက်ဖြစ်နေပါတယ်။ ပထမအကျော့မှာ ဝက်ဖို့ဒ်တို့က သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာတော့ အဲဗာတန်တို့ အလှည့်ဖြစ်သွားပါလိမ့်မယ်။

**ဝက်ဘရွန်းနှင့် ချယ်လ်ဆီး**

ချယ်လ်ဆီးတို့ကတော့ ရာသီကုန်ချိန်မှာ ပွဲတိုင်းအလေးထားပြီး ကစားနေပါတယ်။ နိုင်ပွဲတွေဆက်နေတဲ့ ချယ်လ်ဆီးဟာ တိုက်စစ်ပိုင်းက ဂိုးသွင်းအားကောင်းနေသလို ခံစစ်ပိုင်းကတော့ ပွဲတိုင်းဂိုးတွေပေးနေရပါတယ်။ အိမ်ကွင်း အဝေးကွင်းတွေမှာ ရလဒ်တွေ ဆက်တိုက် ဆိုးရွားနေတဲ့ ဝက်ဘရွန်းဟာ ဒီပွဲမှာ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ဖို့တော့ မလွယ်ပါဘူး။ ချယ်လ်ဆီးရဲ့ နိုင်ပွဲပါ။

**မန်စီးတီးနှင့် လက်စတာ**

ရာသီကုန်ချိန် အရေးကြီးတဲ့ ပွဲစဉ်တွေမှာ နိုင်ပွဲတွေ ရယူလာတဲ့ မန်စီးတီးဟာ တိုက်စစ်အား ပြန်ကောင်းလာပါတယ်။ လက်စတာတို့ကလည်း အခုတလော နိုင်ပွဲတွေဆက်နေပြီး မန်စီးတီးကို အဝေးကွင်းဆိုပေမယ့် ခြေရည်တူ ကစားပါလိမ့်မယ်။ လက်စတာတို့ရဲ့ အသင်းခေါင်းဆောင်မော်ဂန်ဟာ တံကောက်ကြော ဒဏ်ရာကြောင့် ပါဝင်နိုင်ဖို့ မသေချာပေမယ့် ပထမအကျော့ ရလဒ်အရ လက်စတာက မန်စီးတီးကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တာမို့ အခုပွဲမှာ အိမ်ရှင်တို့ ခက်ခဲမယ့် ပွဲပါပဲ။

**စတုတ်နှင့် အာဆင်နယ်**

မန်ယူကို နှစ်ဂိုးပြတ်အနိုင်ကစားပြီး သုံးမှတ်အပြည့်ရယူခဲ့တဲ့ အာဆင်နယ်ဟာ အခုပွဲမှာလည်း အနိုင်ရအောင် ကြိုးစားဦးမှာ ဖြစ်ပါတယ်။ ဖိအားများနေတဲ့ အာဆင်နယ်ဟာ ရာသီကုန်ပွဲတိုင်း ရာနှုန်းပြည့်နိုင်ပွဲရယူနိုင်ရေး အားယူနေတာမို့ အခုပွဲမှာ စတုတ်တို့ အိမ်ကွင်းဆိုပေမယ့် မျှော်လင့်ချက်ထားလို့ မရနိုင်ပါဘူး။ ပထမအကျော့မှာ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူခဲ့တဲ့ အာဆင်နယ်ဟာ အခုပွဲမှာလည်း အနိုင်ရလဒ်ကိုပဲ ဆက်လက်သိမ်းပိုက်ဦးမှာ ဖြစ်ပါတယ်။

**ဘုန်းမောက်နှင့် ဘန်လေ**

တန်းမဆင်းရရေး သေချာဖို့ ဘန်လေတို့လည်း ဒီပွဲကို အစွမ်းကုန်ကြိုးစားလာပါလိမ့်မယ်။ ဘန်လေဟာ အခုတလောရလဒ်တွေ ကမောက်ကမဖြစ်နေတာမို့ ဘုန်းမောက်ရဲ့ ကစားအားကို ထိန်းချုပ်ဖို့တော့ ခက်ခဲပါလိမ့်မယ်။ နောက်ဆုံးသုံးပွဲမှာ ရှုံးပွဲမရှိ ကစားထားတဲ့ ဘုန်းမောက်ကို ဘန်လေတို့ လက်ရှိခြေစွမ်းအရ အမြင့်ဆုံး မျှော်မှန်းနိုင်မှု သရေပါပဲ။

**မစ်ဒယ်ဘရောနှင့် ဆောက်သမ်တန်**

မန်စီးတီးကို နှစ်ဂိုးစီသရေကစားခဲ့တဲ့ မစ်ဒယ်ဘရော့ ခြေစွမ်းက လျှော့တွက်လို့မရသလို လီဗာပူးကို ဂိုးမရှိသရေပွဲ ကစားခဲ့တဲ့ ဆောက်သမ်တန်ကိုလည်း အထင်သေးလို့ မရပါဘူး။ ဖိအားများနေတဲ့ မစ်ဒယ်ဘရော့တို့အတွက် အခုပွဲကို ဂုဏ်သိက္ခာရှိစွာ အနိုင်ယူရေး အားထုတ်မှာဖြစ်ပေမယ့် ဆောက်သမ်တန်ရဲ့ ခြေစွမ်းက ကောင်းမွန်နေပါတယ်။ ပထမအကျော့မှာ တစ်ဂိုး ဂိုးမရှိနဲ့ နိုင်ခဲ့တဲ့ ဆောက်သမ်တန်တို့အတွက် ဒီပွဲမှာ တစ်မှတ်ရရင်ပဲ ကျေနပ်စရာဖြစ်နေပါတယ်။

**ဆန်းဒါးလန်းနှင့် ဆွမ်ဆီး**

တန်းဆင်းရပြီဖြစ်တဲ့ ဆန်းဒါးလန်းရဲ့ တန်းမဆင်းရရေး ရုန်းကန်နေရပြီဖြစ်တဲ့ ဆွမ်ဆီးတို့ကတော့ ဒီပွဲမှာ အားချင်းပြိုင်ဖို့ထက် ဆွမ်ဆီးတို့က အသာစီးရအောင် ကြိုးစားမှုကို ဆန်းဒါးလန်းတို့ အိမ်ကွင်းမှာ ခုခံရဖို့ ရှိနေပါတယ်။ အဲဗာတန်ကို အနိုင်ရအောင် ကစားနိုင်ခဲ့တဲ့ ဆွမ်ဆီးရဲ့ခြေစွမ်းက ကောင်းမွန်နေပြီး ပထမအကျော့က သုံးဂိုးပြတ်အနိုင်ယူခဲ့သလို အခုပွဲမှာလည်း ဆွမ်ဆီးတို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

**စပါးနှင့် မန်ယူ**

ရာသီကုန်ချိန်မှာ ပွဲကျပ်တွေဆက်တိုက် စုပြုံရင်ဆိုင်ဖြတ်သန်းနေရတဲ့ မန်ယူဟာ ဒဏ်ရာရကစားသမားတွေကြောင့် ရလဒ်တွေလည်း တက်လိုက်ကျလိုက်ဖြစ်နေပါတယ်။ စပါးတို့ကလည်း ဝက်ဟမ်းကို ရှုံးခဲ့သလို မန်ယူတို့ကလည်း အာဆင်နယ်ကို ရှုံးခဲ့တာမို့ ဒီပွဲမှာ နှစ်သင်းစလုံး နိုင်ပွဲကို ရအောင်ယူပြီး အမှတ်ပြည့် သိမ်းပိုက်ရေး အပြိုင်ကြိုးစားပါလိမ့်မယ်။ ပထမအကျော့တွေ့ဆုံစဉ်က မန်ယူတို့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာမို့ အခုပွဲမှာတော့ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**




## နယူးကာဆယ်နဲ့အတူ ချန်ပီယံရှစ်ဆုဖလားကို ရယူပေးခဲ့တဲ့ ဘင်နီတက်ဇ်

နယူးကာဆယ်အသင်းက ဘန်လေအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်ပြီးနောက် နယူးကာဆယ်အသင်းဟာ ဒီနှစ်အတွက် ချန်ပီယံရှစ်ဆုဖလားကို ဆွတ်ခူးရရှိသွားခဲ့ပါတယ်။ တစ်ချိန်တည်းမှာပင် အက်စ်တွန်ဗီလာအသင်းက ဒုတိယနေရာမှာ ရှိနေတဲ့ ဘရိုက်တန်အသင်းကို နောက်ကျချေပဂိုး သွင်းယူခဲ့တဲ့အတွက် နယူးကာဆယ်က ရမှတ် တစ်မှတ်အသာရပြီး ချန်ပီယံဆုကို မထင်မှတ်ဘဲ ဆွတ်ခူးရရှိသွားခဲ့ပါတယ်။ ဒီ့အတွက် ဘင်နီတက်ဇ်ဟာ မထင်မှတ်ဘဲ ချန်ပီယံရှစ်ဆုဖလားကို ကိုင်မြှောက်ခွင့်ရရှိသွားခဲ့ပါတယ်။ ဘင်နီတက်ဇ်ဟာ ပြီးခဲ့တဲ့ နွေရာသီက ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ပြီးနောက် ကစားသမားသစ် ၁၂ ဦး ခေါ်ယူဖြည့်တင်းကာ အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့ပါတယ်။ နယူးကာဆယ်အသင်းအနေနဲ့ နာမည်ကြီး ကစားသမားတွေဖြစ်တဲ့ အန်းဒရို့စ်တောင်ဆင်၊ ဆစ်ဆိုကိုနဲ့ ဝီနယ်ဒွန်းတို့ကို ရောင်းထုတ်ပြီး ကစားသမားသစ် ၁၂ ဦးကို ဝယ်ယူအားဖြည့်ခဲ့ရတယ်လို့ ဆိုပါတယ်။ စုစုပေါင်း ပေါင်သန်း ၅၀ အသုံးပြုခဲ့ရတယ်လို့လည်း ဆိုပါတယ်။ ဘင်နီတက်ဇ်ရဲ့ နယူးကာဆယ်ဟာ တစ်နှစ်ပတ်လုံး ဘရိုက်တန်အသင်းနဲ့အတူ ထိပ်ဆုံးနေရာရရှိရေး ကြိုးစားခဲ့ရတယ်လို့လည်း ဆိုပါတယ်။





## စတုတ္ထနေရာ မျှော်လင့်ချက်ရှိလာတဲ့ အာဆင်နယ်

အာဆင်နယ်က မန်ယူကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပြီးနောက် မန်ယူရဲ့ ပရီမီယာလိဂ်မှ ၂၅ ပွဲမြောက် ရှုံးပွဲမရှိ စံချိန်တင်ထားမှုကို ရပ်တန့်ပေးခဲ့ပါတယ်။ ဒီပွဲအနိုင်ရခဲ့တဲ့အတွက် အာဆင်နယ်အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်နေရာဖြစ်တဲ့ စတုတ္ထနေရာရဖို့ မျှော်လင့်ချက်အားကောင်းလာပါတယ်။ သို့ပေမယ့် အာဆင်နယ်အသင်းဟာ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ဂရန်းနစ်ဟာကာနဲ့ ဝဲလ်ဘက်တို့ရဲ့ ဂိုးတွေနဲ့ အာဆင်နယ် နိုင်ပွဲရခဲ့ပေမယ့် ရုန်းကန်ရဦးမှာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ စတုတ္ထနေရာရဖို့ ရမှတ် ၆ မှတ် လိုအပ်နေပါတယ်။ ပြိုင်ပွဲအပြီး အာဆင်နယ်က နံပါတ် ၆ နေရာမှာရှိပြီး ရမှတ် ၆၃ မှတ် မန်ယူက ၆၅ မှတ်ရရှိထားပါတယ်။ စတုတ္ထနေရာမှာ ရှိနေတဲ့ မန်စီးတီးအသင်းဟာ ၆၉ မှတ်ရထားပြီး လီဗာပူးကတော့ ရမှတ် ၇၀ နဲ့ ရပ်တည်နေပါတယ်။ သို့သော်လည်း အာဆင်နယ်အသင်းအနေနဲ့ စတုတ္ထနေရာရဖို့ ရုန်းကန်ရဦးမယ့် အနေအထားဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## စပါးအသင်းကို ချီးကျူးတဲ့ ချယ်လ်ဆီးနည်းပြ ကွန်တီ

ပရီမီယာလိဂ် ဒုတိယနေရာမှာရှိနေတဲ့ စပါးအသင်းဟာ ၂၀၁၄ ခုနှစ်မှာ စပါးအသင်းကို ပိုချက်တီနို ကိုင်တွယ်ခဲ့တဲ့အတွက် ချယ်လ်ဆီးထက် တိုးတက်သာလွန်မှုတွေရှိခဲ့တယ်လို့ နည်းပြ ကွန်တီက ဆိုပါတယ်။ ကွန်တီဟာ ဒီနှစ်ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ လက်တစ်ကမ်းအလိုကို ရောက်ရှိလာပါတယ်။ စပါးအသင်းအနေနဲ့ ချယ်လ်ဆီးနဲ့ ယှဉ်ပြိုင်နေတဲ့အတွက် စပါးအသင်းရဲ့ တိုးတက်အောင်မြင်မှုကို စဉ်းစားရခြင်းဖြစ်တယ်လို့ ကွန်တီက ဆိုပါတယ်။ ပိုချက်တီနိုဟာ သုံးနှစ်အတွင်းမှာ ကစားသမား အပြောင်းအလဲတွေ အများကြီးလုပ်ခဲ့ပြီး အကောင်းဆုံး ကြိုးစားခဲ့တယ်လို့ ကွန်တီက ဆိုပါတယ်။ ကျွန်တော့်အတွက်တော့ စပါးအသင်းဟာ တကယ်တော့တင်းခိုင်မာတဲ့ အသင်းဖြစ်ပါတယ်။ ဖလားရနိုင်တဲ့အသင်းလည်း ဖြစ်ပါတယ်လို့ ကွန်တီက ဆိုပါတယ်။



# စားသုံးသူ/သုံးစွဲသူများ၏ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် တာဝန်

ဆောင်းပါး - ဒေါက်တာခိုင်ခိုင်ဝင်း

စားသုံးသူအခွင့်အရေးဆိုသည်မှာ မိမိတို့ဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်းများ အရည်အသွေးညံ့ဖျင်းမှုတို့အတွက် တာဝန်ခံမှု/တာဝန်ယူမှုရှိစေရေး စီးပွားရေး လုပ်ငန်းရှင်များအပေါ် တောင်းဆိုခွင့်နှင့် ပြန်လည်ကုစားမှု ရပိုင်ခွင့်၊ ဝယ်ယူ စားသောက်သည့် အစားအသောက်၏ အရည်အသွေးညံ့ဖျင်းမှုကြောင့် ကျန်းမာရေး ထိခိုက်လာနိုင်မှု/အသက်အန္တရာယ် ထိခိုက်လာနိုင်မှုတို့အတွက် ပြန်လည်ကုစားမှု ရယူပိုင်ခွင့်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ဝန်ဆောင်မှုညံ့ဖျင်းမှုတို့ကို ပြန်လည်စောဒက တက်ပိုင်ခွင့်၊ မိမိတို့ဝယ်ယူသုံးစွဲရမည့် ပစ္စည်း၊ အစားအသောက်၊ ဝန်ဆောင်မှုများ အတွက် သတင်းအချက်အလက်များ ရပိုင်ခွင့် စသည့် အခွင့်အရေးများဖြစ်သည်ဟု အခြေခံအားဖြင့် ဆိုနိုင်ပါသည်။

စားသုံးသူအခွင့်အရေးများကာကွယ်ခြင်း ဆိုရာတွင် စားသုံးသူများ၏ အခွင့် အရေး အပြည့်အဝရစေရေးအတွက် ဥပဒေများထုတ်ပြန်၍လည်းကောင်း၊ အဖွဲ့ အစည်းများ ဖွဲ့စည်း၍လည်းကောင်း အကာအကွယ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေများ ရေးဆွဲသည့်အခါတွင်လည်း စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ် ရောင်းချခြင်းဖြင့်လည်းကောင်း၊ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများဖြင့်လည်း ကောင်း အကျိုးအမြတ်ရရှိနေကြသည့် စီးပွားရေးလုပ်ငန်းရှင်များအား ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး အဓိက ရည်ရွယ်ရေးဆွဲထားကြပါသည်။

(င) စားသုံးသူတို့ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှု ရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဖော်ဆောင်ဖြည့်ဆည်းပေးရန် စသည့် ရည်ရွယ် ချက်များဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

စားသုံးသူအခွင့်အရေး လှုပ်ရှားမှုများနှင့် စပ်လျဉ်းပြီး နောက်ကြောင်းပြန်ကြည့် မည်ဆိုလျှင် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီသည် ကမ္ဘာ့ခေါင်းဆောင်များ ထဲတွင် ပထမဆုံး စားသုံးသူအခွင့်အရေး ဆောင်ရွက်သူဟု ဆိုရမည်ဖြစ်သည်။ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီသည် ၁၉၆၂ ခုနှစ် မတ်လ ၁၅ ရက်တွင် အမေရိကန်ကွန်ဂရက်စ်အတွင်း စားသုံးသူအခွင့်အရေးနှင့်စပ်လျဉ်းသည့် အကြောင်း အရာကို တရားဝင်ပြောကြားခဲ့သူဖြစ်သည်။

သို့အတွက်ကြောင့် အဆိုပါ မတ် ၁၅ ရက်ကို ကမ္ဘာ့စားသုံးသူများ အခွင့်အရေးနေ့ (World Consumer Rights Day - WCRD)အဖြစ် သတ်မှတ်ပြီး နှစ်စဉ် မတ် ၁၅ ရက်ရောက်တိုင်း ကမ္ဘာတစ်ဝန်းတွင် စားသုံးသူများ အခွင့်အရေးနှင့် စပ်လျဉ်းပြီး စားသုံးသူများကိုယ်တိုင်နှင့် လုပ်ငန်းရှင်များ သိရှိနိုင်ရန် ရည်ရွယ်၍ ဂုဏ်ပြုကျင်းပလျက် ရှိကြသည်။ ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်ကလည်း ကမ္ဘာ့ စားသုံးသူအခွင့်အရေးများနေ့ကို “Building a digital world, consumer can trust” အမည်ဖြင့် ပြုလုပ်သွားခဲ့သည်ကို လေ့လာသိရှိရသည်။



မြန်မာနိုင်ငံအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(Consumer Protection Law)ကို ၂၀၁၄ ခုနှစ် မတ်လတွင် ထုတ်ပြန်ခဲ့ပါသည်။ စားသုံးသူအား အကာအကွယ်ပေးခြင်းနှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးဥပဒေဖြစ်သည် ဟု လေ့လာသိရှိရပါသည်။ အဆိုပါဥပဒေကို

(က)စားသုံးသူတို့သည် မိမိတို့အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူ နိုင်ရန်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန်

(ခ) စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာကာကွယ်နိုင်သော စနစ် တစ်ရပ် ပေါ်ပေါက်လာစေရန်

(ဂ) စားသုံးသူအား ဥပဒေအရ အကာအကွယ်ပေးခြင်း၊ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းတို့ ပါဝင်သော စားသုံးသူအကာ အကွယ်ပေးရေး လုပ်ငန်းအစီအမံ ပေါ်ပေါက်လာစေရန်

(ဃ) စီးပွားရေးလုပ်ငန်းရှင်တို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း အပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှု ရှိသောအပြုအမူများ ဖြစ်ပေါ်စေရန်

၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂညီလာခံမှ စားသုံးသူအကာအကွယ်ပေးရေး အတွက် လမ်းညွှန်ချက်များ (United Nations Guidelines for Consumer Protection)ကို ချမှတ်ပေးခဲ့သည်။ အဆိုပါလမ်းညွှန်ချက်များအား Consumers International မှ ကိုးကားသုံးသပ်ပြီး စားသုံးသူများအတွက် အခြေခံအခွင့်အရေး ရှစ်ခု သတ်မှတ်ခဲ့သည်။ ၎င်းတို့မှာ

**(၁) ရွေးချယ်ခွင့်**

စီးပွားရေးလုပ်ငန်းရှင်များ များပြားလာပြီး အပြိုင်အဆိုင်များစွာဖြင့် ကုန်ပစ္စည်း များ ထုတ်လုပ်လာကြရာတွင် စားသုံးသူများအနေဖြင့် မိမိတို့ပေးဝယ်ရမည့်ငွေကြေး နှင့်ထိုက်တန်သည့် ကောင်းမွန်သည့် အရည်အသွေးရှိသော ကုန်ပစ္စည်းအား ရွေးချယ်ဝယ်ယူခွင့်ရှိသည်။

**(၂) စိတ်ချလုံခြုံခွင့်**

ဘေးအန္တရာယ်ကင်းရှင်းပြီး အဆိပ်အတောက်ကင်းဝေးသည့် ထုတ်ကုန်ပစ္စည်း များ ဖြစ်ဖို့ရာအတွက် စားသုံးသူများအား အကာအကွယ်ပေးသည့်အနေဖြင့် လုံခြုံ စိတ်ချရသည့်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးခြင်း၊ သုံးစွဲစေခြင်းသည်လည်း စားသုံး သူ၏ အခွင့်အရေးပင်ဖြစ်သည်။

**စားသုံးသူအခွင့်အရေးလှုပ်ရှားမှုများနှင့် စပ်လျဉ်းပြီး နောက်ကြောင်းပြန်ကြည့်မည်ဆိုလျှင် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီသည် ကမ္ဘာ့ခေါင်းဆောင်များထဲတွင် ပထမဆုံး စားသုံးသူအခွင့်အရေး ဆောင်ရွက်သူဟု ဆိုရမည်ဖြစ်သည်။ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီသည် ၁၉၆၂ ခုနှစ် မတ်လ ၁၅ ရက်တွင် အမေရိကန်ကွန်ဂရက်စ်အတွင်း စားသုံးသူအခွင့်အရေးနှင့်စပ်လျဉ်းသည့် အကြောင်းအရာကို တရားဝင် ပြောကြားခဲ့သူဖြစ်သည်။ သို့အတွက်ကြောင့် အဆိုပါ မတ် ၁၅ ရက်ကို ကမ္ဘာ့စားသုံးသူများ အခွင့်အရေးနေ့ (World Consumer Rights Day - WCRD)အဖြစ် သတ်မှတ်ပြီး နှစ်စဉ် မတ် ၁၅ ရက် ရောက်တိုင်း ကမ္ဘာတစ်ဝန်းတွင် စားသုံးသူများအခွင့်အရေးနှင့် စပ်လျဉ်းပြီး စားသုံးသူများကိုယ်တိုင်နှင့် လုပ်ငန်းရှင်များ သိရှိနိုင်ရန်ရည်ရွယ်၍ ဂုဏ်ပြုကျင်းပလျက်ရှိကြသည်။**




**(၃) သတင်းအချက်အလက်ရပိုင်ခွင့်**

စားသုံးသူများအနေဖြင့် မိမိတို့ ဝယ်ယူသုံးစွဲရမည့် ကုန်ပစ္စည်း သို့မဟုတ် အစား အသောက် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတင်းအချက်အလက်များ ကြိုတင်ရယူခွင့် ရှိရပါမည်။ သို့မှသာ စားသုံးသူများဘက်မှ ဝယ်ယူသုံးစွဲခြင်းမပြုမီ စဉ်းစားသုံးသပ်နိုင်မည်ဖြစ်သည်။

**(၄) သတင်းအချက်အလက်ပြောကြားခွင့်**

စားသုံးသူများဘက်မှ ၎င်းတို့ တွေ့ကြုံရသည့် အခက်အခဲ၊ ပြဿနာများကို စီးပွားရေးမူဝါဒရေးဆွဲသူများ သိရှိစေရန် သို့မဟုတ် စားသုံးသူ အကာအကွယ် ပေးရေး အဖွဲ့အစည်းများ သိရှိစေရန် သို့မဟုတ် အများပြည်သူသိရှိစေရန် သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်များ သိရှိစေရန် ပြောကြားခွင့်ရှိရမည်ဖြစ်သည်။ ပြောကြား သည်ဆိုရာတွင် ကောင်းမွန်သည့်ရလဒ် ဖြစ်ပေါ်စေရန် ရည်ရွယ်ပြောကြားခြင်းမျိုး ဖြစ်သည့်အတွက် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ စားသုံးသူဘက်သို့ ကောင်း မွန်သည့်ရလဒ် ဖြစ်ပေါ်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

**(၅) ကုစားပေးမှု ရပိုင်ခွင့်**

စားသုံးသူများက ကြုံတွေ့ရသော နစ်နာဆုံးရှုံးမှုများအတွက် တိုင်တန်းလာမှုများ ကိုလည်း သေချာစွာစိစစ်ပြီးနောက် နစ်နာသူအား ပြန်လည်ကုစားမှုပေးရမည် ဖြစ်သည်။

**(၆) ကျန်းမာသောပတ်ဝန်းကျင် ရပိုင်ခွင့်**

ဈေးကွက်စီးပွားရေးစနစ်တွင် အပြိုင်အဆိုင်ဖြင့် ထုတ်ကုန်များ ထုတ်လုပ်လာကြ ရာတွင် စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေမည့် ထုတ်ကုန်များ၊ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်စေမည့် ကုန်ထုတ်လုပ်မှုစနစ်များ မရှိရအောင် စီးပွားရေး လုပ်ငန်းရှင်များက ဂရုပြု လိုက်နာရမည်ဖြစ်သည်။ မိမိတို့ထုတ်ကုန်ကြောင့် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကြောင့် စားသုံးသူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်ပေါ်စေရေး အလေးထား ဂရုပြု ဆောင်ရွက်ပေးခြင်းသည် စားသုံးသူ၏ အခွင့်အရေးကို ကာကွယ်ပေးခြင်းလည်းဖြစ်ပါသည်။ ထိုအခွင့်အရေး ကာကွယ်ပေး မှုကို ရရှိခွင့်သည် စားသုံးသူအခွင့်အရေးဖြစ်ပါသည်။

**(၇) ဝန်ဆောင်မှုများ ရပိုင်ခွင့်**

စားသုံးသူအား အဆင်ပြေကောင်းမွန်သည့် ဝန်ဆောင်မှုပေးရန်၊ လေးလေး စားစားဆက်ဆံရန် လိုအပ်သလို အခက်အခဲတင်ပြသည့်အချိန်တွင်လည်း အကောင်း မွန်ဆုံး၊ အပြေလည်ဆုံးနည်းလမ်းဖြင့် ဖြေရှင်းပေးရပါမည်။ အဆိုပါ အခွင့်အရေးများ သည်လည်း စားသုံးသူအခွင့်အရေးများ ဖြစ်ပါသည်။

**(၈) စားသုံးသူများအား ပညာပေးမှုရပိုင်ခွင့်**

စားသုံးသူများအား ၎င်းတို့၏ အခွင့်အရေးများကို သိရှိအောင် ပညာပေးခြင်းများ ပြုလုပ်ရမည်။ ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်းပြီးလည်းကောင်း၊ ဝန်ဆောင်မှုများနှင့် စပ်လျဉ်းပြီးလည်းကောင်း သတင်းအချက်အလက်၊ ဗဟုသုတရရှိအောင် ပညာပေး ဆောင်ရွက်ခြင်းဖြင့် သတင်းအချက်အလက်အမှန်များ ရရှိပြီး စားသုံးသူအခွင့် အရေးများကို စားသုံးသူများ ခံစားသိရှိ နားလည်ပျော်ရွှင်လာမည်ဖြစ်သည်။

အခွင့်အရေးနှင့်တာဝန်သည် ဒင်္ဂါးပြားတစ်ချပ်ပမာ ရှေ့နောက်တွဲလျက်ရှိသည် ဆိုသည့်အတိုင်း စားသုံးသူများတွင် အခွင့်အရေးရှိသလို တာဝန်လည်းရှိပါသည်။ ဥပမာအားဖြင့် မိမိတို့လိုအပ်သည့် ကုန်ပစ္စည်းကို ဝယ်ယူရာတွင်လည်းကောင်း၊ သို့မဟုတ် ဝန်ဆောင်မှုကို ရှာဖွေရာတွင်လည်းကောင်း ကျန်းမာရေးနှင့် ညီညွတ် သည့်၊ ကောင်းမွန်သည့်၊ ဘေးအန္တရာယ်မဖြစ်နိုင်သည့် ထုတ်ကုန်များကို ရရှိသုံးစွဲ နိုင်ရေး၊ ဝန်ဆောင်မှုကောင်းများ ရရှိနိုင်ရေးအတွက် သတင်းအချက်အလက်များ ရှာဖွေရမည့်၊ သုံးသပ်ရမည့်၊ ရွေးချယ်ရမည့် တာဝန်များရှိပါသည်။ မိမိတို့အတွက် အကောင်းဆုံး ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ရှာဖွေသုံးစွဲရမည့်တာဝန် ဖြစ်ပါ သည်။

ဈေးကွက်စီးပွားရေးစနစ်တွင် အပြိုင်အဆိုင်ဖြင့် ထုတ်ကုန်များကို ရောင်းချမှု များ ရှိလာနေသည့်ကာလ ဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့၏ထုတ်ကုန်များ ရောင်းချနိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ချဉ်းကပ် ကြော်ငြာလာသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ရာတွင် စားသုံးသူများဘက်မှ မိမိတို့ ပေးဝယ်ရမည့် ငွေကြေးနှင့် ထိုက်တန်မှု ရှိ/မရှိ၊ ကျန်းမာရေးနှင့် ညီ/မညီ၊ ဘေးအန္တရာယ် ဖြစ်နိုင်/မဖြစ်နိုင်ကို စိစစ်သုံးသပ်ပြီး ဝယ်ယူရပါမည်။ ဝယ်ယူရန် အတွက် ဆုံးဖြတ်ချက်ချသူသည် စားသုံးသူ မိမိကိုယ်တိုင်သာ ဖြစ်သည့်အတွက် စားသုံးသူများကိုယ်တိုင် သတိထားဆုံးဖြတ်ရမည့်တာဝန် ရှိပါသည်။

စီးပွားရေးလုပ်ငန်းရှင်များမဟုတ်သူ သာမန်အခြေခံလူတန်းစားများသည် စားသုံး သူများဖြစ်သလို စီးပွားရေးလုပ်ငန်းရှင်များသည်လည်း တစ်နည်းနည်းဖြင့် အခြား တစ်ဖက်တွင် စားသုံးသူများ ဖြစ်ကြသည်။ လူသားအားလုံးသည် စားသုံးသူများသာ ဖြစ်ကြပါသည်။ ထို့အတွက်ကြောင့် အချုပ်အားဖြင့်ဆိုရလျှင် စီးပွားရေးလုပ်ငန်းရှင် များဘက်မှ စီးပွားရေးတွက်ခြေကိုက်ရန် အမြတ်တစ်ခုတည်းသာ မကြည့်ဘဲ အပြန်အလှန်လေးစားစိတ်၊ ကိုယ်ချင်းစာစိတ်များ ထားရှိပြီး စစ်မှန်၍ တရားမျှတ ညီညွတ်သောနည်းလမ်းများဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ကျန်းမာသန့်ရှင်း ဘေးအန္တရာယ် ကင်းသည့် ထုတ်ကုန်များကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းတို့ဖြင့် စားသုံးသူအခွင့် အရေးများအား အကာအကွယ်ပေးနိုင်ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဆုတောင်း လိုက်ရပါသည်။ ။

**ကိုးကား**

**(၁) စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ**

(၂) United Nations Guidelines for Consumer Protection

ကချင်ပြည်နယ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက် စစ်တမ်းကောက်ယူခဲ့

**မြစ်ကြီးနား မေ ၉**

မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း(၂၀၁၅-၂၀၁၆)ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ကောက်ယူခဲ့ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ မြို့ပြ၊ ကျေးလက်တို့မှ ပြည်သူများ၏ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို စစ်တမ်းကောက်ယူနိုင်ခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန(နေပြည်တော်) ကျန်းမာရေးသတင်းဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလွင်လွင်အောင်က ပြောကြားသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် City Park Royal ခန်းမဆောင်၌ မေ ၈ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း ပင်မအစီရင်ခံစာ အသိပေးဆွေးနွေးပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့ ဒီစစ်တမ်းကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ရောဂါသုံးမျိုးတိုက်ဖျက်ရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့၊ 3NDG အဖွဲ့၊ USAIDS အဖွဲ့တို့နဲ့ ပူးပေါင်းပြီး စစ်တမ်းကောက်ယူခဲ့ပါတယ်။ စစ်တမ်းကောက်ယူတဲ့နေရာမှာ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အချက်အလက်၊ ကလေးသေနှုန်း၊ မျိုးဆက်ပွားကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဦးစားပေးရွေးချယ်မှုပုံစံတွေ၊ မိခင်နှင့်ကလေးကျန်းမာရေး၊ HIV/AIDS နဲ့ လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများနဲ့ ပတ်သက်တဲ့ အသိပညာသဘောထား စတာတွေအပြင် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ အချက်အလက်တွေကို ကောက်ယူခဲ့တယ်"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

စစ်တမ်းရဲ့ အားသာချက်ကတော့ ရရှိတဲ့ညွှန်းကိန်းတွေကို နိုင်ငံအချင်းချင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အချင်းချင်းမှာဖြစ်ပေါ်နေတဲ့ ကျန်းမာရေးနှင့် လူနေမှုဘဝဆိုင်ရာအခြေအနေကို ညွှန်းပြနှိုင်းယှဉ်အောင် အထူးအလေးပြု ဆောင်ရွက်ထားတာဖြစ်ပါတယ်။ တွေ့ရှိချက်များဟာ ပြည်နယ်ရဲ့လူမှုကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုတဲ့စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရာတွင် အသုံးဝင်မှာဖြစ်ပါတယ်"ဟု စစ်တမ်းကြောင့် ရရှိနိုင်မည့် အကျိုးများကိုလည်း ညွှန်ကြားရေးမှူးက ဆက်လက်ရှင်းပြသည်။

အဆိုပါ ပင်မအစီရင်ခံစာ အသိပေးဆွေးနွေးပွဲတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပြည်နယ်အတွင်း ကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို နှစ်ရက်တာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**





## ကုသိုလ်ဖြစ် ဆေးခန်းဖွင့်လှစ်၍ အခမဲ့ကျန်းမာရေးစစ်ဆေး ကုသပေး

**လေးမျက်နှာ မေ ၉**

လေးမျက်နှာမြို့နယ် ကုသရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၆ ရက်က မြတ်စေတနာလူမှုကူညီရေးအသင်း ကုသိုလ်ဖြစ်အခမဲ့ဆေးခန်း၏ (၁၀၈)ကြိမ်မြောက် ဆေးခန်းဖွင့်လှစ်ရာတွင် ပူးပေါင်းပါဝင် ကုသပေးခဲ့ကြောင်း သိရသည်။

လေးမျက်နှာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်သည့် မြတ်စေတနာလူမှုကူညီရေးအသင်း ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းကို တစ်ပတ်ခြား စနေနေ့တိုင်း စမ်းသပ်ကုသပေးလျက်ရှိရာ ယနေ့ဆိုလျှင် ၁၀၈ ပတ် (၁၀၈) ကြိမ်အထိ အောင်မြင်စွာ ဖွင့်လှစ်လာခြင်းဖြစ်ပြီး အင်္ဂလိပ်ဆေးဝါးလိုအပ်သော လူနာများအတွက်သာမက တိုင်းရင်းဆေးဖြင့်ကုလိုသော လူနာများပါ ကုသနိုင်အောင် မြို့နယ်ကုသရေးဦးစီးဌာန၊ တိုင်းရင်းဆေးကုဌာနတို့နှင့် ဆက်သွယ်အကူအညီရယူ၍ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးနေခြင်းဖြစ်ကာ သက်ဆိုင်ရာဌာနများကလည်း ကုသိုလ်ဖြစ် ပါဝင်ကူညီပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ကြောင်း အသင်းဝင်တစ်ဦးဖြစ်သည့် ဦးသန်းဝင်းက ပြောသည်။

ဆေးခန်းကို နှစ်ပတ်တစ်ကြိမ် စနေနေ့တိုင်းဖွင့်လှစ်ရာတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပုံမှန်ဖွင့်လှစ်ပြီး လူမျိုး ဘာသာ၊ ဆင်းရဲချမ်းသာမရွေး အခမဲ့ကုသနိုင်သဖြင့် မြို့ပေါ်ရပ်ကွက်များသာမက ကျေးရွာတော်တော်များများကလည်း လာရောက်ကုသကြရာ ပုံမှန်အားဖြင့် တစ်ရက်လျှင် လူနာ ၁၀၀ ကျော် ကုသပေးနိုင်ပြီး အချို့ရက်များတွင်လူနာ ၂၀၀ ကျော်အထိ ကုသပေးရကြောင်း၊ ဆေးဖိုးကုန်ကျစရိတ်အတွက် အလှူရှင်များလှူဒါန်းသည့် ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီး လိုအပ်သည့် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် မြို့နယ်ဆရာဝန်ကြီးနှင့် ဆေးရုံဝန်ထမ်းများ၊ တိုင်းရင်းဆေးကုဌာနမှ ဆရာများက အခမဲ့ကူညီပေးခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ယခုတစ်ပတ်တွင် ဆေးခန်းဖွင့်လှစ်ရာတွင် လာရောက်ပြသ ကုသမှုခံယူကြသူများနှင့် ဒေသခံပြည်သူများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်စုစုလှိုင်က မိုးဦးနှင့် မိုးရာသီတွင် ဖြစ်ပွားမှုများသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်နည်းလမ်းများနှင့် ဆောင်ရန်ရှောင်ရန် နည်းလမ်းများ၊ ဈေးကွက်အတွင်းရောင်းချနေသည့် တရားမဝင်ဆေးဝါးများ၏ ဆိုးကျိုးများအကြောင်း စသည့် ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဇီးတော-ပေါင်းကလေးကျေးရွာချင်းဆက်တံတား တည်ဆောက်ပြီးစီး၍ သွားလာရေးအဆင်ပြေ

**ငဖဲ မေ ၉**

မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တံတားများအနက် ဒုတိယအရှည်ဆုံးတံတားဖြစ်သော ငဖဲမြို့နယ် ဇီးတော-ပေါင်းကလေး ကျေးရွာချင်းဆက် မန်းချောင်းကူးတံတား အောင်မြင်စွာ တည်ဆောက်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဇီးတော-ပေါင်းကလေး ကျေးရွာချင်းဆက် မန်းချောင်းကူး တံတားသည် ယခင်က သစ်သားတံတား အမျိုးအစားဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေ ၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ၇ သန်း စုစုပေါင်း ၁၂ သန်းဖြင့် ဇီးတောကျေးရွာတံတားတည်ဆောက်ရေးကော်မတီက တည်ဆောက်ခဲ့ကြောင်း၊ ၂၀၁၅ ဇူလိုင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး မန်းချောင်းရေကြီးရေလျှံမှုကြောင့် တံတား အရှည် ပေ ၈၀ ခန့် ကျိုးပဲ့ပျက်စီးခဲ့ကြောင်း၊ တံတားပြန်လည်တည်ဆောက်နိုင်ရန် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အကြံပြုတောင်းခံခဲ့ရာ အရှည်ပေ ၅၀၀ သံကူကွန်ကရစ်တံတား တည်ဆောက်မှသာ ရည်ရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ကြောင်း အကြံပြုချက်အရ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀၀ ဖြင့် အရှည် ပေ ၅၀၀ သံကူကွန်ကရစ်တံတား တည်ဆောက်ရန် လျာထားတင်ပြပြီး ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးယုနိုင်လင်းက ပြောသည်။



တံတားသည် အရှည် ပေ ၅၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေ ရှိပြီး သံကူကွန်ကရစ်အမျိုးအစား ဖြစ်ကာ ၂၀၁၆ အောက်တိုဘာလအတွင်း ခေတ်မီဦးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပြီး မတ် ၃၀ ရက်က ပြီးစီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဇီးတော-ပေါင်းကလေး ကျေးရွာချင်းဆက် မန်းချောင်းကူး တံတား တည်ဆောက်ပြီးစီးခြင်းကြောင့် ဒေသတွင်းရှိ ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၁၆၃၇ အိမ်မှ လူဦးရေ ၆၃၄၆ ဦးတို့အား အကျိုးပြုသည့်အပြင် မန်းရွှေစက်တော်ရာဘုရားပွဲတော် ရာသီတွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအနေဖြင့် တံတားကြီးကို ဖြတ်သန်း၍ အလွယ်တကူ သွားလာနိုင်ကြမည်ဖြစ်သည်။

**သန်းနိုင်ဦး(ငဖဲ)**

## ရေရှားပါးသည့်ကျေးရွာများသို့ သောက်ရေများသွားရောက်ဖြန့်ဝေလှူဒါန်း

**တောင်သာ မေ ၉**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အိုးဘိုကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာ၌ ယခုနှစ် နွေရာသီကာလအတွင်း ရေတွင်းရေကန်များ ခန်းခြောက်ကာ ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှုအခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေများ မေ ၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သောက်သုံးရေများ သွားရောက်လှူဒါန်းရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကြည်မြင့် ဦးဆောင်သည့် ဝန်ထမ်းများက ဆည်ကုန်းကျေးရွာရှိအိမ်ခြေ ၁၀၄ လုံး၊ လူဦးရေ ၅၀၇ ဦးအတွက် ဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ လှူဒါန်းခဲ့ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း ဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးနှင့် လှူဒါန်းခဲ့၍ စုစုပေါင်းသောက်သုံးရေ ဂါလန် ၃၀၀၀ ကို ကျေးရွာအရောက်သွားရောက်၍ ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုရေလှူဒါန်းခဲ့သည့် ဆည်ကုန်းကျေးရွာအပြင် မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးပြတ်လပ်နေသည့် ကျေးရွာများမှ ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေများကို စဉ်ဆက်မပြတ် ကွင်းဆင်းလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



# စလင်းရွှေပြည်အေးဘုရားပွဲတော် တစ်လကြာကျင်းပမည်

**စလင်း မေ ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ရွှေပြည်အေးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မေ ၁၀ ရက်မှ ဇွန် ၁၀ ရက်အထိ တစ်လကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ရွှေပြည်အေးဘုရားပွဲတော်မှာ မြန်မာနိုင်ငံတစ်ဝန်းတွင်ကျင်းပသော ဘုရားပွဲတော်များအနက် ထင်ရှားသည့် ၁၂ ပွဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ရွှေပြည်အေးဘုရားပွဲတော်အကြောင်းကို စာရေးဆရာကြီး သိပ္ပံမောင်ဝ ကပင် အညာဘုရားပွဲအမည်ဖြင့် ခေတ်စမ်းဝတ္ထုတိုကို ၁၉၃၆ ခုနှစ်က ရေးခဲ့ဖူးသည်။ ဘုရားကြီး၏ သက်တမ်းမှာ ၁၇၅ နှစ် ရှိပြီဖြစ်သည်။ ရှေးယခင်က ဘုရားကြီး၏ ဘွဲ့နာမမှာ ရှင်ပင်ကုသန္ဒာရုံ ဖြစ်သည့် ၁၃၄၂ ခုနှစ်တွင် ဆရာတော် သံဃာတော်များ စုဝေးတိုင်ပင်ကာ ရွှေပြည်အေးဘုရားဟု ပြန်လည်သမုတ်ခဲ့သည်။ ထို့ကြောင့် ရွှေပြည်အေးဘုရားဟု ဘွဲ့အမည်တွင်သည်မှာ ၃၅ နှစ် ရှိပြီဖြစ်သည်။

ယခုနှစ် ရွှေပြည်အေးဘုရားပွဲတော်တွင် ဆိုင်ခန်းပေါင်း ၆၀၀ ကျော် ခင်းကျင်းဖွင့်လှစ် ရောင်းချမည်ဖြစ်သည်။ ရှေးယခင်က ဆေးရိုးများ၊ စဥ့်အိုးကြီး ငယ်များကိုသာ အဓိကထား ရောင်းချကြသော်လည်း ယခုအခါ ပွဲတော်တွင် အနယ်နယ် အရပ်ရပ်မှ ဈေးသည်များ လာရောက်၍ ဘုရားပွဲများတွင် ရောင်းချလေ့ရှိသည့် လူအသုံးအဆောင်ပစ္စည်းများအားလုံးကို ရောင်းချသည်။

ယခုနှစ် ဘုရားပွဲတော်တွင် မြန်မာ့ရိုးရာ နွားအလှပြိုင်ပွဲနှင့် နွားလှည်းပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆပ်ကပ်ပွဲများနှင့် မြန်မာ့ဇာတ်သဘင်များလည်း ပါဝင်မည်ဖြစ်သည်။

ထို့အပြင် ဗုဒ္ဓပူဇနိယ အစီအစဉ်များအနေဖြင့် ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲနှင့် ဆွမ်းလုံးချပွဲတော်များလည်း ပါဝင်မည်ဖြစ်ပြီး ကဆုန်လပြည့်နေ့တွင်ညောင်ရေသွန်းပွဲကို ကျင်းပရာတွင်လည်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများက အိုးစည်ဒိုးပတ်၊ အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ကျင်းပကြမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မွန်ပြည်နယ်အတွင်း ရွှေ့ပြောင်းလုပ်သားများတွင် HIV ရောဂါဖြစ်ပွားမှုပိုများ

**ရေး မေ ၉**

မွန်ပြည်နယ်အတွင်းရှိ အစိုးရဆေးရုံဆေးခန်းများတွင် ပြီးခဲ့သော ၂၀၁၆ ခုနှစ်အတွင်း HIV ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသူပေါင်း ၁၄၄၆ ဦးရှိကာ ထိုအထဲမှ အများဆုံးမှာ အိမ်နီးချင်းတစ်ဖက်နိုင်ငံ၊ နယ်စပ်ဒေသနှင့် ပြည်တွင်း ရွှေ့ပြောင်းလုပ်သားများအဖြစ် လုပ်ကိုင်သူများကြားဖြစ်ပွားမှုက ပိုမိုများပြားနေကြောင်း ပြည်နယ်ခုခံကျ/ ကာလသား တိုက်ဖျက်ရေးအဖွဲ့မှ ခေါင်းဆောင်ဆရာဝန် ဒေါက်တာမင်းသူ၏ ပြောကြားချက်အရ သိရသည်။

ရောဂါဖြစ်ပွား၍ ကုသမှုခံယူသူဦးရေမှာ ၂၀၁၄ ခုနှစ်တွင် ၄၁၀ ခန့်သာရှိပြီး ၂၀၁၅ ခုနှစ်တွင် တစ်ဆမကတိုး၍ ၉၉၀ အထိ ရှိလာခဲ့ကာ ၂၀၁၆ ခုနှစ်တွင်လည်း ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ထက် တစ်ဆမကတိုး၍ ၁၄၄၆ ဦးအထိ ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်သူများအနက် အသက်အလိုက် ရောဂါကူးစက်မှုမှာ အသက် ၂၀ ကျော်မှ အသက် ၄၀ အထိအတွင်း ဖြစ်ပွားမှုက အခြားအသက်အပိုင်းအခြားထက် ပိုမိုဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ လိင်တူ၊ လိင်ကွဲဆက်ဆံခြင်းမှလည်း ဖြစ်ပွားမှုများရှိနေကြောင်း၊ ယခုနှစ်အတွင်း ရောဂါကုသနေရသူများထဲတွင် ကလေးသူငယ် ၁၀၁ ဦးလည်း ရောဂါကူးစက်ခံနေရကြောင်း အဖွဲ့ခေါင်းဆောင် ဒေါက်တာမင်းသူက ဆက်ပြောသည်။

ယခုလက်ရှိအချိန်တွင် HIV ဝေဒနာရှင်များမှာ ယခင်ကာလများကလို ခွဲခြားဆက်ဆံခံရမှု နည်းပါးလျော့ကျလာနေသည့်အပြင် ART ဆေးဝါးကိုလည်း ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အတွင်းမှ HIV လူနာများအား ဆေးဝါးကုသပေးမှုအတွက် ပြည်နယ်အခြေစိုက် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်း ၁၃ ဖွဲ့နှင့် ချိတ်ဆက်ကာ လိုအပ်သော သွေးစစ်ဆေးပေးခြင်း၊ ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပညာပေးအစီအစဉ်အနေဖြင့်လည်း လူစည်ကား အချက်အချာကျသော ကားဂိတ်နှင့် အခြားနေရာအနှံ့တွင် ပညာပေးအစီအစဉ်များ ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၂၀ ခုနှစ်တွင် HIV ဝေဒနာရှင်လူနာအားလုံး၏ ၉၀ ရာခိုင်နှုန်းကို သွေးစစ်ဆေးပေးပြီး ART ဆေးဝါးရရှိရေး ဆောင်ရွက်ပေးသွားရန် ရည်မှန်းချက်ထားသည့်အပြင် လာမည့် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံဒေသအတွင်း၌ HIV ရောဂါသည် လူထုကိုခြောက်လှန့်မှုအန္တရာယ်အဖြစ်မှ အဆုံးသတ်သွားရန် ရည်မှန်းချက်ထားရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးအောက်ခြေအဆင့် စီမံကိန်းရေးဆွဲဆောင်ရွက်ပြီးစီး

**မိတ္ထီလာ မေ ၉**

ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေး အောက်ခြေအဆင့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခြင်းနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော မြို့နယ်အဆင့် စီမံကိန်းလက်စွဲစာအုပ် ပေးအပ်ခြင်း အခမ်းအနားကို မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် ဝန်ဇင်းဟိုတယ်ခန်းမ၌ မေ ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ယနေ့အချိန်တွင် ပြည်သူ့အကျိုးကိုရှေးရှုသော၊ ပြည်သူကိုဗဟိုပြုသော ပွင့်လင်းမြင်သာမှုရှိသည့် အုပ်ချုပ်ရေးစနစ်ကို တဖြည်းဖြည်းပြောင်းလဲကျင့်သုံးလျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးအတွက် စီမံကိန်းများရေးဆွဲရာတွင် ပြည်သူလူထု၏ စီးပွားရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြို့ပြနှင့် ကျေးလက် လူမှုရေးဆိုင်ရာများ တန်းတူညီမျှဖြစ်လာစေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် သာယာဝပြောရေးတို့အတွက် အောက်ခြေအဆင့် ပြည်သူလူထုတို့မှ အစပြုသော ပြည်သူလူထုဗဟိုပြု အခြေခံစီမံကိန်းလုပ်ငန်းများ၊ ဘတ်ဂျက်နှင့် အသုံးစရိတ်များကို အကျိုးရှိစွာ စီမံထိန်းကွပ်မှုများသည် ကောင်းမွန်သော ပြည်သူ့ရေးရာမူဝါဒများဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် Action Aid Myanmar မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါက်တာစီတဲကူးမားက နှုတ်ဆက်စကားပြောကြားပြီး ခရိုင်စီမံကိန်းညွှန်ကြားရေးမှူး ဦးဝင်းအောင်က လူထုဗဟိုပြုစီမံကိန်း၏ သဘောသဘာဝများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က စီမံကိန်း လုပ်ဆောင်ခဲ့ပုံအဆင့်ဆင့်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးဝင်းသိန်းက မြို့နယ်အတွင်း စီမံကိန်းဌာနလုပ်ဆောင်မှုများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်အရာရှိဦးသန့်စင်က စီမံကိန်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မိတ္ထီလာမြို့နယ်ရှိ ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် သက်ဆိုင်သော ဦးစားပေးအစီအစဉ် စာအုပ်စာတမ်းများကို ဒေါက်တာစီတဲကူးမားနှင့် အဖွဲ့ဝင်များက လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြပြီး ဆက်လက်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ပြည်သူ့ဗဟိုပြုစီမံကိန်းများအား တင်ပြဆွေးနွေးကာ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များကလည်း ပြည်သူ့ဗဟိုပြုစီမံကိန်းများပိုမိုအောင်မြင်အောင် အထောက်အကူပြုနိုင်စေရန် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူများတွေ့ဆုံဆွေးနွေး

**ဖြူး မေ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မြို့နယ်များအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါတီများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဖြူးမြို့ မြို့တော်ခန်းမ၌ မေ ၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ဒီမိုကရေစီပန်းတိုင်ရောက်အောင် တစ်တိုင်းပြည်လုံး ငြိမ်းချမ်းဖို့လိုကြောင်းနှင့် ယခုအချိန်သည် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိအောင် တာဝန်ရှိသူများနှင့် တပ်မတော်အပါအဝင် ပူးပေါင်းဆောင်ရွက်နေသည့်အချိန် ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူအားလုံး စိတ်ဝင်စားစွာ ပါဝင်ဆောင်ရွက်ကြပါရန် အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းက အမျိုးသမီးများနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များအတွက် ဘဝလုံခြုံရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံများက ဒေသဖွံ့ဖြိုးရေးအတွက် သိရှိလိုသည့်အချက်များကို မေးမြန်းတင်ပြ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖြူး(မြင့်ဦး)**

# အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွေ့လျားသင်တန်းဖွင့်လှစ်

**မြစ်ကြီးနား မေ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ အခြေခံ လျှပ်စစ်ကျွမ်းကျင်မှု ရွေ့လျားသင်တန်း အမှတ်စဉ်(၁/ ၂၀၁၇)ကို မေ ၈ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် လျှပ်စစ်သုံးစွဲသူများ၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများနှင့် ကျေးလက်နေ ပြည်သူများအထိ လျှပ်စစ်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစွာ သုံးနိုင်ရေးအတွက် လျှပ်စစ်နှင့်ပတ်သက်သည့် ဗဟုသုတ အသိပညာများကို သိရှိနားလည်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်က အမှာစကားပြောကြားသည်။ ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေးမှူးချုပ် ဦးခင်ရွှေက သင်တန်းနှင့်ပတ်သက်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်၊ မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ကချင်ပြည်နယ်အတွင်းရှိ ခရိုင် လေးခရိုင်မှ သင်တန်းသားသင်တန်းသူ ၁၀၀ အား အခြေခံစက်မှုဘာသာရပ်နှင့်ပတ်သက်၍ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၈ ရက်မှ ဇွန် ၁ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကျင်းပ

**မကွေး မေ ၉**

၂၀၁၇ ခုနှစ် မေ ၈ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၈ ရက်နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်က ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုကြိုဆိုပါကြောင်း၊ ကြက်ခြေနီအဖွဲ့ဝင်အဖြစ် ဝင်ရောက်ကြသူများသည် မိမိသဘောဆန္ဒဖြင့်သာ ဝင်ရောက်ကြသူများဖြစ်ပြီး ပရဟိတစိတ်ဓာတ်အပြည့်ဖြင့် ကူညီစောင့်ရှောက်ကြသူများဖြစ်သည့်အတွက် လေးစားဂုဏ်ယူကြောင်းနှင့် မကွေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့အနေဖြင့် လိုအပ်သည်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြအကူညီတောင်းခံနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မကွေးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးက မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်စဉ်ကာလများတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုများကို အလေးထား အသိအမှတ်ပြုကြောင်း ပြောကြားသည်။ ထို့နောက် ကြက်ခြေနီတပ်ဖွဲ့များအတွက် အလှူငွေများလှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး တပ်ဖွဲ့ဝင်များနှင့် နည်းပြဆရာများကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည့် မေ ၈ ရက်နေ့တွင် မွေးဖွားသည့် ကန်ပြားအနောက်ကျေးရွာအုပ်စု ထုံးပေါက်တောရွာမှ ကလေးငယ်သုံးဦးသည်လည်း တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ် ပြောကြားချက်အရ သိရသည်။

**ညီညီမောင် (မကွေး)**

# မြောက်ဦးမြို့နယ် လက္ကာကျေးရွာတံတားဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၇ သန်းဖြင့် ဆောင်ရွက်ခဲ့သော ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် လက္ကာကျေးရွာ ပေ ၆၀ လက္ကာတံတားဖွင့်ပွဲကို မေ ၈ ရက် နံနက် ၈ နာရီက အဆိုပါတံတား၌ ကျင်းပသည်။



အခမ်းအနားတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးတင်ဝင်းက တံတားတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံရပ်မိရပ်ဖ ဦးမောင်ဘတင်က ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုနှင့် ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးခင်မောင်ထွဋ်တို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနက လက္ကာကျေးရွာ ပေ ၆၀ လက္ကာတံတားအား ယနေ့ ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာမှာ ဖြစ်သကဲ့သို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုများ ပျော်ရွှင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မှုခင်းသတင်းတိုများ

### မီးလောင်မှုဖြစ်ပွား၍ နေအိမ် ၁၅ လုံး ပျက်စီးဆုံးရှုံး

ဖားကန့်မြို့ မြို့မရပ်ကွက်၌ မေ ၇ ရက် ညပိုင်းက မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍ နေအိမ် ၁၅ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ တာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါရပ်ကွက်တွင် အိမ်ငှားနေထိုင်သူ ဦးသန်းမိုး၏ နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် ည ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် မီးလောင်မှု စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကား ၁၃ စီး၊ ရေသယ်ကား ၁၅ စီးတို့ဖြင့် လာရောက်ငြိမ်းသတ်ပေးခဲ့ကာ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ ည ၁၂ နာရီခွဲခန့်တွင်မှ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် နေအိမ် ၁၅ လုံး မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၃၈ စု၊ လူဦးရေ ၁၁၃ ဦးတို့ မီးဘေးသင့်ခဲ့ရပြီး မီးလောင်မှုဖြစ်စဉ်အတွင်း လူနှင့် တိရစ္ဆာန် သေဆုံးမှုမရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျွန်းစိုက်ခင်းအတွင်းကျူးကျော်ဝင်ရောက်၍ကျွန်းပင်များခုတ်သူအား အမှုဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ချိတ်သင်ဘိနယ် အင်ဒေါင်းကြိုးဝိုင်းအတွင်းရှိ ကျွန်းစိုက်ခင်းအတွင်း ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက ကျူးကျော်ဝင်ရောက်၍ ကျွန်းပင်များခုတ်သူတစ်ဦးအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

အင်ဒေါင်းကြိုးဝိုင်း အကွက်အမှတ် (၃၂)အတွင်းရှိ ၂၀၁၅ ခုနှစ် ကျွန်းအထူးစိုက်ခင်း ၅၀၀ ဧကရှိ ကျွန်းပင် ၁၀၀ ခန့်ကို ထီးချိုင့်မြို့နယ် ရွာသစ်ကျေးရွာနေ စိုးမိုးစန်း(ခ)ဉာဏ်မောင်ဆိုသူက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလခန့်က တရားမဝင် ကျူးကျော် ဝင်ရောက်၍ ခုတ်လှဲရှင်းလင်းခဲ့ကြောင်း ချိတ်သင်ဘိနယ် တာဝန်ခံတောအုပ်၏ တင်ပြချက်အရ သစ်တောဦးစီးအရာရှိ ဦးစိုးမင်းအောင်က မေ ၇ ရက်တွင် ထီးချိုင့်မြို့မ ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုးဝိုင်းအတွင်း တရားမဝင် ကျူးကျော်ဝင်ရောက်သစ်ခုတ်သည်ဆိုသူ စိုးမိုးစန်း(ခ)ဉာဏ်မောင် (၃၅နှစ်)အား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး ရဲအုပ်ကြည်လွင်က ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**ဦးရဲ(ကသာ)**

### ၁၅ နှစ်အရွယ် လူငယ်သုံးဦးပါဝင်သည့် သူခိုးအဖွဲ့ကိုဖမ်းမိ

မွန်ပြည်နယ် သထုံမြို့နယ် သာယာကုန်းကျေးရွာ၌ နေအိမ်အတွင်းသို့ ပစ္စည်းဝင်ခိုးသူတစ်ဦးကို လိုက်လံဖမ်းဆီးရာမှ ၁၅ နှစ်အရွယ် လူငယ်သုံးဦးပါဝင်သော သူခိုးအဖွဲ့ကို ဖမ်းမိခဲ့ကြောင်း သိရသည်။ မေ ၇ ရက် နံနက် ၂ နာရီခွဲခန့်တွင် သာယာကုန်းကျေးရွာနေ ဦးကျော်မြသည် မိမိနေအိမ်အတွင်းမှ လူတစ်ဦး ထွက်ပြေးသွားသည်ကို မြင်ရသဖြင့် ပစ္စည်းများပျောက်ဆုံးခြင်းရှိမရှိ စစ်ဆေးရာ သမီးဖြစ်သူ၏ ကော်ဖြင့်ပြုလုပ်ထားသည့်စုဘူး ခိုးယူခံရကြောင်း သိရသဖြင့် ခိုးယူသူထွက်ပြေးသွားသည့်ဘက်သို့ လိုက်လံရှာဖွေရာ အောင်မင်္ဂလာလမ်းထိပ်တွင် ခိုးယူသူ မျိုးမင်းအောင်ပါ လူငယ်တစ်စုအား တွေ့ရှိသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ အပ်နှံခဲ့ခြင်းဖြစ်သည်။

ဖမ်းမိသူငါးဦးအား သထုံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သိန်းထွန်းလှအောင်နှင့်အဖွဲ့က ဆက်လက်စစ်ဆေးရာ သာယာကုန်းကျေးရွာနေ နေလွင်ဦး(၂၆နှစ်)က အခြားရွာမှ လူငယ်များဖြစ်သည့် မျိုးမင်းအောင် (၁၅နှစ်)၊ ကြာစွယ် (၁၅နှစ်)၊ သန့်ဇင်ဝင်း (၁၅နှစ်)နှင့် စည်သူနိုင်(၁၇နှစ်)တို့အား သာယာကုန်းကျေးရွာသို့ ခေါ်ဆောင်၍ ခိုးယူခိုင်းခြင်းဖြစ်ကြောင်း၊ မျိုးမင်းအောင်က ဦးကျော်မြ၏အိမ်အတွင်းသို့ ဝင်ရောက်ခိုးယူခဲ့သည့် စုဘူးအတွင်းမှ ငွေ ၁၅၀၀၀ ကျပ်ကိုလည်း နေလွင်ဦးက သိမ်းယူခဲ့ကြောင်းသိရှိရသဖြင့် နေလွင်ဦး အပါအဝင် ဖမ်းဆီးရမိသူငါးဦးအား သထုံမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **နန္ဒကျော်စွာ**

### ယာဉ်နှစ်စီးတိုက်မိပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ကျိုက်ထိုမြို့နယ် ကျူချောင်ကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်တွင် မေ ၆ ရက်က ယာဉ်နှစ်စီးတိုက်မိပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ကျိုက်ထိုမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးချက်အရ မော်လမြိုင်ဘက်မှ ရန်ကုန်ဘက်သို့ ကျော်မင်းထူး(၃၇နှစ်) မောင်းနှင်ပြီး ခရီးသည် ၂၇ ဦး လိုက်ပါလာသည့် လိုက်ထရပ်ကားသည် ရှေ့မှ တင်မင်းဦး (၃၃နှစ်) မောင်းနှင်လာသည့် Nissan အမျိုးအစား ၁၂ ဘီးကားကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောမရှင်းသဖြင့် ယာဉ်ကြောအတွင်း ပြန်ဝင်ရာမှ ၁၂ ဘီးကား၏ ဦးခေါင်းပိုင်းကို ဝင်တိုက်မိပြီး လမ်း၏ ယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည်များမှာ ပွန်းပဲ့ဒဏ်ရာများသာ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရသူအချို့မှာ ကျိုက်ထိုပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ယာဉ်မောင်းသူနှစ်ဦးအား ကျိုက်ထိုမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

### မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူအား ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်၌ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ တစ်ဦးအား မေ ၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ဗန်းမော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးမင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ပေါက်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များက မူးယစ်ဆေးဝါးသတင်းအရ ပေါက်ကုန်းရပ်ကွက်နေ ဇော်မြင့်ဦး(ခ)ချစ်သဲ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင်တွေ့ရှိရပြီး ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ ဘိန်းဖြူငါးဂရမ်ခန့်ပါ တစ်ဘူး၊ ဘိန်းဖြူ ၀ ဒသမ ၄ ဂရမ်ခန့်စီပါ ငါးဘူးတို့ကို ဖမ်းမိခဲ့ပြီး WY စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြားကိုလည်း ဖမ်းမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ ဇော်မြင့်ဦး(ခ)ချစ်သဲ(၃၉နှစ်)အား ဗန်းမော်မြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပါလ စာပွဲတော် ပင်လုံမြို့၌ကျင်းပ



အာဂုံပြန်ဆိုခြင်း ဖြေဆိုရန် စောင့်ဆိုင်းနေကြသည့် သံဃာတော်များ

**ပင်လုံ မေ ၉**
ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၉)ကြိမ်မြောက် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပါလ စာပွဲတော်ကို ပင်လုံမြို့ ပရိယတ္တိစာသင်တိုက် ပိဋကတ်ကျောင်းနှင့် မင်္ဂလာမွေတော်ကျောင်းများ၌ မေ ၄ ရက်မှစတင်၍ ကျင်းပလျက်ရှိကြောင်း သိရသည်။

မေ ၄ ရက်တွင် အဆိုပါစာပွဲတော်သို့ သံဃာတော်များ စုံညီစွာရောက်ရှိပြီးနောက် ရေးဖြေစာမေးပွဲကို သုံးရက်နှင့် အာဂုံပြန်ဆိုခြင်းကို နှစ်ရက် စစ်ဆေးကာ မေ ၁၀ ရက်(ကဆုန်လပြည့်နေ့ )တွင် စာအောင်ဆုနှင့် အောင်လက်မှတ် ဆက်ကပ်ခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှဝေခြင်းများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာပွဲတော်သို့ ရှမ်းပြည်နယ်အတွင်းရှိ နာယက ဆရာတော်ကြီးများ၊ ကြီးကြပ်ဆရာတော်များ၊ ဆင်ဆာနှင့် ပုစ္ဆကဆရာတော်များ၊ ဓမ္မကထိကဆရာတော်များ၊ ရုံးအဖွဲ့ဆရာတော်များ၊ စာဖြေ၊ စာပြန်သံဃာတော်များ၊ ပွဲတော်လေ့လာသံဃာတော်များ စုစုပေါင်း သံဃာတော် ၁၁၉၂ ပါး တက်ရောက်နေကြကြောင်း သိရသည်။ ဆရာတော် သံဃာတော်များ၏ ဆွမ်းအတွက် အလှူရှင်များက လှူဒါန်းလျက်ရှိရာ အရုဏ်ဆွမ်း(တစ်နပ်)အတွက် ကုန်ကျငွေ ကျပ် ၁၅ သိန်းနှင့် နေ့ဆွမ်း (တစ်နပ်)အတွက် ကုန်ကျငွေ ကျပ်သိန်း ၂၀ ရှိကြောင်း ပွဲတော်ကျင်းပရေး ကော်မတီထံမှ သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## ကျောက်ပန်းတောင်းမြို့ကျက်သရေဆောင် ထိန်ကန်ကြီးကို ကိုယ့်အားကိုယ်ကိုး ပြုပြင်ထိန်းသိမ်းနေ

**ကျောက်ပန်းတောင်း မေ ၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၏ မြို့ဦးမြို့ထိပ်တွင် တည်ရှိသော မြို့ကျက်သရေဆောင် ထိန်ကန်ကြီး ရေရှည်တည်တံ့ရေးနှင့် သာယာလှပစေရေးအတွက် မြို့မရပ်ကွက်နေပြည်သူများက ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါထိန်ကန်ကြီးမှာ ကျောက်ပန်းတောင်းမြို့ စတင်တည်ထောင်ခဲ့ချိန်မှစ၍ ရှိခဲ့သော ရေကန်ကြီးဖြစ်ပြီး ပုပ္ပားဒေသမှ ရေသွယ်ယူရရှိချိန်အထိ မြို့နေလူထု အားထားမှီခိုခဲ့ရသော ရေကန်ကြီးဖြစ်ကြောင်း သိရသည်။ ယခင်က သာယာတင့်တယ်စွာ တည်ရှိခဲ့၍နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် ကန်အနီး ပတ်ဝန်းကျင်နေပြည်သူများ၊ ကျန်းမာရေး အထောက်အကူဖြစ်စေရန် ကန်ပတ်လမ်းတစ်လျှောက် လမ်းလျှောက်လာသူများနှင့် စည်ကားခဲ့ကြောင်း သိရသည်။

နောက်ပိုင်းတွင် ပုပ္ပားဒေသမှသွယ်ယူရရှိသောရေ လုံလောက်မှုရှိလာသဖြင့် အဆိုပါကန်ရေကို မှီခိုသောက်သုံးခြင်းမရှိတော့ပဲ ကန်အနီးပတ်ဝန်းကျင်နေပြည်သူများကသာ သုံးရေအဖြစ် ခတ်ယူသုံးစွဲလာကြရာ ကန်၏သန့်ရှင်းသာယာလှပမှုအခြေအနေမှာ တစ်စတစ်စနှင့် ဆုတ်ယုတ်လာကြောင်း၊ နောက်ပိုင်းတွင် ပျံကျဈေးသည်များနှင့် အနီးဝန်းကျင်ရပ်ကွက်များမှ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူအချို့ကြောင့်ထိန်ကန်အနီးပတ်ဝန်းကျင်တွင် အမှိုက်ပုံများနှင့် အနံ့အသက်ဆိုးများဖြစ်လာ၍ လာရောက်အပန်းဖြေသူ၊ ကျန်းမာရေးအတွက် လမ်းလျှောက်လာသူများလည်း မရှိတော့ကြောင်း သိရသည်။

သို့ဖြစ်၍ ယခုအခါ အဆိုပါထိန်ကန်ကြီး လှပသာယာသန့်ရှင်းစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် အဆိုပါရေကန်တည်ရှိရာ မြို့မရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့် နယ်မြေမှူးများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ အပတ်စဉ် ဥပုသ်နေ့တိုင်း ကန်ပတ်ဝန်းကျင်ရှိ အမှိုက်များသိမ်းဆည်းခြင်း၊ ကန်ပတ်လမ်းကို ကျောက်မှုန့်ခင်း ပြုပြင်ခြင်းနှင့် ရေကန်ကြီး ရေရှည်တည်တံ့ရေးလုပ်ငန်းများဖြစ်သည့် ရေဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ ကန်အတက်အဆင်း လှေကားအုတ်ခုံ ပြုပြင်ခြင်းများကို ရပ်ကွက်နေပြည်သူများ၏ ငွေအား၊ လူအားဖြင့် ကိုယ့်အားကိုယ်ကိုး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




"အမှန်ကတော့ ကျွန်တော်တို့ ဒီကန်အနီး ပတ်ဝန်းကျင်မှာ နေတဲ့သူတွေက ဈေးသူ၊ ဈေးသားတွေ များပါတယ်။ ဈေးသည်တွေနဲ့ ဈေးလုပ်သားတွေပေါ့။ ဒါ့ကြောင့် ဥပုသ်နေ့ပဲအားကြတော့ ဥပုသ်နေ့မှာပဲ စုပေါင်း လုပ်အားပေးဆောင်ရွက်ကြတာပါ။ ဒီနေ့ကတော့ ကန်ပေါင်ပေါ်မြေနီနဲ့ကျောက်မှုန့်တင်ချင်တာနဲ့ အကူအညီပေးမယ့်ကားအားတုန်းလေးရှိသမျှ လူစုပြီး လုပ်ကြတာပါ"ဟု မေ ၇ ရက်က လမ်းလုပ်ငန်း ဆောင်ရွက်နေသူ မြို့မရပ်ကွက်နေ ဦးကျော်ကျော်က ပြောသည်။

ကျောက်ပန်းတောင်းမြို့၏ ကျက်သရေဆောင် ထိန်ကန်ကြီး၏ ကန်ပေါင်ပတ်လမ်းအရှည်သည် ပေ ၂၅၀၀ ကျော်ရှိပြီး ကန်ပေါင်လျှောက်လမ်းအကျယ်မှာ ၁၅ ပေခန့်ရှိကာ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၏ စုပေါင်းလုပ်အားကြောင့် ယခုအခါ ထိုပတ်လမ်းတစ်လျှောက်နှင့် ကန်ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်များကင်းရှင်းပြီး အနံ့အသက်ဆိုးများ မရှိတော့သဖြင့် နံနက်နှင့်ညနေများတွင် အညောင်းပြေ လမ်းလျှောက်လိုသူများ၊ ကျန်းမာရေးအရ လမ်းလျှောက်လိုသူများအတွက် အဆင်ပြေလျက်ရှိသည်။ ဆက်လက်၍လည်း ကန်ပတ်ဝန်းကျင်ရှိ အရိပ်အာဝါသကောင်းသည့် သစ်ပင်ကြီးများအောက်တွင် မိသားစုအလိုက် အနားယူအပန်းဖြေနိုင်ကြရေးအတွက်လည်း ရပ်ကွက်နေပြည်သူများ စုပေါင်း၍ စီစဉ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။
**နေအောင် (ပြန်/ဆက်)**

# GAP Protocol နှင့် ပတ်သက်၍ ဖြည့်စွက်ပြင်ဆင်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

**ဘားအံ မေ ၉**

မြေပြုပြင် စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိထုတ်လုပ်မှု ကွင်းဆက်တိုင်း၌ စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်၊ ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် လိုက်နာရမည့်နည်းလမ်းများကို စုစည်းထားသည့်စံ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်မှုများဖြစ်သည့် GAP Protocol နှင့် ပတ်သက်၍ ဖြည့်စွက်ပြင်ဆင်နိုင်ရေး ဆွေးနွေးပွဲကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး ရဲသူရခန်းမ၌ မေ ၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က တောင်သူလယ်သမားများအနေဖြင့် ပိုးသတ်ဆေးအသုံးပြုရာတွင် အလွန်အကျွံမဖြစ်စေရန်နှင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ ဒေသနှင့်ကိုက်ညီ၍ ဈေးကွက်ဝင်သောသီးနှံများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး တောင်သူများနှင့် ပညာရှင်များက အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်၊ ဝဥကို ပြည်နယ်၏ထွက်ကုန်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်တို့ကို အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှမြင့်ကလည်း GAP ကဏ္ဍလေးခုနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ GAP လက်မှတ်ရရှိပြီးသော သီးနှံ ၁၅ မျိုးနှင့် သီးနှံအရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ GAP guideline မှာ စိုက်ပျိုးထုတ်လုပ်ရာတွင် မဖြစ်မနေလုပ်ရမည့် ပြဋ္ဌာန်းချက်မျိုးမဟုတ်ဘဲ မိမိဆန္ဒအရ ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်သည့် နည်းစနစ်ကောင်းများဖြစ်ကြောင်း၊ GAP guideline နှင့်အညီ စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ထွက်ကုန်များမှာ စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချစွာ စားသုံးနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း၊ GAP Protocol အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဌာနဆိုင်ရာများသာမက သီးနှံစိုက်ပျိုး ထုတ်လုပ်နေသည့် တောင်သူများ၊ လုပ်ငန်းရှင်များကိုပါ ချပြဆွေးနွေး၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း လက်ထောက်ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရသည်။

ထို့နောက် ရိတ်သိမ်းချိန်လွန်သင်တန်းကျောင်းမှ ဦးစီးအရာရှိ ဒေါ်သက်သက်နွယ်က ရိတ်သိမ်းပြီးချိန်တွင် လုပ်ဆောင်သင့်သည့် ရိတ်သိမ်းချိန်လွန်နည်းပညာများနှင့် စိုက်ပျိုးရေးထွက်ကုန်များကို သိုလှောင်မှု၊ ထုပ်ပိုးမှု ပုံစံများကိုရှင်းလင်းပြောကြားသည်။

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးကလည်း တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသော သီးနှံများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် ဓာတ်မြေဩဇာသုံးစွဲမှု နည်းစနစ်ကျစေရန်အတွက် GAP လုပ်ဆောင်ချက်များကို သိရှိထားရန် လိုအပ်ကြောင်း၊ နည်းပညာများကို ပြည်နယ်အဆင့်သာမက ခရိုင်၊ မြို့နယ်၊ ကျေးရွာ တောင်သူများထံအရောက် ပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကရင်ပြည်နယ် မျိုးစေ့ထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ၊ NGO အဖွဲ့ဝင်များ၊ ဘားအံမြို့နယ်အတွင်းမှ တောင်သူများနှင့် ဒေသတွင်း လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ကရင်ပြည်နယ်၌ အဓိကစိုက်ပျိုးသော စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၏ GAP Protocol နှင့် Alfatoxin မှိုကျရောက်သော သီးနှံများတွင် မှိုကာကွယ်နှိမ်နင်းခြင်းများကို အဓိကထား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပွင့်ဆန်း၊ ထွန်းထွန်းထွေး(ဘားအံ)**




# မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ဆုများချီးမြှင့်

**တပ်ကုန်း မေ ၉**

နေပြည်တော် တပ်ကုန်းမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်စီမံကိန်း၏ စီမံကိန်းဝင်ကျေးရွာ ၁၂ ရွာမှ မြစိမ်းရောင်စံပြဆုနှင့် စွမ်းဆောင်ရည်ဆု ရရှိသည့်ကျေးရွာများသို့ ဆုများကို မေ ၈ ရက်က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည့် ဆုချီးမြှင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးငွေဝင်းက ဒေသခံပြည်သူများအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စီမံကိန်း၏ အနှစ်သာရများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် မြစိမ်းရောင်စီမံကိန်းကော်မတီဥက္ကဋ္ဌများက ဆုချီးမြှင့်ပေးခြင်း ရည်ရွယ်ချက်နှင့် စံပြဆုရွေးချယ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး စီမံကိန်း စံပြဆုရရှိသော ကြက်သွန်ခင်းကျေးရွာနှင့် ရွှေတွင်းကုန်းကျေးရွာများမှ မြစိမ်းရောင်စီမံကိန်း ကျေးရွာကော်မတီများအား နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ဆုချီးမြှင့်ပေးအပ်ပြီး စွမ်းဆောင်ရည်ဆုများရရှိသော ကျေးရွာများကို ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ခဲ့သည်။ **တင်စိုးလွင်**

# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းဖွင့်လှစ်

**မတူပီ မေ ၉**

ချင်းပြည်နယ် မတူပီမြို့ အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းပညာသင်တန်းကျောင်း၌ ဒေသခံအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာစေရေးအတွက် အဆင့်မြင့်အပ်ချုပ်သင်တန်း အမှတ်စဉ်(၃၅)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၀) သင်တန်းဖွင့်ပွဲကို မေ ၈ ရက်က ကျင်းပခဲ့ရာ မတူပီမြို့ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးနန်းမြင့်ဖုန်းက အမှာစကားပြောကြား၍ ဖွင့်လှစ်ခဲ့ပေးသည်။

အဆိုပါ အဆင့်မြင့်အပ်ချုပ်သင်တန်း အမှတ်စဉ်(၃၅)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၀)တို့တွင် တတ်ရောက်သင်ကြားမည့် သင်တန်းသူပေါင်း ၄၆ ဦးရှိပြီး သင်တန်းကာလမှာ သုံးလ ဖြစ်ကြောင်းသိရသည်။ အမျိုးသမီး အိမ်တွင်းမှုလုပ်ငန်းပညာ သင်တန်းကျောင်းတွင် သင်တန်းတတ်ရောက်နေသည့် တိုင်းရင်းသူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် နေထိုင်စားသောက်ရေးနှင့် သင်တန်းအလိုက် သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးသည့်အပြင် နယ်ဝေးသင်တန်းသူများ၏ အသွားအပြန် ခရီးစရိတ်ကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။ ထို့အပြင် ထူးချွန်သည့်သင်တန်းသူများအား အပ်ချုပ်စက် တစ်စုံကိုလည်း အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်း ပညာသင်တန်းကျောင်းမှ ချီးမြှင့်ပေး၍ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



မတူပီမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းပညာသင်တန်းကျောင်းကို ၂၀၁၄ ခုနှစ် မေ ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်အထိ သင်တန်းသူ ၁၄၁၀ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ချင်းပြည်နယ်အတွင်း၌ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်နှင့် ကန်ပက်လက်မြို့များတွင်လည်း အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းပညာ သင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကာ အဆိုပါသင်တန်းကျောင်းများမှ အဆင့်မြင့်အပ်ချုပ်သင်တန်းဆင်းသည့် သင်တန်းသူများအတွက် မော်တာစက်ချုပ်သင်တန်းကို ရန်ကုန်မြို့၌ ရက်သတ္တသုံးပတ်လျှင်တစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးပြီး အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင် ရရှိနိုင်ရန်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ ရွှေရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ

**မိုးကောင်း မေ ၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားနှင့် (၂၀၁၇)ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၈ ရက်က မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မဏ္ဍပ်သကခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌမှ ပေးပို့သော ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သဝဏ်လွှာကို မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးမျိုးဝင်းက ဖတ်ကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်မကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးဝင်းနိုင်က ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည့် စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ကာ ဂုဏ်ထူးဆောင် အသင်းအမှုဆောင်နှင့် ဂုဏ်ထူးဆောင်တပ်ဖွဲ့ဝင်များကိုလည်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဝင်းအောင်**

# ရေရှားပါးမှုကြုံတွေ့နေရသော ညောင်ဦးမြို့နယ်အတွင်း ရွာသုံးရွာမှ ပြည်သူများအတွက် ရေဂါလန်တစ်သောင်းလှူဒါန်း

**ညောင်ဦး မေ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ရတနာဘုံစံတောရကျောင်းတိုက် နာယကဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာရေအလှူတော်အသင်း အဖွဲ့သားများနှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ ကရုဏာလက်များ လူမှုကူညီရေးအသင်း အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ညောင်ဦးမြို့နယ်အတွင်းရှိ ရေရှားပါးနေသော ကျေးရွာသုံးရွာမှ ပြည်သူများအတွက် ရေဂါလန်တစ်သောင်းကို မေ ၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ အလှူအဖွဲ့များက ရေရှားပါးပြတ်လပ်မှုကြုံတွေ့နေရသော ရွာသစ်တောင်ကျေးရွာ၊ ချောင်းဝကျေးရွာနှင့် ကန်ကျဲအိုင့်မတဲတိုက်သို့ သွားရောက်ပြီး ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် ရေသယ်ယာဉ်များဖြင့် ရေဂါလန်တစ်သောင်းကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ရေလှူဒါန်းရာတွင် ရွာသစ်တောင်ကျေးရွာနေ ပြည်သူများအတွက် ရေဂါလန် ၄၀၀၀၊ ချောင်းဝကျေးရွာနေ ပြည်သူများအတွက် ရေဂါလန် ၃၀၀၀ နှင့် ကန်ကျဲအိုင့်မတဲတိုက်မှ ပြည်သူများအတွက် ရေဂါလန် ၃၀၀၀ ကို လှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး ကျေးရွာများသို့ သောက်သုံးရေပို့ဆောင်ရာတွင် ပခုက္ကူမြို့ Eleven Media Group အဖွဲ့သားများ၊ အာယုသုခ လူမှုကူညီရေးအသင်း အဖွဲ့သားများနှင့် တိလောက လူမှုကူညီရေးအသင်း အဖွဲ့သားများကလည်း ရေသယ်ယာဉ်များဖြင့် လိုက်ပါပို့ဆောင် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် ရာသီဥတုအပူရှိန်မှာ မြင့်တက်နေဆဲဖြစ်သောကြောင့် ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသများတွင် ရေရှားပါးပြတ်လပ်မှုကို ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ပြီး မြို့နယ်အတွင်းမှ ဒေသခံပြည်သူများအတွက် သောက်သုံးရေလိုအပ်ချက်မှာ များစွာရှိနေသေးကြောင်း ဖြူစင်မေတ္တာ ရေအလှူတော်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



မွန်ပြည်နယ်

# မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့ကပြည်သူလူထုနှင့်တွေ့ဆုံ




**မော်လမြိုင် မေ ၉**
မွန်ပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိတို့သည် မေ ၇ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြည်သူလူထုနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ တွေ့ဆုံပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများတက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အစိုးရအနေဖြင့် လမ်းခင်းခြင်းလုပ်ငန်း၊ အမှိုက်များရှင်းလင်းခြင်း လုပ်ငန်းများကို အဓိကဆောင်ရွက် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ယခုအခါမော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်အတွင်းရှိ လမ်းများကိုဦးစားပေးလုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လမ်းများခင်းမည်ဆိုပါက ဘိလပ်မြေအလုံအလောက်ချပေးမည်ဖြစ်ကြောင်း၊ လမ်းများခင်းကျင်းရာတွင်လည်း လမ်းနှင့်မလွတ်သော ကျူးကျော်ဈေးဆိုင်ခန်းများရှိပါက မိမိတို့၏ အသိစိတ်ဖြင့် ဖယ်ရှားပေးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့အတွင်း ထပ်ပိုးကတ္တရာခင်းကျင်းပြီးပါက တစ်လမ်းမောင်းစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ပညာရေးဌာနအတွက် ကိုးဘီလီယံ သုံးစွဲထားပြီးကျန်းမာရေးဌာနမှာလည်း ကလေးတစ်သိန်းအရှင်မွေးလျှင် မိခင်၂၂၈ဦး သေဆုံးရသည်ကို တွေ့ရသည့်အတွက် ကျန်းမာရေးဌာနကိုလည်း အဓိကပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ထံသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တရားမဝင်မြေကွက်များရိုက်၍ ရောင်းစားနေသည်ကိုပြည်သူများက တိုင်ကြားလာသဖြင့်ခေါ်ယူစစ်ဆေး၍ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိက မွန်ပြည်နယ်အစိုးရသို့ ပြည်သူများမှ တိုင်ကြားစာများ၊ အသနားခံစာများ၊ တိုင်ကြားအသနားခံလာသဖြင့် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ တိုင်ကြားမည်ဆိုပါက ငွေစက္ကူနံပါတ်များ မှတ်သားထားပြီး အချိန်နှင့်တစ်ပြေးညီ တိုင်ကြားနိုင်ကြောင်း ပြောကြားသည်။

ယင်းနောက်တက်ရောက်လာသော ပြည်သူများ၏ မေးမြန်းချက်များကို မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# ငါ့သရောက်မြို့နယ် တောပြားကျေးရွာအခမဲ့ပညာရေးကျောင်းအတွက် စည်ဖြိုးသူဖောင်ဒေးရှင်းမှ ကျောင်းဆောင်နှစ်ဆောင် ဆောက်လုပ်လှူဒါန်း

**ငါ့သရောက် မေ ၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် တောပြားကျေးရွာတွင် ဆင်းရဲနွမ်းပါးသည့် ကျောင်းသား ကျောင်းသူများအခမဲ့ လာရောက်ပညာသင်ကြားနိုင်ရေးအတွက် ဖွင့်လှစ်ထားရှိသည့် ၈၊ ၉၊ ၁၀ အခမဲ့ပညာရေးကျောင်းဆောင်များမှာ ထန်းရွက်မိုး၊ ထရံကာအဆောင်အအုံများဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင်ချို့တဲ့စွာ ပညာသင်ကြားနေရ၍ မကွေးမြို့စည်ဖြိုးသူဖောင်ဒေးရှင်းအဖွဲ့က အလျားပေ ၃၀၊ အနံ ၁၅ ပေရှိသံဖိနပ်ခံသွပ်မိုးအဆောက်အအုံ အမျိုးအစားကျောင်းဆောင်သစ်နှစ်ဆောင် ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ် တောပြားကျေးရွာမှာဆင်းရဲနွမ်းပါးတဲ့ ကျောင်းသားကျောင်းသူလေးတွေ အခမဲ့ပညာသင်ကြားခွင့်ရရှိအောင် ရည်ရွယ်ပြီး ၈၊ ၉၊ ၁၀ အခမဲ့ပညာရေးကျောင်းဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ဒီအခမဲ့ ပညာရေးကျောင်းကို ကံဦးကျောင်းတိုက်ဆရာတော်၊ ရွာကကျောင်းပြီးတဲ့ လူငယ်လေးတွေနဲ့ ဆရာဆရာမတွေက ပူးပေါင်းဖွင့်လှစ်သင်ကြားပေးပါတယ်။ အခမဲ့ပညာရေးကျောင်း ဖွင့်လှစ်သင်ကြားပေးခဲ့တာကနှစ်နှစ်၊ သုံးနှစ်လောက်ပဲရှိပါသေးတယ်။ အခုတော့ ကျောင်းဆောင်တွေက ထန်းရွက်မိုး၊ ထရံကာနဲ့ ဆောက်လုပ်ထားတဲ့အတွက် ဟောင်းနွမ်းပျက်စီးနေပြီးကျောင်းသားကျောင်းသူလေးတွေ ပညာသင်ကြားရာမှာ အခက်အခဲ ဖြစ်နေရပါတယ်။ ဒီလိုအခက်အခဲဖြစ်နေတဲ့အချိန်မှာပဲပုဂံမြို့ ဖြူစင်မေတ္တာရေလှူတော်အသင်းက ဆရာတော် ဦးသာဂရရဲ့ အကူအညီကြောင့် ဧပြီ ၂၆ ရက်က ကျောင်းဆောင်အလှူရှင် စည်ဖြိုးသူဖောင်ဒေးရှင်းအဖွဲ့က လာရောက်ဆောက်လုပ်လှူဒါန်းပေးခဲ့တာ ဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့နယ်ကကျောင်းသားကျောင်းသူတွေ ပညာသင်ကြားရေးအတွက် အဆင်ပြေစေဖို့မကွေးမြို့ ဦးကျော်ထွန်း+ဒေါ်ခင်မာသက်၊ သား-မောင်မင်းမော်ဖြိုး ( မင်းမော်ဖြိုးပွဲရုံလုပ်ငန်း)မိသားစုကလည်း အလျားပေ ၃၀၊ အနံ ၁၅ ပေခန့်ရှိ သံဖိနပ်ခံပျဉ်ထောင်၊ သွပ်မိုးကျောင်းဆောင်တစ်ဆောင်ထပ်မံဆောက်လုပ်လှူဒါန်းပေးပါတယ်။ ကျောင်းဆောင်တွေ ဆောက်လုပ်လှူဒါန်းပေးတဲ့အလှူရှင်တွေကို ကျေးရွာသူကျေးရွာသားများ ကိုယ်စားကျွန်တော့်အနေနဲ့အလွန်ကိုကျေးဇူးတင်မိပါတယ်" ဟု ဦးတိုင်းကျော်က ပြောသည်။



**ရဲဝင်းနိုင်(ညောင်ဦး)**

# မော်လမြိုင်မြို့၌မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်ကျင်းပ

**မော်လမြိုင် မေ ၉**
(၇၁)ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၅ ရက်က မော်လမြိုင်မြို့ပြည်နယ် မီးသတ်ဦးစီးဌာနစခန်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်မောင်နီနှင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိသန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များတက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးတင်မောင်နီက အဆိုပါ အခမ်းအနားပြုလုပ်ခြင်း ရည်ရွယ်ချက်နှင့် ပြည်နယ်ဝန်ကြီးချုပ်၏ မှာကြားချက်များကိုလိုက်နာမှုနှင့် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်တို့ကိုလက်တွေ့သရုပ် ပြခဲ့သည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောမှုများကိုလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ မီးသတ်တပ်ဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးတွင် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကင်းဝေးစေလိုကြောင်း ပြောကြားသည်။

**တင်ထွဋ်(မော်လမြိုင်)**

# ရှေးသဘာဝဓာတ်ငွေ့မြေအကြောင်းစာအုပ်သစ်မိတ်ဆက်

**ရန်ကုန် မေ ၉**
မြန်မာနိုင်ငံအနောက်ပိုင်းကမ်းရိုးတန်းဒေသတွင် ရှာဖွေတွေ့ရှိခဲ့သော ရှေးသဘာဝဓာတ်ငွေ့မြေအကြောင်း စာအုပ်သစ်မိတ်ဆက်ပွဲကို မေ ၆ ရက်က ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည်။

"ဒီစာအုပ်ကို ရေးသားတဲ့ ကိုရီးယားနိုင်ငံသား ဒေါက်တာဆုယောင်ယန်းဟာ ကျွန်တော်နဲ့ ရေနံအစမ်းတွင်းတူးနေစဉ်အချိန်မှာ ကျွန်တော်တို့ကုမ္ပဏီက လိုအပ်တဲ့ ရေနံရှာဖွေရေးထောက်ပံ့ပစ္စည်းတွေ ပေးရင်းနဲ့ဆုံဖြစ်ကြတာပါ။ အခြားနိုင်ငံကြီးတွေရဲ့ ပညာရှင်တွေက ရေနံနဲ့သဘာဝဓာတ်ငွေ့ထွက်ဖို့ အလားအလာ မရှိဘူးလို့ သတ်မှတ်ထားတဲ့ မြန်မာနိုင်ငံအနောက်ပိုင်းကမ်းရိုးတန်းဒေသကို ရှေးသဘာဝဓာတ်ငွေ့မြေအဖြစ် ယုံကြည်ချက်အပြည့်နဲ့ ရှာဖွေအောင်မြင်မှုတွေ ရရှိခဲ့တယ်။ ဒီလို ရှာဖွေမှုတွေရဲ့ အတွေ့အကြုံကောင်းတွေ၊ ဗဟုသုတတွေကို ရေနံနဲ့ သဘာဝဓာတ်ငွေ့လောကကလူတွေနဲ့ သိလိုသူတွေအတွက် အသိပညာပေးနိုင်မယ့် စာအုပ်ကောင်းတစ်အုပ်ပါ" ဟု ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးကုမ္ပဏီမှ ဦးကျော်ကျော်လှိုင်က ပြောသည်။

ထိုစာအုပ်တွင် ရေနံရှာဖွေရာ၌ အတွေ့အကြုံ၊ အခက်အခဲများ၊ ရေနံတွေ့ရှိရန် ရှာဖွေဖော်ထုတ်ရပုံများ၊ ဓာတ်ငွေ့ရောင်းချခြင်းနှင့်ဆက်စပ်သော လုပ်ဆောင်ပုံများ၊ ရေနံရှာဖွေရေးတွင်နည်းပညာသာလျှင်အဓိကကျပုံများ၊ အခြားတန်ဖိုးရှိ အတွေ့အကြုံကောင်းများကို ရေးသားဖော်ပြထားခြင်းဖြစ်သည်။ ယင်းစာအုပ်သည် ကိုရီးယားဘာသာမှ မြန်မာဘာသာပြန်ဆိုကာ SMART စာပေမှ စီစဉ်ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဆေးပညာရှင်ဆိုင်ရာ ဟောပြောပွဲကျင်းပ

**မန္တလေး မေ ၉**
ထိုင်းနိုင်ငံရှိ ဘမ်ရွမ်ဂရက်ဆေးရုံကြီးနှင့် ရန်ကုန်ရုံးချုပ်တို့ပူးပေါင်း၍ ကျောအရိုး၊ ဒူးအရိုး၊ တင်ပါးဆုံအရိုးနှင့်ပတ်သက်သည့် ဝေဒနာခံစားရမှု၊ ခွဲစိတ်ကုသမှုဆိုင်ရာ ဟောပြောပွဲကို မေ ၇ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort Hotel ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒေါက်တာမိုးဉာဏ်ကျော်က လူတိုင်းအတွက်ကျန်းမာရေးသည် အရေးကြီးသည်ဖြစ်ရာ လည်ပင်း၊ ကျောအရိုး၊ ဒူးအရိုး၊ တင်ပါးဆုံအရိုး၊ အရိုးအဆစ်ဆိုင်ရာခွဲစိတ်မှုဗဟုသုတဆိုင်ရာ ကျန်းမာရေးဟောပြောပွဲသို့ တက်ရောက်လာသော ဧည့်သည် တော်များ ကျန်းမာကြစေရန်နှုတ်ခွန်းဆက်သည်။

ဆက်လက်၍ ဒေါက်တာ Verpam နှင့် ဒေါက်တာ Siripomg တို့က ကျောအရိုး၊ ဒူးအရိုး၊ တင်ပါးဆုံအရိုးနှင့် လည်ပင်းတို့တွင် ဖြစ်တတ်သော နာကျင်မှုဝေဒနာသည် ထိခိုက်မိ၍လည်းကောင်း၊ အသက်အရွယ်အရလည်းကောင်း၊ အလုပ်လုပ်ကိုင်မှုကြောင့်လည်းကောင်း နာကျင်မှုဝေဒနာဖြစ်လာပါက ခွဲစိတ်ရန်လိုအပ်မှုကို ဘမ်ရွမ်ဂရက်ဆေးရုံကြီးမှ ခွဲစိတ်မှုဆိုင်ရာ ဆေးပညာနှင့်ပတ်သက်၍ လုပ်ဆောင်ပေးမှုကို ဟောပြောသည်။

ထို့နောက် ဟောပြောပေးသည့် ဆရာဝန်ကြီးများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး မစ္စပွန်တီဂါက ကျေးဇူးတင် စကားပြောကြားသည်။ မြန်မာပြည်အတွက် ရန်ကုန်(ရုံးချုပ်)နှင့် ရုံးခွဲများကို နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ လားရှိုးတို့တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# (၇၁)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

**နောင်ချို မေ ၉**
(၇၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားနှင့် ဆောက်လုပ်ပြီးစီးသွားသော မီးသတ်လေးထပ်အဆောက်အအုံ သစ်ဖွင့်ပွဲအခမ်းအနားကို နောင်ချိုမြို့မီးသတ်ဦးစီးဌာနရုံး ခန်းမ၌ မေ ၆ရက်က ကျင်းပခဲ့သည်။

မီးသတ်စခန်းအဆောက်အအုံသစ်အား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ (၇၁) ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက ဖတ်ကြားပြီးတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ကြီးမီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မှူခင်းအသိပညာပေးဟောပြော

**ပန်းတောင်း မေ ၉**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာအုပ်စု ဓမ္မရက္ခိတကျောင်းတိုက် ဓမ္မာရုံ၌ မေ ၆ရက်က မြို့နယ်ရဲတပ်ဖွဲ့မှ အမျိုးသမီးငယ်များအတွက် မှုခင်းပညာပေးဟောပြောခဲ့သည်။

အခမ်းအနားတွင် ဥသျှစ်ပင်မြို့စခန်းမှူးရဲအုပ် ဝင်းစန်းမှ မှုခင်းပညာပေးဟောပြောရာတွင် Facebook သုံးစွဲပြီး အယုံလွယ်မှုများကြောင့် အမျိုးသမီးများ အသက်မပြည့်ခင် မှုခင်းများဖြစ်ပွားခဲ့ရပြီးမိဘများက ကြီးကြပ်ပေးစေလိုကြောင်းနှင့် ယခင် ဖြစ်ပျက်ခဲ့သောမှုခင်းများကို အခြေခံ၍ဟောပြောရာ တက်ရောက်လာသူများက ကျေးရွာနေအမျိုးသမီးငယ်များ၏ မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးချို

**အသက်(၁၀၀)**

ပဲခူးမြို့၊ ကဝမြို့နယ်၊ ကမာဘာကျေးရွာနေ (ဦးသာဒွန်း-ဒေါ်အေး)တို့၏သား၊ (ဦးချစ်စု-ဒေါ်နှင်းမေ)တို့၏သားသမက်၊ (ဒေါ်ဖွားတုတ်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်း-ဒေါ်သန်းရင်)တို့၏ညီ/မောင်၊ (ဦးစော-ဒေါ်ခင်ရွှေ)တို့၏အစ်ကို၊ ဦးဖိုးဆောင်-ဒေါ်မြင့်သိန်း၊ ဦးနီလွင်-(ဒေါ်မြင့်မြင့်)၊ (ဦးခင်ဝင်း-ဒေါ်စန်းဝေ)၊ ဦးစိန်ဝင်း-ဒေါ်မိုးမိုးတို့၏ဖခင်၊ မြေး၊ မြစ် ၃၀ကျော်တို့၏ အဘိုးသည် ၈-၅-၂၀၁၇ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရွှေမော်ဓောဘုရားလမ်း၊ တိုင်းအား/ကားကွင်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ခိုင်းလွယ်ရွှေကျောင်းအိုက်ဖုန်း

**အသက်(၇၅)နှစ်**

ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီ၊ ဦးမြင့်သူ-ဒေါ်နန်းအွမ်ခမ်းတို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီးသည် ၇-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Michelia Trading Co.,ltd**
**Hongyang Fuel Dispenser, Tominaga Fuel Dispenser**
**Michelia Group of Co.,Ltd**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ခိုင်းလွယ်ရွှေကျောင်းအိုက်ဖုန်း

**အသက်(၇၅)နှစ်**

ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီတို့၏ဖခင် ခိုင်းလွယ်ရွှေကျောင်းအိုက်ဖုန်း အသက်(၇၅)နှစ်သည် ၇-၅-၂၀၁၇ရက်တွင်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြင့်မြတ်ထွန်းခေါင်အင်တာနေရှင်နယ်ကုမ္ပဏီမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ခိုင်းလွယ်ရွှေကျောင်းအိုက်ဖုန်း

**အသက်(၇၅)နှစ်**

ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီ၊ ဦးမြင့်သူ-ဒေါ်နန်းအွမ်ခမ်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီးသည် ၇-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြင့်မြတ်ထွန်းခေါင်ဆောက်လုပ်ရေးကုမ္ပဏီမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းမြင့်

**အသက်(၆၄)နှစ်**

မြန်မာအမျိုးသားလေကြောင်း ပျံသန်းရေးဌာနမှ လေယာဉ်မောင် ငြိမ်းချမ်းအောင် (လရ-၄၅၇၃)၏ ဖခင်ဖြစ်သူ ဦးဝင်းမြင့်သည် ၆-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းများ**
**မြန်မာအမျိုးသားလေကြောင်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်အောင်(ခ) မတူး (ပဲခူးမြို့)

**အသက်(၇၂)နှစ်**

ပဲခူးမြို့နေ [အငြိမ်းစား ခရိုင်ဝန် ဦးလွန်းအောင်-ဒေါ်သန်းကြည်(ခ)ဒေါ်တင်တင်ကြည်]တို့၏သမီး၊ ဦးလှမောင် (မန်နေဂျာ၊ ငြိမ်း၊ စား/ဖျော် ဟိုတယ်/ခရီးဝန်ကြီးဌာန)၊ (ဦးသာထွန်းဦး) (စက်မှုအင်ဂျင်နီယာ၊တပ်မတော်-လေ)၏ဇနီး၊ ဒေါ်မြတ်မြတ်ခိုင် (ကထိက၊ မြန်မာစာဌာန၊ လှိုင်ကော်တက္ကသိုလ်)၊ ဦးတင်အောင်မိုး-ဒေါ်နီနီဝင်း(အလက-၆၊ လှိုင်)၊ ဦးအောင်ဇော်မိုး-ဒေါ်စန္ဒာဦး၊ ဦးနေမျိုးကိုကိုအောင်(Sedona Hotel Yangon)-ဒေါ်သင်းသင်းအေး၊ ဦးဖြိုးကြည်ဆွေ(ခေတ္တ-စင်ကာပူ)-ဒေါ်ခက်ခက်ခိုင်၊ ဦးချိုဝင်းမောင်-ဒေါ်ပြည့်ဖြိုးဝေထွေး (Y.L.D.S မ/ဒဂုံ)၊ ဒေါ်ပွင့်ဖူးခိုင် (ခ) ပုံပုံ M.E (IT), MBA-Candidate (UK)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ မ/ဒဂုံမြို့နယ်၊ (၂၇)ရပ်ကွက်၊ ဆရာစံလမ်း၊ ပိတောက်ရိပ်မွန်အိမ်ရာ၊တိုက် ၂၊ အခန်း ၂၀၄နေ ဒေါ်ကြည်ကြည်အောင်(ခ)မတူးသည် ၉-၅-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင်ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်ထွေးမြင့်(အမေထွေး)

ဒု/ညွှန်ကြားရေးမှူး(ငြိမ်း) လူမှုဝန်ထမ်းဦးစီးဌာန

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ စေတနာ ၃ လမ်း၊ အမှတ် ၄၆၅နေ (ဦးသန်းစိန်-ဒေါ်ရင်)ပဲခူးမြို့နယ်တို့၏သမီး၊ ဦးသန်းစိုး၏ချစ်လှစွာသောဇနီး၊(ဦးမြင့်သိန်း)-ဒေါ်မြင့်မြင့်ခင်၊ (ဦးရန်အောင်)-ဒေါ်သန်းမြင့်၊(ဦးထိန်လင်း)၊ (ဦးဝေလင်း)-ဒေါ်လှလှဝင်း၊ ဒေါ်အေးအေးမြင့် (ဒု/လက်ထောက်ညွှန်မှူး၊ ရေနံ/ဓာတု)တို့၏အစ်မ/ညီမ၊ ဦးသန်းနိုင်ဦး-ဒေါ်စိုးစန္ဒာ၊ဒေါ်လေးလေးမြင့်(လူမှုဝန်ထမ်း)၊ ဦးတင်နိုင် - ဒေါ်ပန်းအိနွယ်(လူမှုဝန်ထမ်း)၊ ဦးဝင်းတင်-ဒေါ်နေဦးခိုင်ခိုင်ထွေး(လူမှုဝန်ထမ်း)၊ (ကိုစိုးသက်ထွေး)၊ ကိုငြိမ်းချမ်းပြည့်စုံတို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည်၈-၅-၂၀၁၇ရက် (တနင်္လာနေ့) ည ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။[ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီနှင့် ရဲဘော်ဟောင်း လူမှုဝန်ထမ်း အတတ်သင်သိပ္ပံဝင်းမှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။][ကွယ်လွန်သူအား ရည်စူး၍ ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညိုညို (ဝါးခယ်မ)

**(B.A Ed, B.Ed, B.E.S)**

အထက်တန်းပြ၊ အထက(ဝါးခယ်မ)

ကျောင်းအုပ်ကြီး (လပွတ္တာ၊ အင်္ဂပူ၊ အထက-၂ ဟသ်ာတ)၊

မြို့နယ်ပညာရေးမှူး(ညောင်တုန်း၊ ဇလွန်၊ ဟသ်ာတ၊ လေးမျက်နှာ)

**အသက်(၈၅)နှစ်**

ဝါးခယ်မမြို့နေ (ဦးလူဒင်-ဒေါ်စောလှ)တို့၏သမီး၊ ဒေါ်မြမေ၊ (ဦးစိန်ဝင်း-ဒေါ်သန်းသန်း)တို့၏ညီမ၊ ဦးသိန်းအောင်-(ဒေါ်တီတီမာ)တို့၏အစ်မ၊ ဟသ်ာတမြို့၊ အမှတ် ၁၉၅၊ ရွှေစေတီလမ်း၊ရုံးကြီးရပ်ကွက်နေ ဦးစံသာ၏ဇနီး၊ ဦးဦးသာ-ဒေါ်မိုးမိုးနွယ်၊ ဦးဟသ်ာ-ဒေါ်စိုးမမ၊ ဦးဝမ်းသာ-နော်ထားမေ၊ ဒေါ်သင်းသင်းသာ(စာရေးဆရာမ)၊ ဦးမိုးဇော်မြင့်-ဒေါ်မိုးမိုးသာ(ကွန်ပျူတာတက္ကသိုလ်၊ ဟသ်ာတ)၊ ဦးစိုးနိုင်-ဒေါ်ခင်ချမ်းသာတို့၏မိခင်၊ မောင်ထက်အာကာ၊ မဝင့်ရွှေရည်ဖူး၊မောင်ဝေယံမိုးအောင်၊မောင်စိုပြေဝင်း-မဝင့်ရွှေရည်နိုင်၊ မခင်လပြည့်သာ၊ မောင်လင်းမောင်သာ၊ မအေးငြိမ်းချမ်းသာ၊ မောင်ချမ်းသာ၊ နော်အဲကမူးတို့၏အဘွားသည် ၉-၅-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၃၈နာရီတွင် ဟသ်ာတမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ဟသ်ာတမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်အင်မာရှန်

(သားဖွားဆရာမ၊ ငြိမ်း၊ မြိတ်-စခန်းသစ်)

**အသက်(၇၈)နှစ်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ ဖာဘရိန်ကျေးရွာနေ ဦးအင်ပေါ့ဂေါင်-ဒေါ်စဘော်ခေါန်တို့၏သမီး၊ ယခင်မြိတ်/စခန်းသစ်နှင့် အမှတ်(၃၇)၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးကြင်အောင်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်သက်သက်အောင်-ဦး ဇော်ထွန်း၊ ဒေါ်ညွှန့်ညွှန့်အောင်၊ ဒေါ်သီသီအောင်-Mr.Nomura Yutaka၊ ဒေါ်ဥမ္မာအောင်-ဦးမိုးသူလွင်၊ ဒေါ်မြတ်မြတ်အောင်-ဦးသန်းဇော်၊ ဒေါက်တာထင်လင်းအောင်(UK)-ဒေါ်အေးအေးထိုက်တို့၏ချစ်လှစွာသောမိခင်၊ မဟန်သူအောင်၊ မနှင်းပွင့်အောင်၊မဆုလာဒ်ပိုင်၊ မနေခြည်မိုးထက်၊ မောင်ဇော်ဖုန်းအောင်၊ မဆိုင်းဂျာအောင်၊ မောင်ရှိုင်းလင်းဇော်၊ မအင်ကြင်းအောင်၊ မစုယဉ်အောင်တို့၏အဘွားသည် ၈-၅-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၉း၅၀ နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၅-၂၀၁၇ ရက်(သောကြာနေ့)နံနက် ၉နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းနှင့် ဇလွန်လမ်းနေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထွေးရီ (ဆင်ရှာ)

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကသစ်လမ်း၊ အမှတ် ၂၀နေ(ဦးအုန်းရွှေ-ဒေါ်ထွန်းမေ)တို့၏သမီး၊ (ဦးစိန်ဝမ်း)၏ဇနီး၊ ဦးပေါ်ထွန်း-ဒေါ်ငွေငွေရီတို့၏အစ်မ၊ စောအောင်ချို-နော်အေးမိစံ၊ စောဟန်ဝင်းအောင်-ဒေါ်သိမ့်သိမ့်ထွေး၊ စောနေမျိုးအောင် - ဒေါ်ယဉ်မင်းထွဋ်၊ စိုင်းဝေဖြိုးဝမ်း၊ စိုင်းနေမျိုးဝမ်း-ဒေါ်လှယဉ်မင်းသက်၊ ဦးသက်လွင်-နန်းစိမ့်ဖြူပြာဝမ်း၊ နန်းစိမ့်မှူယာဝမ်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၈-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ဝ၀း၁၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ကသစ်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမြင့်နိုင်

ကပ-၁၈၃၁၄

(တပ်မတော်-ရေ၊ ငြိမ်း)

**အသက်(၆၄)နှစ်**

မြင်းခြံမြို့၊(၁)ရပ်ကွက်နေ(ဦးမောင်ကို)-ဒေါ်အုန်းတင်တို့၏သား၊ (ဦးမြင့်ဆွေ-ဒေါ်မွေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ အဓိပတိလမ်း၊ အမှတ် ၉၃နေ ဒေါ်မင်းမင်းတူး၏ခင်ပွန်း၊ဦးရန်မင်းနိုင်-ဒေါ်ယုကီ၊ ဦးထွန်းထွန်းဝင်း-ဒေါ်မြင့်ကေသွယ်၊ ဒေါ်ကြည်ကြည်သော်၊ ဦးဉာဏ်လင်း-ဒေါ်ခိုင်ပြည့်လင်းတို့၏ဖခင်၊ မဝတီနိုင်ကို၏အဘိုးသည် ၉-၅-၂၀၁၇ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အေးသွင် B.Ed

(ကျိုးသဲ/ပြည်)

အထက်တန်းပြဆရာမ(ငြိမ်း)

[ထုံးဘို၊ ကျိုးသဲ၊ အထက(၁)ပြည်မြို့]

(၁၉၆၇-၁၉၇၂ ခုနှစ်

ပညာရေးတက္ကသိုလ်

ဂန္ဓမာဆောင်/နဝဒေးဆောင်

ကျောင်းသူဟောင်း)

**အသက်(၇၃)နှစ်**

ပြည်မြို့၊ ကျောင်းကြီးရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၄၆၆နေ ရွှေမန်းပွဲရုံ (ဦးသိုက် - ဒေါ်ခင်တင့်)တို့၏ သမီး၊ ဦးလှိုင်ကျော်ဝင်း - (ဒေါ်ငွေငွေ)၊ (ဦးအောင်ကျော်မင်း) - ဒေါ်ခင်ခင်ဝင်း၊ တရားလွှတ်တော်ရှေ့နေ ဦးသိုက်ထွန်း-ဒေါ်တူး၊ ဒေါ်ခင်နွဲ့ရီ၊ ဦးထွန်းလှကျော်တို့၏အစ်မသည် ၂-၅-၂၀၁၇ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇ရက်တွင် အေးငြိမ်းရာသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မေထွန်း

(မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ငြိမ်း)

**အသက်(၇၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂) ရပ်ကွက်၊ ပျိုးဥယျာဉ်အိမ်ရာ၊ တိုက် ၁၊ အခန်း ၂နေ (ဦးထွန်းတင်-ဒေါ်ခင်မေ)တို့၏သမီး၊(ဦးစိုးမြင့်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်မောင်-ဒေါ်ရှုတင်၊ ဦးရဲမြင့်-ဒေါ်နုနုတင်၊ ဦးကြီးမြင့်-ဒေါ်မြမြ၊ (ဦးမြဦး-ဒေါ်စိန်စိန်)၊ (ဦးကျင်မောင်)-ဒေါ်ခင်ထွေးလှတို့၏ညီမ၊ ဦးခင်မောင်ထွန်း-ဒေါ်ခင်ချို၊ (ဦးခင်မောင်တင်)-ဒေါ်မြင့်မြင့်အေး၊ ဦးအောင်မြင့်-ဒေါ်ခင်မာထွန်း၊ ဦးရဲထွဋ်-ဒေါ်တင်မေထွန်းတို့၏အစ်မ၊ ဒေါ်သင်းခိုင်စိုး၊ ဦးဥက္ကာ(မြို့/ရာ)-ဒေါ်စိုးအိအိထွန်း(မြို့/ရွာ)၊ ဦးစိုးသီဟထွန်း(မြို့/ရွာ)-ဒေါ်အေးသီတာကျော်(မြို့/ရွာ)၊ ဦးကျော်ဇေယျထွန်းတို့၏မိခင်၊မရွှန်းလဲ့နဒီ၊ မောင်အုပ်စိုးခန့်တို့၏အဘွားသည် ၈-၅-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၅-၂၀၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးအုန်းညွှန့်

ဌာနစုမှူး(ငြိမ်း)

အစိုးရအဖွဲ့ရုံး

ဥက္ကဋ္ဌ(လုပ်ငန်းစစ်ဆေးရေးအဖွဲ့)

ဒဂုံမြို့နယ်(ငြိမ်း)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊တိုက် ၁၁၊ အခန်း ၁၄နေ (ဒေါ်စိမ်းမြ)၏ခင်ပွန်း၊ (ဒေါ်မြင့်မြင့်)-ဦးကျော်ထိုက်၊ ဒေါ်နုနု-(ဦးထွန်းလွင်)၊ ဦးဝင်းမြင့်-ဒေါ်အေးလှ၊ ဦးဝင်းတင့်(ချောကိုစာပေ)တို့၏ဖခင်၊ မြေးကိုးယောက်၊မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၉-၅-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိုင်းသက်ဝင်း

ကမ္ဘောဇလွယ်အိတ်(နမ့်ခမ်းမြို့)

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ စကားဝါလမ်း(ပ)ထပ်၊ အမှတ် ၃၀နေ ဦးဂျဖား-ဒေါ်အမ်တို့၏သား၊(ဒေါ်နန်းအေးမြင့်)၏ခင်ပွန်း၊ ဦးစိုင်းသက်ဦး(ခ)စိုင်းကောင်းစံ-ဒေါ်နန်းခင်မေသက်တို့၏ဖခင်၊ စိုင်းမင်းကျော်စံ၊ စိုင်းမော်ဟိန်း၊ နန်းယွန်းမီမီဦး (ဆေး-၁)တို့၏အဘိုးသည် ၉-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(စကားဝါလမ်း နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှိုင်ရွှေ အသက်(၈၀)

(သာယာဝတီ/သုံးဆယ်)

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့နယ်နေ (ဦးညွှန့်တင် - ဒေါ်သန်းရွှေ)တို့၏သား၊(ဦးကြာညွှန့်-ဒေါ်နှင်းညွှန့်)တို့၏သားသမက်၊ သုံးဆယ်မြို့နေ (ဦးအုန်းလှိုင်-ဒေါ်ခင်စန်း)၊ ရန်ကုန်မြို့နေ ဦးသန်းထွန်း-ဒေါ်ဖြူ၊ ဦးကြည်ဝင်း-ဒေါ်ခင်သန်း(ခ)ဒေါ်နီ၊ ဦးမြင့်ရွှေ-ဒေါ်မြင့်မြင့်ဦးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ဆရာစံမြောက်/အနောက်ရပ်ကွက်၊ သီရိဂုဏ်ရည်ခြံ ၂လမ်း၊ အမှတ် ၂၂(သုံးလွှာ)နေ (ဒေါ်ခင်အေး)၏ခင်ပွန်း၊ ဦးခင်ဇော် (BOSUN MOONSOON SHIPPING Co., Ltd)-ဒေါ်ပပဝင်း၊ (ကိုတင်ဝင်းလှိုင်) Myanmar C.P Livestock ၊ ကိုမိုးကျော်သူ - မသင်းသင်းလှိုင်တို့၏ဖခင်၊ မောင်သိန်းမြင့်ထွန်း-မရတနာခင်ဇော်၊ မောင်ကောင်းထက်ဇော်၊ မသင်းသူသူလှိုင်တို့၏အဘိုးသည် ၈-၅-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၀၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးမောင်ကြည်အေး

စကုကျွန်း၊ ပိန္နဲချောင်းရွာ

**အသက်(၅၅)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စကုကျွန်း၊ ပိန္နဲချောင်းရွာနေ ဦးငွေမောင်-ဒေါ်အေးကျော့တို့၏သား၊ ဒေါ်ကြည်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်မျိုးထွန်း-မခင်ချိုချိုသင်း၊ မောင်ဝေယံဖြိုးတို့၏ဖခင်သည် ၈-၅-၂၀၁၇ ရက် (တနင်္လာနေ့) ည ၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ရွှေပြည်သာမြို့နယ်၊(၆)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် ၁၂/၂၆၃ (က) ဦးအောင်မြင့်ထွန်း - ဒေါ်ကြည်ကြည်မှုံ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တနန္ဒဝံသ

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၀)**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ မြင်းမထိကျေးရွာအုပ်စု၊ မြင်းမထိကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ မြင်းမထိ-လွယ်အံ စုပေါင်းကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်သည် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၄ရက်) ၂၉-၄-၂၀၁၇ရက် (စနေနေ့) ညနေ ၃း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက်) ၁၈-၅-၂၀၁၇ရက်တွင် ကျောင်းထုတ်ပြီး (၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၉ရက်) ၁၉-၅-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ဈာပနကွင်းမှ မြင်းမထိ ဘုန်းကြီးဂူသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

---

## ဦးစန်းမောင်

ဒုအထွေထွေမန်နေဂျာ(ငြိမ်း)

မြန်မာ့သစ်လုပ်ငန်း

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ သီရိမင်္ဂလာရိပ်သာလမ်း၊ အမှတ် ၂၁/၅နေ(ဦးငွေရိန်-ဒေါ်သန်းမြ)တို့၏သား၊ (ဦးကျင်ဦး-ဒေါ်အေးကြည်)တို့၏သားသမက်၊ ဦးစောဟန်-(ဒေါ်ဝင်းဝင်းမော်)၊ ဒေါ်မေပုရှိန်၊ ဒေါ်ခင်မူမူ-(ဦးမောင်မြင့်)၊ (ဦးအောင်မင်း)-ဒေါ်မြသွေး၊ ဒေါ်ခင်ထွေးမူတို့၏အစ်ကို၊ ဦးခင်ဇော်မောင်-ဒေါ်ခင်မာအေး၊ ဦးသက်နိုင်မောင်၊ ဦးကိုကိုမောင်၊ ဦးညီညီမောင်-Ms KANBASHI KYOKO၊ ဦးလင်းမင်းမောင်၊ ဦးဝင်းမင်းမောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၉-၅-၂၀၁၇ရက် နံနက် ၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

## ဆရာကြီး ဦးစန်းမောင်

အလပြ၊ အထက(၁)လပွတ္တာ (အငြိမ်းစား)

**အသက်(၈၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ (၅)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် (၁၃/၅)နေ (ဦးစံတင်-ဒေါ်ခင်ကြည်)တို့၏သား၊ ဒေါ်လှငွေး၏ခင်ပွန်း၊ ဦးဇော်မင်း(ဝင်းလှိုင်ဆေးဆိုင်)၊ ဦးအောင်နိုင်-ဒေါ်ဝင်းမြတ်ခိုင်(ဆားလုပ်ငန်းရှင်)တို့၏ဖခင်၊ မောင်ဉာဏ်ထက်လင်း(အထက-၁၊ ဒဂုံ)၊ မောင်ဟိန်းထက်အောင် (အထက-၁၊ ဒဂုံ)တို့၏အဘိုးသည် ၉-၅-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် လပွတ္တာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါ ဇီဇဝါလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းစိန် (အရာခံဗိုလ်၊ ငြိမ်း)

(တပ်မတော်ပညာရေးတပ်ဖွဲ့)

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက် ၁၃၊ အခန်း ၂နေ ဒေါ်မြမြသိန်း၏ခင်ပွန်း၊ Mr.Tae Seong Park-ဒေါ်ကေသီဦး၊ ဦးနိုင်ဦး-ဒေါ်စောယုမေ၊ ဦးမျိုးမင်းဦး-ဒေါ်ချယ်ရီညွှန့်၊ ဦးကျော်စွာဦး-ဒေါ်နန်းစံဖူး၊ ဦးဇေယျာထွန်းထွန်းနိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၈-၅-၂၀၁၇ရက် မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၇ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးထွန်းမြင့်

**အသက်(၇၈)နှစ်**

ဦးစိုးသီဟ(ဦးစီးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်လွင်မာဝင်း(ရန်ကုန်စာတိုက်ကြီး)တို့၏ဖခင် ဦးထွန်းမြင့် အသက်(၇၈)နှစ် [ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်-ဖောင်ကြီး)] ၈-၅-၂၀၁၇ရက် ညနေ ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

## ဦးအောင်ဆန်း အသက်(၇၃)နှစ်

မြန်မာ့ကြယ်ငါးပွင့်ကော်ပိုရေးရှင်း

**M.O.T First Class Engineer**

**Chief Engineer (FG) (အငြိမ်းစား)**

အချိန်ပိုင်းနည်းပြဆရာ(ရေကြောင်းသိပ္ပံ/ရေကြောင်းတက္ကသိုလ်)

အင်ဂျင်နီယာဌာန

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် ၂၀နေ (ဦးဘထွန်း-ဒေါ်အေးမ)တို့၏သား၊ ဒေါ်အမာထွန်း၊ ဒေါ်အတာ၊ ဒေါ်တူးတူးတို့၏အစ်ကို၊ ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်အောင်၊ မသင်းမွေးလှိုင်၊ မောင်စိုးမင်းထွေး၊ မောင်ထက်နေလင်းတို့၏ဖခင်၊ မခင်ကြည်ဖြူ၊ မောင်အောင်ခန့်ဇော်(အမက-၃၊ ဗဟန်း)တို့၏အဘိုးသည် ၉-၅-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးကလေး

အထက(၂)ရန်ကင်း ကျောင်းအုပ်ကြီး(ငြိမ်း)

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် ၇၂နေ [ဦးတင်အေး(စက်မှု-၁၊ ငြိမ်း)]၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးကလေးသည် ၆-၅-၂၀၁၇ရက်တွင် ဘန်ကောက်မြို့ Param (9) ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၃-၆၄ တက္ကသိုလ်ဝင်တန်း**
**သူငယ်ချင်း ကျောင်းသူ/ကျောင်းသားများ**
**အမျိုးသားတန်းမြင့်ကျောင်း၊ ပဲခူးမြို့**

# ယာဉ်မတော်တဆဖြစ်ပွားမှုနှင့် ဒဏ်ရာရ သေဆုံးမှုများ လျော့နည်းကျဆင်းသွားစေရန်ဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် မေ ၉**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council – NRSC) ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဦးသန့်စင်မောင်၊ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့တော်ဝန်များ၊ ပြည်သူ့

စာမျက်နှာ ၅ ကော်လံ ၁ ❋

## မန်ယူနောက်ခံလူဟောင်း ရွှန်နီဂျွန်ဆင် ဦးဆောင်သည့် နည်းပြအဖွဲ့ မြန်မာလူငယ်ကစားသမားများအား လေ့ကျင့်ပေးမည်

သတင်း-ရဲရင့်ရှိန်း

အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်ယူအသင်း နောက်ခံလူဟောင်း ရွှန်နီဂျွန်ဆင် ဦးဆောင်သည့် နည်းပြအဖွဲ့သည် မြန်မာနိုင်ငံသို့ မေ ၁၁ ရက်မှ ၁၅ ရက်အထိ လာရောက်မည်ဖြစ်၍ မြန်မာလူငယ်ကစားသမားများအား လေ့ကျင့်ပေးမည်ဖြစ်သည်။ ယင်းနည်းပြအဖွဲ့သည် ရန်ကုန်နှင့် ပုသိမ်မြို့တို့တွင် လေ့ကျင့်မှုများ ပြုလုပ်ပေးမည်ဖြစ်သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ✪

## ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဘဲရကျေးရွာတွင် ဖျား၍ ခန္ဓာကိုယ်တွင် အနီစက်ထွက်သည့် လူနာများနှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်

စာမျက်နှာ - ၁၁

## ၂၂ ဦးပါ တောင်တက်အဖွဲ့ လွန်ခရုမာဒင်ရေခဲတောင်သို့ သက်စွန့်ကြိုးပမ်းတက်ရောက်ခဲ့

**ရန်ကုန် မေ ၉**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမျိုးသန့် (ပြင်ပ ပညာရှင်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန) ပညာရေးဝန်ကြီးဌာနဦးဆောင်၍ အဖွဲ့ဝင် ၂၂ ဦး ပါဝင်သော နွေရာသီလက်ရွေးစင် တောင်တက်အဖွဲ့သည် ပူတာအိုခရိုင် အနောက်တောက်ဘက်၊ အိန္ဒိယ-မြန်မာနယ်နိမိတ်မျဉ်းအနီး၊ မြောက်လတ္တီတွဒ် (၂၇ ဒီဂရီ ၃၀ မိနစ် ၅၀ စက္ကန့်)နှင့် (အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄ မိနစ် ၂၃ စက္ကန့်) အတွင်းရှိ လွန်ခရုမာဒင်ရေခဲတောင် ၁၀၃၂၂ ပေမြင့် တောင်ထိပ်ပေါ်သို့ ဧပြီ ၂၀ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်က အောင်မြင်စွာရောက်ရှိ၍ နိုင်ငံတော်အလံနှင့် တောင်တက်အဖွဲ့အလံ

စာမျက်နှာ ၁၂ ကော်လံ ၃ ❋



သဘာဝခေါ်သံဖောင်ဒေးရှင်း တောင်တက်အဖွဲ့ လွန်ခရုမာဒင်ရေခဲတောင်သို့ သွားရောက်သည့်ခရီးတွင် တွေ့ရစဉ်

